# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းက သာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)


၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၉ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၉၁)


# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ကျင်းပသည့် ဖျော်ဖြေတင်ဆက်မှုအခမ်းအနား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နှင့်ဇနီး တက်ရောက်ကြည့်ရှုအားပေး




အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ ခေတ်ပေါ်တေးဂီတဝိုင်းအဖွဲ့နှင့် ဝန်ထမ်းတေးသံရှင်များ၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၈**

ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ နေထိုင်စားသောက်ပုံများ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝအလှရှုခင်းများကို တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ကြည့်ရှုလေ့လာနိုင်ရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ခဲ့သည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ ခေတ်ပေါ်တေးဂီတဝိုင်းအဖွဲ့နှင့် ဝန်ထမ်းတေးသံရှင်များ၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှု အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်းတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ၎င်းတို့၏ဇနီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊


စာမျက်နှာ ၃ ကော်လံ ၁ ✻


## ပန်းဝင်လာသည့် ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် ပြည်သူလူထုတို့က သောင်းသောင်းဖြဖြကြိုဆို

**ရန်ကုန် မေ ၈**

ငြိမ်းချမ်းရေးလှုပ်ရှားမှုအဖြစ် ကော့သောင်းမြို့မှ ရန်ကုန်မြို့အထိ မိုင်ပေါင်း ၉၂၀ ဖြတ်သန်းခဲ့သည့် ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားခရီးစဉ် ပန်းဝင်ခြင်း ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

ပန်းဝင်လာသည့် ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့က သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။


စာမျက်နှာ ၇ ကော်လံ ၁ ◆


**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအဖြစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။




မြန်မာ့အလင်း

# လူမှုပြဿနာများနှင့် ပြည်သူ့အစိုးရ

ကမ္ဘာမှာ စက်မှုတော်လှန်ရေးဆိုပြီး လွန်စွာကြီးကျယ်သည့် အပြောင်းအလဲကြီးတစ်ခု သမိုင်းမှာရှိပါသည်။ အကြမ်းဖျင်းအားဖြင့် ခရစ်နှစ် ၁၇၆၀ မှ ၁၈၂၀ ခန့်အတွင်းဟု မှတ်တမ်းတင်ကြပါသည်။ နှစ်ပေါင်း နှစ်ရာကျော်ခဲ့ပြီ။ ယင်းစက်မှုတော်လှန်ရေးနှင့်အတူ မြို့ပြများ ဖွံ့ဖြိုးတိုးတက်လာသည့် ဖြစ်စဉ်ကြီးက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပေါ်ခဲ့သည်။

ခရစ်နှစ် ၂၀၀၀ ပြည့်မတိုင်မီနှင့် ဝန်းကျင်တွင် နည်းပညာနှင့် ကွန်ရက်တော်လှန်ရေးကြီးတစ်ခု သမိုင်းတွင် မော်ကွန်းထိုးလောက်အောင် ပေါ်ထွန်းခဲ့ပြန်ပါသည်။ ထိုနည်းပညာတော်လှန်ရေးကြီးက ကမ္ဘာကြီးကို ရွာကြီးတစ်ခုအဖြစ် အသွင်ပြောင်းခဲ့သည်ဟု ဆိုစမှတ်ပြုကြပါ၏။ ယနေ့ဆိုလျှင် နည်းပညာတော်လှန်ရေး၏ အပြောင်းအလဲက အမှန်ပင် တောရွာမြို့နယ်၊ နိုင်ငံကြီးငယ်မဟူ ဆက်စပ်ကာ မြေကြောရှုံ့ပေးနိုင်နေသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဝေးလံသီခေါင်လှသော မြန်မာကျေးတောရွာတစ်ရွာက နွားကျောင်းသားငယ်တစ်ဦးက ပရီမီယာလိဂ်ဘောလုံးပွဲမှာ ဂိုးသွင်းသွားသော လုလုပပ ကစားကွက်ကို တိုက်ရိုက်ကြည့်ရှုနိုင်နေပြီ ဖြစ်ပါသည်။

သည်လို တောမြို့ မခွဲခြား၊ နိုင်ငံကြီးငယ်မကွဲပြားဘဲ နည်းပညာအကူအညီဖြင့် ကွန်ရက်များ ဖြန့်ကြက်နိုင်လာသည့်အခါ ကမ္ဘာကြီးက အကျယ်ကြီးမဟုတ်တော့သလို ဖြစ်လာသည်။

သည်လိုဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်လာသည့်အခါ ယဉ်ကျေးဖွယ်ရာမှု၊ တိုးတက်မှုတို့သည်သာမက ရိုင်းပျကြမ်းတမ်းမှု၊ ရက်စက်ယုတ်မာမှုတို့သည်လည်း ကူးလူးဆက်နွှယ်လာသည်ကို တွေ့ရပါမည်။

အထူးသဖြင့် ဆင်းရဲချမ်းသာကွာဟမှု အလွန်မြင့်မားသည့် မဖွံ့ဖြိုးသေးသည့်(သို့မဟုတ်)ဖွံ့ဖြိုးရန် အလူးအလဲအားထုတ်နေရသည့် နိုင်ငံများတွင် လူမှုရေးပြဿနာများက ကြောက်ခမန်းလိလိ တိုးပွားလာပါတော့သည်။

၎င်းလူမှုပြဿနာများကို စနစ်တကျ ကိုင်တွယ်ထိန်းချုပ်နိုင်မှုသည် နိုင်ငံ၏အနာဂတ်တစ်ခုလုံးနှင့် ဆက်နွှယ်ပတ်သက်နေပါ၏။

မြန်မာနိုင်ငံတွင်လည်း ထိုထို၎င်း၎င်းသော တိုးမြင့်လာနေသည့် လူမှုပြဿနာမျိုးစုံကို ကြုံတွေ့နေရပါသည်။ လူမှုပြဿနာများဆိုသည်က လူမှုအသိုင်းအဝိုင်းတွင် အမြဲတစေရှိနေမည်ဖြစ်သော်လည်း၊ စီးပွားရေးကျပ်တည်းမှု၊ ဆင်းရဲချမ်းသာကွာဟမှု၊ နည်းပညာတိုးတက်ခြင်း၏ ဘေးထွက်ဆိုးကျိုးများဖြစ်သော ရိုင်းပျကြမ်းတမ်းမှု၊ ကူးလူးဆက်သွယ်ခြင်း စသည်တို့ကြောင့် မီးလောင်ရာလေပင့်ဖြစ်ရပါသည်။

မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှုအပါအဝင် အဓမ္မစော်ကားမှုများ၊ ခိုးဆိုးလုယက်သတ်ဖြတ်မှုစသည်ဖြင့် အမှုအခင်းများက လူမှုအသိုင်းအဝိုင်းအား ခြိမ်းခြောက်နေသည်ကို တွေ့ရပါသည်။

ယနေ့ မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အနီးလူမှုပြဿနာများသာမက သဘာဝဘေးအန္တရာယ်ကြောင့် တိုးပွားလာသောပြဿနာများကိုပါ ကိုင်တွယ်ဖြေရှင်းနေရသည်ကို သိရှိနေရပါသည်။

ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူ့အခွင့်အရေး၊ ကျား/မခွဲခြားမှု၊ အသားအရောင်ခွဲခြားမှုစသည်တို့တွင် လူငယ်များက ကိုယ်တိုင်ပါဝင်ဆုံးဖြတ်နိုင်မည့် လူငယ့်ပြဿနာများကို လူငယ်များကိုယ်တိုင် ပါဝင်ဆုံးဖြတ်နိုင်ရေးမူဝါဒများ ပြင်ဆင်ရေးဆွဲနေသည်ကို သိရပါသည်။

လူမှုပြဿနာများဆိုသည်မှာ မွေးကင်းစမှ မကွယ်လွန်မီနောက်ဆုံးအချိန်ထိ ဆက်နွှယ်နေပါသည်။ သည့်ထက်ပို၍ဆိုရလျှင် မမွေးခင် ကိုယ်ဝန်ဆောင်ဘဝမှာကတည်းက စသည်ဟု ဆိုရပါမည်။ လူ့ဘဝအစမှ အဆုံးကာလတစ်ခုလုံးရှိ ပြဿနာများကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းရသည်မှာ လွယ်ကူလှသည်မဟုတ်ပါ။

ကလေးပြဿနာ၊ လူငယ်ပြဿနာ၊ သက်ကြီးရွယ်အိုပြဿနာ စသည်တို့ သာမက ယနေ့ဆိုလျှင် အမျိုးသမီးများစွာ ကြုံတွေ့နေရသည့် လူကုန်ကူးနှင့် လိင်လုပ်သားကိစ္စများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပြဿနာများကို ကာကွယ်တားဆီးရန်နှင့် ဦးစားပေးဖြေရှင်းရန်အတွက် လူမှုအဖွဲ့အစည်းက တောင်းဆိုနေပြီဖြစ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အထက်ဖော်ပြခဲ့သော ပြဿနာအရပ်ရပ်ကို ဖြေရှင်းနိုင်ရန် ဥပဒေသစ်များ ရေးဆွဲပြင်ဆင်နေသည်ကိုတွေ့ရသည်မှာ တိုင်းပြည်အတွက် အားတက်စရာ ဖြစ်ပါသည်။

မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့် တိုးတက်ရေး၊ သဘာဝဘေးအန္တရာယ်နှင့် လူမှုပဋိပက္ခဘေးတို့ကြောင့် ဒုက္ခကြုံနေရသော ပြည်သူတို့အတွက် လက်ငင်းထောက်ပံ့ကူညီရေးသာမက ရေရှည်ဘဝမြှင့်တင်ရေးတို့အတွက်ပါ ဆောင်ရွက်ပေးနေသည်ကိုလည်း သိရှိရပါသည်။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးရန် ရုန်းကန်အားထုတ်နေရသည့် နိုင်ငံဖြစ်သည့်အလျောက် ပြန်လည်ထူထောင်စရာများ၊ မြှင့်တင်ပေးရမည်များ၊ ကူညီထောက်ပံ့ရမည်များ၊ ကာကွယ်ပေးရမည်များတို့က နေရာအနှံ့မှာ ရှိနေမည်ပဲ ဖြစ်ပါ၏။

၎င်းတာဝန်ကို ကြိုးပမ်းစွမ်းဆောင်နေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို အားပေး ထောက်ခံရင်း ဆက်လက်အောင်မြင်ပါစေကြောင်း။ ။

# ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းဖောက်လုပ်ရာတွင်ပါဝင်သော လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်

**ပခုက္ကူ ဧပြီ ၈**

ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် လျော်ကြေးငွေ ပေးအပ်ပွဲကို ဧပြီ ၈ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ကိုက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာ့မီးရထားဌာန တိုင်းအမှတ် ၁၀ ပခုက္ကူနယ်မြေ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးကျော်လင်းက မြေယာလျော်ကြေးငွေ ပေးအပ်ရခြင်း နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများနှင့် မြန်မာ့မီးရထားဌာန တိုင်းအမှတ် ၁၀ ပခုက္ကူနယ်မြေ အင်ဂျင်နီယာမှူး(မြို့ပြ) ဦးကျော်လင်းတို့က မြေပိုင်ရှင်များထံ မြေယာလျော်ကြေးငွေများ ပေးအပ်ကြသည်။

မြန်မာ့မီးရထားဌာန တိုင်းအမှတ် ၁၀ ပခုက္ကူနယ်မြေ ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်စဉ် ပခုက္ကူ-ကျွန်းချောင်းရထားလမ်းပိုင်းတွင် မြေယာပါဝင်ခဲ့သော ပခုက္ကူမြို့နယ်အတွင်းရှိ မြင်းချိုင့်ကျေးရွာ၊ ကံလှကျေးရွာ၊ မြို့ခင်းသာကျေးရွာ(ကွန်ပျူတာတက္ကသိုလ်)၊ ဘုတာယာဒ်ဝင်း၊ လယ်ယာကျေးရွာ၊ ချောက်ကန်ကျေးရွာ၊ အနောက်ချောက်ကန်ကျေးရွာ၊ မြစ်ခြေကျေးရွာ(မြစ်ခြေဘူတာယာဒ်ဝင်း)တို့မှ မြေဧက ၇၆ ဒသမ ၅၈ ဧကအတွက် စုစုပေါင်း မြေယာလျော်ကြေးတန်ဖိုးငွေကျပ် ၁၁၄၈၇၀၀၀၀ ကို ပခုက္ကူမြို့နယ် မြေယာလျော်ကြေးပေးချေရေးအဖွဲ့မှ လျော်ကြေးငွေပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# ကျည်ကုန်းကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ရွာတွင်းသဲကျောက်ခင်းခြင်းလုပ်ငန်းအောင်မြင်ပြီးစီး

**ဝန်းသို ဧပြီ ၈**

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၄ သိန်း ရှစ်သောင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ တာဝန်ယူဆောင်ရွက်ခဲ့သော (ရေရရှိရေးလုပ်ငန်း) စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ရွာတွင်းသဲကျောက်ခင်းခြင်းလုပ်ငန်း အောင်မြင်ပြီးစီး၍ ဖွင့်ပွဲအခမ်းအနားကို မတ်လနောက်ဆုံးပတ်က စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် ကျည်ကုန်းကျေးရွာတွင် ကျင်းပခဲ့သည်။

"ကျွန်တော်တို့ကျေးရွာဟာ ဟိုတုန်းကဆို ရေရှားပါးတဲ့အခက်အခဲနဲ့ ကြုံတွေ့နေရပြီး ရွာတွင်းလမ်းမှာလည်း မိုးရွာပြီဆို ဆိုင်ကယ်၊ စက်ဘီးတွေဟာ ရွံ့နွံများကပ်ပြီး စီးလို့မရပါဘူး။ အခုဆိုရင် မြို့နယ်ကျေးလက်ဦးစီးဌာန(VDP) ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ပေးခဲ့တဲ့အတွက် လမ်းတွေလည်းကောင်းပြီး သောက်သုံးရေလည်း အိမ်ရှေ့အရောက်ရရှိလို့ အားလုံးအဆင်ပြေနေပါပြီ"ဟု ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အဆိုပါ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ရွာတွင်းသဲကျောက်ခင်းခြင်းလုပ်ငန်း မုခ်ဦးကို မဲဆန္ဒနယ် အမှတ်(၁၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ရွာတွင်းရေပိုက်လိုင်းများ သွယ်တန်းထားရှိခြင်း၊ ရေစုကန်တည်ဆောက်ထားခြင်းနှင့် ရွာတွင်းသဲကျောက်ခင်းခြင်း လုပ်ငန်းများကို တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ဧပြီ ၈ ရက်က အာရှပစိဖိတ်ဒေသဆိုင်ရာ ငြိမ်းချမ်းရေးသံတမန်ညှိနှိုင်းရေးမှူးများ တွေ့ဆုံစည်းဝေးပွဲ တက်ရောက်ရန် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ငြိမ်းချမ်းရေး သံတမန်ညှိနှိုင်းရေးမှူး ဦးစကျော်ညီညီဇင်နှင့် ရန်ကုန်တက္ကသိုလ် ကင်းထောက် ခေါင်းဆောင် မင်းထက်မောင်တို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၈-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၀/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၀ ・ ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၀ ・ ၁ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၄၂ ・ ၇ |
| ထိုင်း | တစ်ဘတ် | ၄၂ ・ ၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၄ |
| တရုတ် | တစ်ယွမ် | ၂၁၀ ・ ၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၃ ・ ၆ |


မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

**ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်တွင်း၊ ပြည်ပစိန်ခေါ်မှု အမျိုးမျိုးနဲ့ ရင်ဆိုင်နေရ

**ကျွန်မတို့တွေဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်စေဖို့ စတင်ရုန်းကန်နေရတဲ့ အချိန်မှာ ပြည်တွင်း၊ ပြည်ပ စိန်ခေါ်မှုအမျိုးမျိုးနဲ့ ရင်ဆိုင်နေရပါတယ်။ ကမ္ဘာ့အသိုင်းအဝိုင်းအတွင်းမှာ တာဝန်သိစွာဖြင့် ရပ်တည်နိုင်ရန် အရေးကြီးကြောင်းကို နားလည်အသိအမှတ်ပြုတာနဲ့အလျောက် ကျွန်မတို့တွေဟာ ကိုယ့်နိုင်ငံရဲ့ အခြေအနေ၊ လိုအပ်ချက်များနဲ့ ကိုက်ညီစွာ လျှောက်လှမ်းရင်းနဲ့ပဲ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့အမြင်၊ သဘောထားတွေကိုလည်း အလေးပေး ဆောင်ရွက်ရပါတယ်။**

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလှမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့ အနုပညာရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ သတင်းစဉ်

*✻ ရှေ့ဖုံးမှ*

ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ လာရောက်လည်ပတ်ကြသည့် ဝန်ထမ်းမိသားစုများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ဖျော်ဖြေတင်ဆက်**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလှမ်းတို့သည် နံနက် ၁၀ နာရီခွဲတွင် အခမ်းအနားကျင်းပသည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ ရောက်ရှိလာရာ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတဝိုင်းအဖွဲ့နှင့် တွဲဖက်၍ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များဖြစ်ကြသည့် မေသူကျော်၊ ကြူကြူခိုင်၊ စပေါင်၊ စလား၊ ဇင်သူဇာထွန်း၊ A ဒေး၊ မေသဇင်၊ ဖုန်းဝေသွင်၊ R ဝါလင်း၊ လင်းသစ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းတေးသံရှင်များဖြစ်ကြသည့် ရွှေရည်ဝင်းလက်၊ ရဲရင့်ဝေလွင်၊ ခင်သက်စု၊ ဆုလဲ့ဝေရီ၊ မွန်မွန်၊ တင်နွယ်လင်း၊ ထရီဇာလေး၊ မြတ်သူခင်၊ နေစိုး၊ မျိုးဆွေသန့်နှင့် မင်းဇော်တို့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နံနက်ပိုင်း ဖျော်ဖြေတင်ဆက်မှုအပြီးတွင် ဒုတိယသမ္မတနှင့် ဇနီးနှင့် ပြည်ထောင်စုဝန်ကြီးများသည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတဝိုင်း အဖွဲ့တော်သားများ၊ ဝန်ထမ်းတေးသံရှင်များ၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များနှင့် ဖျော်ဖြေတင်ဆက်မှုကို လာရောက်ကြည့်ရှု အားပေးကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ကျင်းပ**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ ခေတ်ပေါ်တေးဂီတဝိုင်းအဖွဲ့နှင့် ဝန်ထမ်းတေးသံရှင်များ၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ ကျင်းပခဲ့သည်။

**ပိုမိုလာရောက်လည်ပတ်**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပကတိပုံစံကို အချိုးကျယူ၍ ပကတိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချိုးအတိုင်း ဆောင်ရွက်ထားရှိပုံနှင့် ပြည်ထောင်စုတစ်ဝန်းရှိ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ နေထိုင်စားသောက်ပုံများ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝအလှရှုခင်းများကို ပြည်သူများ စိတ်ဝင်စားမှုမြင့်တက်ပြီး ပိုမိုလာရောက်လည်ပတ်ကြစေရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတို့က တစ်လလျှင်တစ်ကြိမ် ဖျော်ဖြေရေးအဖွဲ့များ စေလွှတ်၍ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များကို ၂၀၁၈ ဇန်နဝါရီမှစ၍ အလှည့်ကျ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**






**အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သို့ လာရောက်ကြသည့် ပရိသတ်များအား အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပေးစဉ်။** သတင်းစဉ်

## လသာမြို့နယ်တွင် နောက်ဖေးလမ်းကြားဥယျာဉ်ဖွင့်

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ၃၁ လမ်းနှင့် ဗိုလ်ချုပ်လမ်းကြား (အလယ်ဘလောက်)တွင် နောက်ဖေးလမ်းကြား ဥယျာဉ်ဖွင့်ပွဲ အခမ်းအနားကို မေ ၇ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် မြို့တော်စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဒေါ်ချိုချိုထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဒို့အိမ်အသင်းမှ မစ္စအမ်မလီက ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် အောင်မြင်မှုကို ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ် ဦးနေဖူးဗဆွေနှင့် တိုင်းဒေသကြီး အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

တိုင်းလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြို့တော်ဝန် ဦးမောင်မောင်စိုး၊ အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးနှင့် မြို့နယ်တာဝန်ရှိသူများသည် ဖွင့်ပွဲ နောက်ဖေးလမ်း လမ်းတစ်လျှောက် ကြည့်ရှုခဲ့ကြသည်။

**ကိုကြီးစိုး(ဆိပ်ကမ်း)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၈**

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့၊ မကွေးမြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ တောင်ငူမြို့၊ သာယာဝတီမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မိုး/ဇလ**

*✱ ကျောဖုံးမှ*

ချင်းတွင်းမြစ်ကို ဖြတ်သန်းရန်အတွက် ဇက်ရေယာဉ်နှင့် ဖြတ်ကူးရပြီး အချိန်နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့ပါကြောင်း၊ ရာသီဥတုဆိုးရွားချိန်များနှင့် ချင်းတွင်းမြစ်အတွင်း ရေကြီးချိန်များတွင်လည်း ဆင်သေဘက်ကမ်းကို မြစ်ကူးသွားရန် မရသည့်အတွက် လဟယ်မြို့နှင့် နန်းယွန်းမြို့များကို သွားလာ၍မရဘဲ ဒေသခံပြည်သူများအနေဖြင့် သွားလာရေး အခက်အခဲနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအခက်အခဲများကို တွေ့ကြုံခံစားခဲ့ရကြောင်း၊ ယခု တံတားကြီး ဖွင့်လှစ်နိုင်သည့်အတွက် ယခုအချိန်တွင် ရာသီမရွေး၊ အချိန်အခါမရွေး သွားလာနိုင်တော့မည်ဖြစ်ကြောင်း။

အဆိုပါ တံတားသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းကို ဆက်သွယ်ပေးသည့် အရေးကြီးသည့် တံတားကြီးတစ်စင်းလည်း ဖြစ်ကြောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်အပိုင်းမှာ နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုများအနေဖြင့် ဒီတံတားကြီးကို ဖြတ်သန်းပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းရှိ တန့်ဆည်၊ ရေဦး၊ ရွှေဘို၊ မုံရွာ ၊ စစ်ကိုင်းစသည့် မြို့ကြီးများမှတစ်ဆင့် မြန်မာပြည်အရပ်ရပ်ကို အချိန်ရာသီမရွေး ကူးလူးဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်ကြောင်း ပြောကြားသည်။



ချင်းတွင်းတံတား(ခန္တီး)ဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့်အတူ တံတားပေါ်၌ ဖြတ်သန်းကြည့်ရှုကြစဉ်။

**မင်္ဂလာရှိသောနေ့**

ထို့နောက် ဒုတိယဝန်ကြီးက ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရအဖွဲ့၏ နှစ်နှစ်ပြည့်အခါသမယမှာ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်အတွက် အရေးပါသည့် ချင်းတွင်းတံတား (ခန္တီး) ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် မင်္ဂလာရှိသော နေ့တစ်နေ့ ဖြစ်ပါကြောင်း။

**ရေရှည်အသုံးပြုနိုင်ရေး**

ယခု ဖွင့်လှစ်လိုက်သည့် ချင်းတွင်းတံတား(ခန္တီး)သည် အရှည် ၂၆၅၆ ပေရှိပြီး နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ပါကြောင်း၊ တံတားအမျိုးအစားမှာ လွန်တူးဘိုးပိုင်အုတ်မြစ်နှင့် သံကူကွန်ကရစ် ကိုယ်ထည်ဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်အမျိုးအစားဖြစ်ပါကြောင်း၊ ဒီသံမဏိသံပေါင်များကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ JFE Engineering Co.,Ltd တို့ဖက်စပ်ထူထောင်ထားသည့် J & M Steel Solution ၏ စက်ရုံမှ မြန်မာနိုင်ငံ ပြည်တွင်း၌ ထုတ်လုပ်တပ်ဆင်ထားခြင်း ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနအနေဖြင့် ယခုလိုတံတားကြီးများကို တစ်နိုင်ငံလုံး အသစ် တည်ဆောက်ပေးလျက်ရှိပြီး ယခင်တည်ဆောက်ပြီးခဲ့သော တံတားများကို ကြံ့ခိုင်ပြီး ရေရှည်အသုံးပြုနိုင်ရေးအတွက်လည်း အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ချင်းတွင်းတံတား (ခန္တီး) တည်ဆောက်ပြီးစီးသွား၍ ခန္တီးမှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ လျင်မြန်ချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ပါကြောင်း၊ ဒေသတွင်းသာမက အခြား တိုင်းဒေသကြီး၊ ပြည်နယ်များသို့ပါ အလွယ်တကူ ဆက်သွယ်သွားလာနိုင်ပြီဖြစ်၍ ဒေသထွက်ကုန်စည်များ မြန်ဆန်စွာ ရောင်းဝယ်ဖောက်ကားနိုင်ကြပြီး ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အခြေအနေများလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း။

**နာဂဒေသဖွံ့ဖြိုးလာတော့မည်**

ခန္တီးခရိုင်အတွင်း လမ်းကွန်ရက်များမှတစ်ဆင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံနှင့် ကချင်ပြည်နယ်မှတစ်ဆင့် တရုတ်နိုင်ငံတို့နှင့်လည်း ကုန်စည်ကူးသန်းမှုများ ဆောင်ရွက်နိုင်ပြီး နာဂဒေသသည် မကြာမီ ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပါကြောင်း ပြောကြားပြီး ဒေသခံပြည်သူတစ်ဦးမှ တံတားတည်ဆောက်ပေးမှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက် ချင်းတွင်းတံတား (ခန္တီး)ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သက်ခိုင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌ ဦးကေစိုင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန်းစိန်နှင့် တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၃) ညွှန်ကြားရေးမှူး ဦးထွန်းလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပတ်ဖျန်းပေးခဲ့ကာ ဧည့်သည်တော်များနှင့်အတူ တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အတွင်း ဂီတဖျော်ဖြေပွဲများ တင်ဆက်ပေးနေမှုအပေါ် ပြည်သူတို့၏ရင်တွင်းစကားသံများ

**အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အား ပြည်တွင်း ပြည်ပခရီးသွားများ ပိုမိုစိတ်ဝင်စားမှုရှိစေရေးအတွက် ဥယျာဉ်အတွင်း လစဉ်ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်လျက်ရှိရာ ယနေ့ ဧပြီ ၈ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်ဝန်ထမ်းများနှင့် ငြိမ်းချမ်းရေးဂီတပွဲတော် ဆုရတေးသံရှင်များက ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။**

**အဆိုပါ ဖျော်ဖြေပွဲများဖြင့် ပြည်သူများ စိတ်ပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမှုအပေါ် ဥယျာဉ်သို့ လာရောက်လည်ပတ်ကြသည့် ပြည်သူများ၏ ရင်တွင်းခံစားမှုများကို မျှဝေပေးလိုက်ပါသည်။**



ဦးစိုးနိုင်



ဦးဝင်းမြင့်



ကိုစိုးသူရ



ဒေါ်သန်းသန်းစိုး



မသဲငြိမ်းငြိမ်းနွေး

**ဦးစိုးနိုင်(အုပ်ချုပ်ရေးမန်နေဂျာ) အမျိုးသားအထိမ်းအမှတ်ဥယျာဉ်**

အမျိုးသား အထိမ်းအမှတ်ဥယျာဉ်ကို ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၈ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ ရက်မှာ ဖွင့်လှစ်ခဲ့တာပါ။ တစ်နိုင်ငံလုံးက ဘုရား၊ ပုထိုး၊ စေတီတွေကို တစ်နေရာတည်းမှာ ဖူးမြော်လို့ရသလို ဗဟုသုတတွေများစွာကိုလည်း အများပြည်သူတွေရရှိနိုင်အောင် ဒီဥယျာဉ်ကို တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။ ယခုလို တေးဂီတပွဲတွေ လုပ်ပေးခြင်းအားဖြင့် ပြည်သူတွေအနေနဲ့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကို ပိုမိုသိရှိပြီး လာရောက်လည်ပတ်မှု ပိုမိုများပြားလာစေဖို့ ရည်ရွယ်ချက်နဲ့ စီစဉ်ပြုလုပ်နေခြင်း ဖြစ်ပါတယ်။ သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းပြီးတော့ ဒီလိုတေးဂီတပွဲတွေကို ကူညီပြီး ဖျော်ဖြေပေးတာပါ။ ဒီလိုဖျော်ဖြေပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဇန်နဝါရီလက စတင်ပြီး ဖျော်ဖြေဖြစ်ခဲ့တာပါ။ နောက်ပိုင်းမှာ ကာကွယ်ရေးဝန်ကြီးဌာန မြဝတီဖျော်ဖြေရေးအဖွဲ့၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့တို့ အလှည့်ကျဖျော်ဖြေလို့ရအောင် စီစဉ်ထားပါတယ်။ ဒီနေ့ဆိုရင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့နဲ့အတူ ငြိမ်းချမ်းရေး ဂီတပွဲတော်မှာ ဆုရရှိခဲ့တဲ့ အဆိုရှင်တွေနဲ့ ဖျော်ဖြေတာပါ။

တိုင်းရင်းသားကျေးရွာ(ရန်ကုန်)နဲ့ တိုင်းရင်းသားကျေးရွာ (နေပြည်တော်)တို့ကို သိတဲ့သူတွေရှိပါတယ်။ ဒါပေမယ့် ဒီ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်က တိုင်းရင်းသားကျေးရွာထက် အဓိပ္ပာယ်လေးနက်တယ်လို့ ယူဆပါတယ်။ ရန်ကုန်တိုင်းရင်းသား ကျေးရွာက ၁၀၇ ဧက၊ နေပြည်တော်က ဧက ၄၀၀ ကျော်ရှိပါတယ်။ ရန်ကုန်တိုင်းရင်းသားကျေးရွာကတော့ တိုင်းရင်းသားရိုးရာဓလေ့နေထိုင်မှုတွေကို တည်ဆောက်ထားတာပါ။ ဒီမှာက တစ်နိုင်ငံလုံးက အထင်ကရ ဘုရား၊ ပုထိုး၊ စေတီတွေကို တစ်နေရာတည်းမှာ ကြည့်လို့ရအောင် စီစဉ်ထားလို့ ကျယ်ပြန့်တယ်၊ လေးနက်ပါတယ်။ ဒီနေ့ဖျော်ဖြေပွဲအခမ်းအနားကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ချီးမြှင့်ပါတယ်။ ရန်ကုန်တိုင်းရင်းသားကျေးရွာနဲ့ နေပြည်တော် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့ကို ဒုတိယသမ္မတကြီးက ဖွံ့ဖြိုးတိုးတက်စေချင်တာပါ။ ဖွံ့ဖြိုးတိုးတက်အောင် ဒီလိုပွဲတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညွှန်ကြားစီစဉ်ပေးပါတယ်။ သင်္ကြန်တွင်းမှာလည်း သင်္ကြန်မဏ္ဍပ်တွေကို သက်ဆိုင်ရာ ကုမ္ပဏီအလိုက် တည်ဆောက်မယ်လို့ အစီအစဉ်ဆွဲထားပါတယ်။ ဒီစတိတ်စင်မှာလည်း တပ်နယ်မိသားစုတွေက ယိမ်းအဖွဲ့တွေနဲ့ ဖျော်ဖြေပွဲလုပ်ဖို့ စီစဉ်ထားပါတယ်။ ဒီထဲမှာရှိတဲ့ ဖျော်ဖြေပွဲတွေ၊ ကစားကွင်းတွေကိုလည်း ဖွင့်ထားဖို့ ဆောင်ရွက်ထားပါတယ်။

**ဦးဝင်းမြင့်( ရန်ကုန်မြို့)**

တပ်ကုန်းမြို့ကိုလာရင်း ဒီအမျိုးသားအထိမ်းအမှတ်ဥယျာဉ်မှာ ငြိမ်းချမ်းရေးဂီတပွဲတော်က အဆိုရှင်တွေ အခမဲ့ဖျော်ဖြေမယ်ဆိုတာကို သိရလို့ လာရောက်ခဲ့တာပါ။ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်တို့ကို လည်ပြီးမှ ဒီကို လာရောက်ကြည့်ရှုတာပါ။ ရန်ကုန်မှာလည်း တိုင်းရင်းသားကျေးရွာရှိပါတယ်။ ဒီကို ရောက်တဲ့အခါမှာ ငြိမ်းချမ်းရေးဂီတပွဲတော်က အဆိုရှင်တွေကို အနီးကပ်မြင်ခွင့်ရလို့ ပျော်ရွှင်ရပါတယ်။

**ကိုစိုးသူရ(ဝန်ထမ်း)**

ဒီလိုမျိုး ဖျော်ဖြေတင်ဆက်မှုတွေက တော်တော်လေးကောင်းပါတယ်။ ဒီလိုမျိုးပွဲတွေ မကြာခဏ လုပ်ပေးမယ်ဆိုရင် အားလပ်ရက်မှာ ပြည်သူတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ အပန်းဖြေနိုင်ပါတယ်။ အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ကိုလည်း တိုင်းရင်းသားညီအစ်ကိုတွေ အရင်ကထက် ပိုသိသွားနိုင်ပါတယ်။ ဂီတပွဲ ပြုလုပ်ပေးတဲ့အတွက် လူငယ်တွေ စိတ်ဝင်တစား လာရောက်နားဆင်တဲ့အပြင် အဆိုဝါသနာရှင်တွေလည်း လာရောက်ဖျော်ဖြေနေတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အားလပ်ရက်မှာ ဥယျာဉ်ကို လာရောက်လေ့လာရတာ ကျေနပ်မိပါတယ်။

**ဒေါ်သန်းသန်းစိုး(ဝန်ထမ်း)**

အမျိုးသားအထိမ်းအမှတ် ဥယျာဉ်ကို ဒီနေ့ မထင်မှတ်ဘဲ ရောက်လာတာပါ။ အခုလိုမျိုး ပြည်သူတွေအတွက် အသစ်အဆန်းအနေနဲ့ ဂီတဖျော်ဖြေပွဲ ပြုလုပ်ပေးတာတွေ့ရတော့ ပျော်ရွှင်မိပါတယ်။ ဖျော်ဖြေပွဲမှာလည်း တက်တက်ကြွကြွ တင်ဆက်ပေးနေတာ တွေ့ရပါတယ်။ လာရောက်လေ့လာအပန်းဖြေတဲ့ ပြည်သူတွေလည်း တော်တော်လေးများလာတာ တွေ့ရပါတယ်။ အများပြည်သူပိတ်ရက်တွေမှာ ဒီလိုမျိုး ဖျော်ဖြေပွဲတွေ ပြုလုပ်ပေးခြင်းဟာ ကောင်းမွန်တဲ့ရည်ရွယ်ချက်ဖြစ်ပါတယ်။ ပွဲစီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မသဲငြိမ်းငြိမ်းနွေး(ကျောင်းသူ)**

ဥယျာဉ်မှာ ဂီတဖျော်ဖြေပွဲပြုလုပ်ပေးမယ်လို့ ကြိုတင်သိရှိထားတဲ့အတွက် မိသားစုနဲ့အတူ လာရောက်ကြည့်ရှုတာပါ။ ပိတ်ရက်မှာ အပန်းဖြေပြီး ဂီတနဲ့ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုခံစားရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အရင်တုန်းက ဥယျာဉ်လာလည်ရင် ဒါမျိုးမရှိဘူး။ ကားနဲ့ အပန်းဖြေလေ့လာတာမျိုးပဲ ရှိတယ်။ အခုတော့ အသစ်အဆန်းအနေနဲ့ တင်ဆက်ပေးထားတဲ့အတွက် အတိုင်းထက်အလွန်ပါပဲ။ သင်္ကြန်မှာလည်း ဒီလိုဖျော်ဖြေပွဲတွေ ရှိတယ်လို့ ကြားထားတဲ့အတွက် နောက်တစ်ခေါက်လာဦးမှာပါ။ ဒီလိုဖျော်ဖြေပွဲတွေ ပြုလုပ်ပေးတဲ့အတွက် ဥယျာဉ်ထဲမှာ အရင်ကထက်ကို စည်စည်ကားကား ဖြစ်လာတာ တွေ့ရပါတယ်။ ။

**မေး - အေးအေးသန့်**
**ဓာတ်ပုံ - မျိုးသူဟိန်း**



အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်ကြသည့် ပရိသတ်များအား အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ခြောက်ခုဖြင့် မန္တလေးမြို့သာစက်မှုဥယျာဉ်မြို့တော်ဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများဖိတ်ခေါ်ထား



နေပြည်တော် မေ ၈

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ခံများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားသည်။** (ယာပုံ)

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရ ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၃၁၃၅၇ သန်း (US$ ၈ ဒသမ ၃၈ သန်း အပါအဝင်) ဖြင့် ၂၀၁၉ ခုနှစ် မေလတွင် အပြီး တည်ဆောက်မည့် SNG Myanmar Limited မှ အထပ် ၁၆ ထပ်ပါ အဆင့်မြင့် ဈေးဝယ်စင်တာအား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတကာအဆင့်မီရုံးခန်း တည်ဆောက်၍ ငှားရမ်းခြင်းနှင့် ဆိုင်ခန်းများ ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများ တည်ဆောက်နေခြင်းအား လည်းကောင်း၊ မြစ်ငယ်မြို့ ဒုဋ္ဌဝတီမြစ်ကမ်းဘေးရှိ ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၃၃၄၁၇ ဒသမ ၉၀ သန်း (US$ ၃ ဒသမ ၉၉၆ သန်းအပါအဝင်) Resources Group Logistics Limited မှ BOT စနစ်ဖြင့် ကုန်းတွင်းဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်း (Smart Dry Port) တည်ဆောက်နေခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃၆၉ သန်းဖြင့် ဆောင်ရွက်နေသည့် KM Terminal and Logistics Limited မှ BOT စနစ်ဖြင့် ကုန်းတွင်းဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းတည်ဆောက်နေခြင်းများအား ကြည့်ရှုစစ်ဆေး၍ ကုန်စည်များ စနစ်တကျ ထိန်းသိမ်းသိုလှောင်နိုင်ရန်အတွက် လုံခြုံရေးစနစ်၊ လေဝင်လေထွက်စနစ်၊ ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်စွာလုပ်ကိုင်နိုင်ရေး၊ ဝန်ထမ်းအိမ်ရာနှင့် ရုံးခန်းများ စနစ်တကျ ထည့်သွင်း တည်ဆောက်နိုင်ရေး ကိစ္စရပ်များအား မှာကြားသည်။

ထို့နောက် Europe & ASIA Beverages Co.,Ltd မှ နို့၊ ပဲနို့ရည်အမျိုးမျိုး၊ ရေသန့်နှင့် အချိုရည်အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၃၂၃၈၈ ဒသမ ၉၅ သန်းဖြင့် ဆောင်ရွက်နေသည့် တောင်သမန်သစ္စာကုမ္ပဏီလီမိတက်မှ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် တောင်သမန်ကျေးလက်ခရီးသွားအပန်းဖြေစခန်း (Resort) ဝန်ဆောင်မှုလုပ်ငန်း တည်ဆောက်နေခြင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် မန္တလေးမြို့သာ စက်မှုဥယျာဉ်မြို့တော်ရှိ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၅၀ သန်းဖြင့် လုပ်ငန်းဆောင်ရွက်နေသော Japfa Comfeed Myanmar Pte.,Ltd နှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၉၉ သန်းဖြင့် လုပ်ငန်းဆောင်ရွက်နေသည့် De Huse Myanmar Co.,Ltd တို့မှ တိရစ္ဆာန်အစာ ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖြန့်ဖြူးခြင်းလုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြို့သာစက်မှုမြို့တော် စီမံကိန်းလုပ်ငန်းတွင် ၂၀၁၆ခုနှစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ ခြောက်ခုဖြင့် မြေဧက ၁၁၄၀၄ ပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်းတစ်ကွင်း၊ စက်ရုံများ၊ သိုလှောင်ရုံများ၊ ဘဏ်များ၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဈေးနှင့် လူနေအိမ်ရာအဆောက်အအုံများ ပါဝင်ဆောင်ရွက်နေကြောင်းနှင့် ထပ်မံ၍ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများကိုဖိတ်ခေါ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပဋိပက္ခများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်

**နေပြည်တော် မေ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ရှိ ဗဟိုသာသနာပြုကျောင်း ဆရာတော်ထံသို့ သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးတွင် ဒေသဥက္ကဋ္ဌ ဦးကျောက်ထယ်ချန် ဦးဆောင်သော ဦးစီးအဖွဲ့များနှင့် တွေ့ဆုံရာ အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်နေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးကြိုးပမ်းမှုကိုလည်း တစ်ပြိုင်တည်းဆောင်ရွက်ပြီဖြစ်ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ၏ ပြည်ထောင်စု၏ သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် လာရောက်ခြင်းလည်းဖြစ်ကြောင်း၊ ပဋိပက္ခများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တာဝန်ရှိသူများသည် ပြည်နယ်အစိုးရနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန်တိုက်တွန်းပါကြောင်း၊ ပြည်ထောင်စုအစိုးရကလည်း အကောင်းဆုံးပူးပေါင်းကူညီမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဖွဲ့ဥက္ကဋ္ဌ ဦးကျောက်ထယ်ချန်က အစိုးရသစ်တာဝန်ယူသည့်ကာလအတွင်း မိမိတို့ဒေသတွင် ဆောင်ရွက်ပေးခဲ့သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။ ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်ကလည်း ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာခဲ့ကြသော ပြည်သူများအတွက် ပြန်လည်နေရာချထားပေးမှုအခြေအနေများနှင့် ပတ်သက်၍လည်း ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ ပြည်သူလူထုများနှင့်တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အားလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို တွေ့ရှိရသဖြင့် ဝမ်းသာဂုဏ်ယူပါကြောင်း၊ အစိုးရနှင့် တာဝန်ရှိသူများသည် ပြည်သူ၏လိုအပ်ချက်များကို ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် သာတူညီမျှခံစားခွင့်ရရှိပြီး ညီညွတ်စွာ အတူပူးပေါင်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယခုအခါ ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များကို ပြည်သူ့အတွက် တရားမျှတမှုရှိရန် အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်နေပါကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းအခန်းကဏ္ဍက အရေးပါလာပြီး အစိုးရ၊ လွှတ်တော်နှင့် ပြည်သူများပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် လူမှုအဖွဲ့အစည်းများကို အားကိုးပါကြောင်းနှင့် ငြိမ်းချမ်းပြီး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက် အားလုံးက ယုံကြည်မှုဖြင့် ပူးပေါင်းပါဝင်ပေးကြပါရန် တိုက်တွန်းပြောကြားပြီး တိုက်ပွဲရှောင်မိသားစု ၆၅၇ စုအတွက် ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရန် ငွေကျပ် ၁၃၁၄ သိန်းနှင့် ငွေကျပ်သိန်း၁၄၄၀ တန်ဖိုးရှိ ဇင့်သွပ် ၁၂၀၀၀ ချပ်တို့ကို ထောက်ပံ့ပေးရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ဥက္ကဋ္ဌ ဦးကျောက်ထယ်ချန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် ဒေသတွင်းတိုက်ပွဲရှောင် မိသားစုများအတွက် အိမ်ရာများ တည်ဆောက်ပေးနေမှု အခြေအနေများ၊ လောက်ကိုင်မြို့တွင်း ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့သည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချင်းရွှေဟော်မြို့သို့ ရောက်ရှိကြပြီး ချင်းရွှေဟော်မြို့ရှောင်လမ်းဖောက်လုပ်ရန်လျာထားသည့် မြေနေရာ၊ မြန်မာ-တရုတ် ချင်းရွှေဟော် အထူးစီးပွားရေးဇုန်စီမံကိန်းမြေနေရာလျာထားမှုနှင့် ချင်းရွှေဟော်လူငယ်အသင်း ကိုယ်ထူကိုယ်ထမူကြိုကျောင်းကိုလည်း ကြည့်ရှုခဲ့သည်။ ထို့နောက် ကွမ်းလုံမြို့သို့ ရောက်ရှိကြပြီး ကွမ်းလုံမြို့အနီး သံလွင်မြစ်ကူးတံတားသစ် ဆောက်လုပ်ရန် လျာထားသည့်နေရာကို ကြည့်ရှုခဲ့သည်။

ခရီးစဉ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါခဲ့ကြကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်အသင်း ရုံးခန်းသစ်ဖွင့်ပွဲနှင့် စတုဒိသာလှူဒါန်းပွဲကျင်းပ

**ရန်ကုန် မေ ၈**

ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်အသင်း ရွှေဈေးကွက်ရုံးခန်းသစ်ခန်းမဖွင့်ပွဲကို မေ ၇ ရက် နံနက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိအမှတ် ၄၂ ပထမထပ်တွင် ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန်သည် ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အတွင်းရေးမှူး ဦးဝင်းမြင့်နှင့် အမှုဆောင်များကိုတွေ့ဆုံ၍ ရွှေနှင့်ဆက်စပ်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်အသင်း၏ ရွှေဈေးကွက်မှာ လွန်ခဲ့သည့် ၁၀ နှစ်ကျော်ခန့်က စတင်၍ မီးလင်းအခေါက် ရွှေအတုံးအခဲများကို အဓိကရောင်းဝယ်သည့် ရွှေဈေးကွက်ဖြစ်သည်။ နေ့စဉ် နံနက် ၁၀ နာရီတွင် ရွှေဈေးကွက်စတင်ဖွင့်လှစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ရွှေလုပ်ငန်းရှင်များက ရွှေဈေးကွက်သို့ ဆက်သွယ်ပြီး ဈေးနှုန်းစုံစမ်း၍ တစ်နိုင်ငံလုံး ရောင်းဝယ်ကြသည်။ တစ်နေ့တာ ဝယ်လိုအား ရောင်းလိုအား ပေါ်မူတည်ပြီး နှုန်းရှင်သတ်မှတ်၍ လွတ်လပ်စွာရောင်းဝယ်ကြသည်။ ယခင်အချိန်ကာလက ရွှေဈေးနှုန်းကန့်သတ်ခြင်း၊ သတ်မှတ်ခြင်းမျိုး မရှိတော့ကြောင်း အသင်းအတွင်းရေးမှူး ဦးဝင်းမြင့်က ပြောသည်။ ရွှေဘုံသာလမ်းရှိ ရွှေဈေးကွက်မှာ လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ခန့်က တည်ရှိခဲ့ကြောင်း သိရသည်။




ရွှေဈေးကွက်ရုံးခန်းသစ် ခန်းမဖွင့်ပွဲနှင့်အတူ သတ္တမအကြိမ် မြန်မာ့နှစ်သစ်အကြို စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို ပြုလုပ်ရာ ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်အသင်းဝင်များနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းသည့် ဆိတ်သားပိဿာ ၂၅၀၊ ကြက်သားပိဿာ ၁၅၀ တို့ကို ချစ်တီးထမင်းချက်၍ လူဦးရေ ၅၀၀၀ ကို ကျွေးမွေးလှူဒါန်းသည်။

**အောင်သူရ**

# လူမှုကူညီရေးနှင့် ကယ်ဆယ်ရေးအဖွဲ့အစည်းများ လိုက်နာရမည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိညာဉ်စာတမ်း

■ တက္ကသိုလ်ဇော်ထူးဦး

ယနေ့ကမ္ဘာတွင် လူသားချင်းစာနာထောက်ထားမှုဆိုပြီး ကူညီမှုများ ထောက်ပံ့မှုများပေးနေကြသည်။ နိုင်ငံတကာ အဖွဲ့အစည်းများသာမက၊ ပြည်တွင်းအသင်းအဖွဲ့များကပါ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို လုပ်ဆောင်နေကြသည်ကိုလည်း တွေ့နေရသည်။ အဆိုပါ အကူအညီပေးသူတို့သည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိညာဉ်စာတမ်း The Humanitarian Charter ကို လေးစားလိုက်နာကြရသည်။

အဆိုပါ ပဋိညာဉ်စာတမ်းတွင် သဘာဝဘေးအန္တရာယ် (သို့မဟုတ်) လူတို့ကြောင့်ဖြစ်ရသည့်ပဋိပက္ခများကို ခံစားနေရသူများအနေဖြင့်၊ ဘဝတွင် ဂုဏ်သိက္ခာရှိစွာ အသက်ရှင်နေထိုင်နိုင်ရေးအတွက်၊ အခြေခံလိုအပ်ချက်များရရှိရေး၊ အကာအကွယ်နှင့်လုံခြုံမှုရရှိရေးအပြင် အခြားသော အကူအညီများကိုလည်း ခံစားရယူနိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။ ယင်းသည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်ပြီး မည်သည့်အရပ်ဒေသမှ ဒုက္ခသည်များနှင့်ကူညီမည့် မည်သည့်အဖွဲ့အစည်းမဆို လိုက်နာကျင့်သုံးကြရသည်။

### နိုင်ငံတကာလူမှုကရုဏာဥပဒေ

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် လုပ်ငန်းများလုပ်ဆောင်ရာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံသဘောတရားပေါ်မူတည်ပြီး ကလေးသူငယ်အပါအဝင် ယောက်ျား၊ မိန်းမတို့၏ အခွင့်အရေးကို အသိအမှတ်ပြုဆောင်ရွက်ပေးရမည်ဖြစ်သည်။ ပဋိညာဉ်စာတမ်းပါ အကာအကွယ်၊ လုံခြုံမှုနှင့်အကူအညီရပိုင်ခွင့်တို့သည် နိုင်ငံတကာလူမှုကရုဏာဥပဒေ၊ လူ့အခွင့်အရေးနှင့် ဒုက္ခသည်များဆိုင်ရာ ဥပဒေပုဒ်မတို့ကို ထင်ဟပ်လျက်ရှိနေသည်။ ပဋိညာဉ်စာတမ်းတွင်

၁။ ဂုဏ်သိက္ခာရှိစွာဖြင့် အသက်ရှင်သန်နေထိုင်ရန် အခွင့်အရေး
၂။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိရန် အခွင့်အရေးနှင့်
၃။ အကာအကွယ်နှင့်လုံခြုံမှုရရှိရန် အခွင့်အရေးတို့ဖြစ်သည်။

ဂုဏ်သိက္ခာရှိစွာဖြင့် အသက်ရှင်သန်နေထိုင်ရန်အခွင့်အရေးမှာ နိုင်ငံတကာဥပဒေများကို ထင်ဟပ်နေသည်။ လူ့အခွင့်အရေးဆိုရာတွင် အသက်ရှင်သန်နိုင်မှု၊ လုံလောက်သော အဆင့်အတန်းရှိမှုများပါဝင်ပြီး ရက်စက်စွာညှဉ်းပန်းနှိပ်စက်မှု၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင်ဆက်ဆံခံရမှု၊ ပြစ်ဒဏ်ပေးမှုများမှ ကင်းလွတ်ခွင့်များ ပါဝင်သည်။

### ခွဲခြားမှုများမပြုလုပ်ရ

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများရရှိရန် အခွင့်အရေးမှာ၊ ဂုဏ်သိက္ခာရှိစွာဖြင့် ဘဝတွင် အသက်ရှင်နေထိုင်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည်။ လုံလောက်သောနေထိုင်မှု အဆင့်အတန်းရှိခြင်း၊ လုံလောက်သော အစားအစာ၊ ရေ၊ အဝတ်အထည်၊ အိုးအိမနှင့်ကျန်းမာရေးတို့အတွက် လိုအပ်ချက်နှင့်ပြည့်စုံခြင်းတို့ဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ဘက်လိုက်မှုမရှိဘဲ၊ လိုအပ်ချက်အတိုင်း လိုအပ်သလို အချိုးကျကျပေးရန်ဖြစ်သည်။ ထို့အပြင် အဆင့်အတန်း၊ အသက်အရွယ်၊ ကျား၊မ၊ လူမျိုး၊ ကိုးကွယ်မှု၊ အသားအရောင်၊ မသန်စွမ်းမှု၊ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ ခွဲခြားမှုများ မပြုလုပ်ရပါ။

အကာအကွယ်နှင့်လုံခြုံမှုရရှိရန် အခွင့်အရေးမှာ နိုင်ငံတကာဥပဒေများက ပြဋ္ဌာန်းပေးထားပြီး ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များ၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ခွင့် သတ်မှတ်ချက်များ ပါဝင်သည်။ အဆိုပါသတ်မှတ်ချက်များသည် သဘာဝဘေး (သို့မဟုတ်)လူသားတို့ကြောင့်ဖြစ်သည့် ပဋိပက္ခများကြောင့် ရွှေ့ပြောင်းနေထိုင်ရသူများ၊ ဒုက္ခသည်များကို အကာအကွယ်ပေးရန်ဖြစ်သည်။

နိုင်ငံတကာဥပဒေများအရ လက်နက်ကိုင်ပဋိပက္ခကာလများတွင် အထူးသဖြင့် ၁၉၄၉ ခုနှစ်၊ ဂျီနီဗာသဘော တူညီချက်စာချုပ်များ၊ နောက်ဆက်တွဲစာချုပ်များအရ အကာအကွယ်ပေးရမည်ဖြစ်သည်။ နိုင်ငံတကာ သို့မဟုတ် နိုင်ငံတကာမဟုတ်သော လက်နက်ကိုင်ပဋိပက္ခများတွင်၊ အရပ်

**❖ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် အာဏာပိုင်များအား စည်းရုံးအားပေးခြင်းကို ပြုလုပ်ရမည်ဖြစ်သည်။ အာဏာပိုင်အဖွဲ့အစည်းများက ဆောင်ရွက်ရန် ပျက်ကွက်သောအခါ ဖြစ်ပေါ်လာသော အကျိုးဆက်များကို လူထုရင်ဆိုင်ဆောင်ရွက်နိုင်ရန် အကူအညီပေးခြင်းသည် အဓိက အခန်းကဏ္ဍဖြစ်**

သားများအား အကာအကွယ်နှင့်အကူအညီပေးရေး၊ အရပ်သားနှင့်လက်နက်ကိုင်များအကြားဆက်ဆံမှု၊ လက်နက်အင်အားသုံးစွဲမှုစသည့် ကန့်သတ်ချက်များဖြင့် အရပ်သားများအား အကာအကွယ်ပေးရန်ဖြစ်သည်။

### လူသားချင်းစာနာထောက်ထားမှုအကူအညီ

လူသားချင်းစာနာထောက်ထားမှု၏ ဗဟိုချက်မမှာ ဘေးအန္တရာယ်ကျရောက်ခံရသူများပင်ဖြစ်သည်။ ၎င်းတို့ တက်ကြွစွာပူးပေါင်းပါဝင်မှုသည်၊ ၎င်းတို့ကဲ့သို့ အကာအကွယ်မဲ့ အားနည်းနေသူများနှင့် ပစ်ပယ်ခံများအား ကူညီရေးအတွက်အရေးကြီးသည်။ သို့အတွက် ထိုသူတို့၏အန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးကို ကြိုးပမ်းရမည်။ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရာတွင် မျှော်လင့်မထားသော၊ ရည်ရွယ်မထားသော မကောင်းသောအကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သည်ကို သတိပြုရန်လိုအပ်သည်။ လက်နက်ကိုင်ပဋိပက္ခများတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ၊ ဝေငှပုံမဟုတ်လျှင် ပြဿနာများ ရှုပ်ထွေးလာနိုင်သည်ကိုလည်း သတိထားကာ ဆောင်ရွက်ရမည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရာတွင် ပဋိညာဉ်စာတမ်း၊ ကြက်ခြေနီနှင့်လခြမ်းနီလှုပ်ရှားမှု၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ လိုက်နာရမည့် စည်းကမ်းဥပဒေများတွင်ပါရှိသော အခြေခံသဘောတရားများကို လိုက်နာဆောင်ရွက်ရမည်။ စပီးယား The Sphere Project ၏ အဓိကသတ်မှတ်ချက်များနှင့် အနည်းဆုံးရရှိမည့် စံသတ်မှတ်ချက်များနှင့်အညီ၊ ဘေးအန္တရာယ် ကျရောက်သူများကို ဂုဏ်သိက္ခာရှိစွာ ဘဝရပ်တည်နိုင်ရေးအတွက် ကူညီရန်သန္နိဋ္ဌာန်ပြုရမည်။ သက်ဆိုင်ရာအစိုးရများနှင့် အခြားအဖွဲ့အစည်းများကိုလည်း၊ တာဝန်တစ်ရပ်အနေဖြင့် ခံယူဆောင်ရွက်သွားရန် တိုက်တွန်းပေးရမည်။ ကောင်းမွန်သောအကဲဖြတ်ခြင်း၊ စောင့်ကြည့်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်သွားရမည်။

### အခြေခံကျသောတာဝန်ရှိမှု

ဘေးဒုက္ခကျရောက်သူများမှာ ပထမဦးစွာ မိမိတို့လက်ရှိခံစားနေရသည့် အခြေခံလိုအပ်ချက်များကို၊ မိမိတို့ဘာသာ မိမိတို့အားကိုး၍ ၎င်းဒေသခံလူထုနှင့် အဖွဲ့အစည်းများ၏ အကူညီဖြင့် ဖြည့်ဆည်းပေးရန် အားထုတ်ကြရမည်။ ဘေးအန္တရာယ်ကျရောက်ခံစားရသော နိုင်ငံအစိုးရတွင် အခြေခံအားဖြင့် အချိန်မီအကူညီပေးရေး၊ အကာအကွယ်နှင့် လုံခြုံမှုပေးရေး၊ ပြန်လည်ထူထောင်ရေးအတွက် တာဝန်ရှိသည်။ တရားဝင်အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းကူညီမှုလုပ်ငန်းများသည် ဘေးအန္တရာယ်များကို ထိရောက်စွာကာကွယ်ခြင်း၊ တုံ့ပြန်ကူညီဆောင်ရွက်ခြင်းတို့အတွက် အလွန်အရေးကြီးသည်။ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည်၊ အစိုးရအာဏာပိုင်များအား အထောက်အကူပေးရာတွင် အလွန်အရေးကြီးသော အခန်းကဏ္ဍမှပါဝင်သည်။ ဘေးဒုက္ခကျရောက်သူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အခြေခံကျသောတာဝန်ရှိမှုမှာ အကူအညီတောင်းခံနေသူများအတွက်ဖြစ်ရမည်ဟု ခံယူချက်ပင်ဖြစ်သည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပဋိညာဉ်စာတမ်းတွင် အကာအကွယ်ပေးမှုဆိုင်ရာအခြေခံသဘောတရားများ လေးရပ်ကို ဖော်ပြထားသည်။

- အခြေခံသဘောတရား (၁) ကူညီလုပ်ဆောင်လုပ်ဆောင်မှုများ၏ ရလဒ်အနေဖြင့် နောက်ထပ်ဘေးအန္တရာယ်ဖြစ်စေခြင်းမှ ရှောင်ရှားရန်၊
- အခြေခံသဘောတရား(၂) မျက်နှာမလိုက်သော ကူညီထောက်ပံ့မှု အခွင့်အလမ်းရရှိစေရေး သေချာအောင်ပြုလုပ်ရန်၊
- အခြေခံသဘောတရား(၃) အကြမ်းဖက်မှုနှင့် အတင်းအကျပ်စေခိုင်းမှုကြောင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခြင်းမှ အကာအကွယ်ပေးရန်၊
- အခြေခံသဘောတရား(၄) အခွင့်အရေးများတောင်းဆိုခြင်း နှိပ်စက်ညှဉ်းပန်းခံရမှုကိုကုစားခြင်း၊ ပုံမှန်အနေအထားရောက်ရှိခြင်း စသည့်အခွင့်အလမ်းများရရှိစေရေး ကူညီဆောင်ရွက်ပေးရန်တို့ဖြစ်သည်။

### အရပ်သားများ ဘေးကင်းလုံခြုံမှုရှိစေရေး

အဆိုပါ အကာအကွယ်ပေးမှုဆိုင်ရာ အခြေခံသဘောတရားလေးခုသည် ဘေးအန္တရာယ်ကျရောက်ခံရသူများအတွက် အကာအကွယ်ရရှိနိုင်ရန် မည်သည့်အမှုကိစ္စများကိုလုပ်သင့်သည် လုပ်နိုင်သည်ကို ဖော်ပြထားသည်။ ထိုသို့လုပ်ဆောင်ရန် အဓိကတာဝန်ရှိသည်မှာ အစိုးရများ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များ၊ ပဋိပက္ခတွင်ပါဝင်ပြီး နယ်မြေကိုထိန်းချုပ်ထားသူများဖြစ်သည်။ ယင်းတို့ထိန်းချုပ်စိုးမိုးထားသော ဒေသအတွင်းရှိသူများ၏ လူမှုဘဝဖူလုံရေး၊ တိုက်ခိုက်မှုတွင် အရပ်သားများ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် တာဝန်ရှိကြသည်။

နယ်မြေအပေါ် အာဏာစိုးမိုးထားသော အဖွဲ့အစည်းများသည်သာ ဒုက္ခသည်များ၏ လုံခြုံမှုကို တာဝန်ယူစေခြင်းဖြင့် အကာအကွယ်ပေးနိုင်မည်ဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အာဏာပိုင်များအား စည်းရုံးအားပေးခြင်းကို ပြုလုပ်ရမည်ဖြစ်သည်။ အာဏာပိုင်အဖွဲ့အစည်းများက ဆောင်ရွက်ရန် ပျက်ကွက်သောအခါ ဖြစ်ပေါ်လာသောအကျိုးဆက်များကို လူထုရင်ဆိုင်ဆောင်ရွက်နိုင်ရန် အကူအညီပေးခြင်းသည် အဓိက အခန်းကဏ္ဍဖြစ်သည်။

### ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှု

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အများစုသည် ထိခိုက်လွယ်သူများအား အကူအညီပေးရာတွင် အကာအကွယ်ပေးပိုင်ခွင့် (သို့မဟုတ်) သတ်မှတ်ပေးထားသော အခန်းကဏ္ဍရှိကြသည်။ အကာအကွယ်ပေးမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် သီးခြားစီမံချက် (သို့မဟုတ်) စီမံကိန်းများအဖြစ် ကူညီဆောင်ရွက်ကြရသည်။ အချို့ဆောင်ရွက်မှုများသည် အစုလိုက်အကာအကွယ်ပေးခြင်း၊ အပိုင်းအလိုက်အကူအညီပေးခြင်းဆိုပြီး အစီအမံအမျိုးမျိုးလည်းရှိသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာအကာအကွယ်ပေးမှု အစုအဝေး Global Protection Cluster ပေါ်ပေါက်လာပြီး ပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ ဖွဲ့စည်းတည်ဆောက်မှုဖြင့် ဆောင်ရွက်လာသည်။

ယင်းတွင် ဦးစားပေးနယ်ပယ်များအဖြစ် ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှု၊ ကျား၊ မခွဲခြားမှုအပေါ် အခြေခံသောအကြမ်းဖက်မှု၊ အိုးအိမ်နေရာနှင့် ပိုင်ဆိုင်မှုပစ္စည်းများ၊ မိုင်းလက်နက်များအရေးဆောင်ရွက်မှု၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရှိရေး၊ ရွှေ့ပြောင်းအရပ်သားများအား ကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး စသည့် နယ်ပယ်အသီးသီးကို ဆောင်ရွက်ပေးနေကြသည်။ ။

---

## ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်) နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်း



**ရန်ကုန် ဧပြီ ၈**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၏ (၁၉)ကြိမ်မြောက် နှစ်သစ်အကြို စုပေါင်း သွေးလှူဒါန်းပွဲကို ဧပြီ ၇ ရက် နံနက် ၈ နာရီက အဆိုပါဆေးရုံကြီး ရာဇဂြိုဟ်အလှူတော် မင်္ဂလာခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သီလရှင်ဆေးရုံ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်း ကော်မတီဝင်များ၊ ဝန်ထမ်းများနှင့် သွေးလှူဒါန်းမည့် သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလွင်က သွေးလှူဒါန်းပွဲ ကျင်းပရခြင်းအကြောင်းနှင့် သွေးလှူရှင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားသွေးဌာနမှ ပါမောက္ခဒေါက်တာ ဒေါ်သီတာအောင်က သွေးလှူဒါန်းခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သံဃာတော် ခြောက်ပါးနှင့် လူပုဂ္ဂိုလ် ၁၇၂ ဦး စုစုပေါင်း ၁၇၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ အမျိုးသားသွေးဌာနနှင့် ဆေးကုမ္ပဏီများမှ အားဆေးများ၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးနှင့် ပြင်ပအလှူရှင်များက အာဟာရထုပ်များ၊ ၁၀၀ Plus၊ အိုဗာတင်းဘူးများ၊ မိုင်လိုဘူးများ၊ မုန့်ထုပ်များကို လှူဒါန်းခဲ့ကြသည်။

**သတင်း-ထွန်းအောင်ရှိန်၊ ဓာတ်ပုံ-စစ်မှူး**

# အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများအား မြန်မာနိုင်ငံမှကိုယ်စားလှယ်များ တက်ရောက်




(၄) ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးသို့ တက်ရောက်ကြသူများအား စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၈**

(၄) ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မေ ၂ ရက်မှ ၆ ရက်အထိ စင်ကာပူတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းတို့ တက်ရောက်သည်။

အဆိုပါအစည်းအဝေးများသည် အာဆီယံစီးပွားရေး အသိုက်အဝန်းခေါင်းစဉ်အောက်မှ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် အဆင့်အမြင့်ဆုံးကျင်းပသော အစည်းအဝေးများဖြစ်ပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရသည့်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခြင်းဖြစ်သည်။

အစည်းအဝေးသို့ အာဆီယံ+ ၃ နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာရှအခြေခံအဆောက်အဦဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်၊ အာဆီယံ + ၃ မက်ခရိုစီးပွားရေး သုတေသနရုံးတို့မှ အကြီးအကဲများ၊ အာဆီယံ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကမ္ဘာ့စီးပွားရေး အခြေအနေနှင့် မျှော်မှန်းချက်၊ အာရှဒေသစီးပွားရေးအခြေအနေနှင့် မျှော်မှန်းချက်၊ အာဆီယံစီးပွားရေး အခြေအနေနှင့် မျှော်မှန်းချက်များကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက တင်ပြကြပြီး ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ သက်ဆိုင်ရာအစည်းအဝေးများတွင် အာဆီယံဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုများဖြစ်သော ငွေလုံးငွေရင်းစာရင်း လွတ်လပ်ခွင့်ကိစ္စ၊ အရင်းအနှီးဈေးကွက်၊ ဘဏ္ဍာရေးဝန်ဆောင်မှု လွတ်လပ်ခွင့်ကိစ္စ၊ အာမခံ၊ အကောက်ခွန်၊ အခွန်၊ ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အားလုံးပါဝင်သော ဘဏ္ဍာရေး၊ ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှု၊ ချင်းမိုင် သဘောတူညီချက်၊ အာရှငွေချေးစာချုပ်ဈေးကွက် စသည့်ကိစ္စများကို စဉ်ဆက်မပြတ် ဆွေးနွေးလာခဲ့ကြသည့်အတိုင်း ဆက်လက်ဆွေးနွေးကြမှုများအပေါ် မြန်မာနိုင်ငံမှလည်း ပါဝင်ဆွေးနွေးခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီလတွင် အဆိုပါအစည်းအဝေးများကို ထိုင်းနိုင်ငံက တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

◆ ***ရှေ့ဖုံးမှ***

"ဖြတ်သန်းခဲ့တဲ့ ခရီးစဉ်တစ်လျှောက်မှာ မျှော်မှန်းထားတာထက် ပိုပြီးတော့ ပြည်သူလူထုက ငြိမ်းချမ်းရေးမှာ ပါဝင်ချင်တယ်ဆိုတာ တွေ့ရတယ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အပြည့်အဝ မအောင်မြင်သေးတဲ့အတွက် ကျွန်တော်တို့အဖွဲ့အနေနဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုကို ဆက်တိုက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့မှ သတင်းပြန်ကြားရေး တာဝန်ခံ စာရေးဆရာ ဇေယျာမင်းထင် (ခ) ဦးခင်မောင်မြင့်က ပြောသည်။

ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားခရီးစဉ်ကို ကိုယ်အင်္ဂါမသန်စွမ်း နိုင်ငံ့ဂုဏ်ဆောင် နိုင်ငံ့လက်ရွေးစင် အားကစားသမား ၁၀ ဦးတို့က ဘီးတပ်ကုလားထိုင်ဖြင့် ခရီးစဉ်ကို ပါဝင်ခဲ့ပြီး ခဝဲခြံမျက်မမြင်ကျောင်းမှ ဂီတအနုပညာရှင်များ၊ ပြင်ပမှအနုပညာရှင်များ၊ ငြိမ်းချမ်းရေးတွဲလက်များတွင် ပါဝင်သည့် အဖွဲ့အစည်းများက အားဖြည့်ကူညီခဲ့ကြောင်း သိရသည်။

ဘီးတပ်ကုလားထိုင် အဖွဲ့ခေါင်းဆောင် ဦးထိန်လင်းက "မြန်မာပြည်သူ ပြည်သားအားလုံး ငြိမ်းချမ်းရေးရဲ့ အရသာ၊ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်၊ ငြိမ်းချမ်းရေးဘယ်လိုဆိုတာ လှုံ့ဆော်ပြီး သတိတွေပေးခဲ့ရတဲ့အတွက် ဝမ်းသာတယ်၊ ခရီးစဉ် တစ်လျှောက် မြို့တွေ၊ ရွာတွေ ရပ်နားတဲ့နေရာတွေမှာ ပြည်သူလူထုက သောင်းသောင်းဖြဖြ ကြိုဆိုကြတယ်၊ ရောက်ရှိတဲ့နေရာတွေမှာ ပြည်သူတွေက ငြိမ်းချမ်းရေးကို လိုလားကြတယ်၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုမှာ ပါဝင်လက်မှတ်ရေးထိုးကြတယ်"ဟု ပြောသည်။

ငြိမ်းချမ်းရေး လှုပ်ရှားမှုများ ဆောင်ရွက်ရန်အတွက် ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့ကို ခဝဲခြံမျက်မမြင်ကျောင်း၊ ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ သုံးရောင်ခြယ်ပြည်သူ့အကျိုးပြုကွန်ရက်၊ ငြိမ်းချမ်းရေးလိုလားသည့် အနုပညာရှင်များ၊ ကိုယ်အင်္ဂါမသန်စွမ်းသူများဖြင့် ဖွဲ့စည်းခဲ့ကြောင်း အဆိုပါအဖွဲ့မှ သိရသည်။

ငြိမ်းချမ်းရေးတွဲလက်များ ဖွဲ့စည်းရခြင်းနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံခရစ်ယာန်များ မိတ်သဟာယ ခဝဲခြံမျက်မမြင်ကျောင်းမှ အထွေထွေအတွင်းရေးမှူး ဦးသိန်းလွင်က "ကျွန်တော်တို့ တိုင်းပြည်မှာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံ ဆောင်ရွက်တဲ့အခါမှာ နိုင်ငံတော်က ပြည်ထောင်စုအဆင့်က ဆောင်ရွက်နေတယ်၊ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထုတွေ အနေနဲ့လည်း ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တစ်တပ်တစ်အား ကိုယ်နိုင်တဲ့ဝန်ကနေ ပါဝင်ဖို့လိုတယ်လို့မြင်တယ်၊ အဲဒီထဲမှာ အမြင်အာရုံချို့တဲ့သူတွေက ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ဘာလုပ်ပေးနိုင်သလဲဆိုတဲ့ နိုင်ငံသားအသိစိတ်နဲ့ လုပ်နိုင်တာလုပ်မယ်ဆိုပြီး ငြိမ်းချမ်းရေးတွဲလက်များကို ဖွဲ့စည်းခဲ့တယ်"ဟု ပြောသည်။

ငြိမ်းချမ်းရေးတွဲလက်များအဖွဲ့သည် ငြိမ်းချမ်းရေးလှုပ်ရှားမှုအဖြစ် ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားခရီးစဉ်ကို ပထမအကြိမ်အဖြစ် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် မြစ်ကြီးနားမြို့မှ နေပြည်တော် အထိ မြို့ပေါင်း ၁၄ မြို့ကို ဖြတ်သန်းပြီး ရက်ပေါင်း ၁၄ ရက်ကြာ မိုင်ပေါင်း ၅၅၇ မိုင်ခရီးစဉ်ကို လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမှ လားရှိုးအထိ မြို့ပေါင်း ခုနစ်မြို့ကို ဖြတ်သန်းခဲ့သည့် ခရီးစဉ်ကိုလည်းကောင်း ငြိမ်းချမ်းရေးလှုပ်ရှားမှုအဖြစ် ဆောင်ရွက်ခဲ့သည်။



မိုင်ပေါင်း ၉၂၀ ဖြတ်သန်းပြီး ရန်ကုန်မြို့မြို့တော်ခန်းမရှေ့သို့ ပန်းဝင်လာသည့် ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားအဖွဲ့အား ကြိုဆိုကြသူများကို တွေ့ရစဉ်။

ယခုခရီးစဉ်သည် တတိယအကြိမ်မြောက်ဖြစ်ပြီး မတ် ၁၄ ရက်မှ စတင်ခဲ့ကာ ကော့သောင်းမှ ရန်ကုန်အထိ မြို့ပေါင်း ၂၁ မြို့ကို ဖြတ်သန်းခဲ့ကြောင်း၊ ခရီးစဉ်အတွင်း ပြည်သူလူထု၏ ငြိမ်းချမ်းရေးထောက်ခံမှုလက်မှတ်ပေါင်း ၂၃၀၀၀ ကျော်ရရှိခဲ့ကြောင်း သိရသည်။

ယနေ့ညပိုင်းတွင်လည်း ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ ဗန္ဓုလပန်းခြံတွင်လည်း ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင် ရထားခရီးစဉ် ပန်းဝင်ခြင်းအခမ်းအနား အထိမ်းအမှတ်အဖြစ် ငြိမ်းချမ်းရေးတွဲလက်များမှ တေးဂီတများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA) ဓာတ်ပုံ-ရဲထွဋ်**


---

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အိမ်ရာအဆောက်အအုံကဏ္ဍ သိသိသာသာမြင့်တက်

**ရန်ကုန် မေ ၈**

ပြီးခဲ့သည့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံရှိကာ အိမ်ရာအဆောက်အအုံကဏ္ဍတွင် သိသိသာသာတိုးတက်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေနဲ့ကတော့ လျာထားချက် အမေရိကန်ဒေါ်လာ ၆ ဘီလီယံတိုးတက်ဖို့ လျာထားခဲ့တာဖြစ်လို့ အမှန်တကယ် ရင်းနှီးမြှုပ်နှံမှုကတော့ အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ ဘီလီယံဖြစ်တဲ့အတွက် လျာထားချက်ထက် ကျော်လွန်သွားခဲ့ပါတယ်၊ အဓိကတိုးတက်ခဲ့တဲ့ ကဏ္ဍတွေကတော့ အိမ်ရာဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုနဲ့ အခြားဝန်ဆောင်မှု ကဏ္ဍတွေပဲဖြစ်ပါတယ်၊ ရင်းနှီးမြှုပ်နှံမှု အားနည်းသွားတဲ့ ကဏ္ဍတွေကတော့ သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးကဏ္ဍတွေပဲဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဝဏ္ဏအောင်က ပြောသည်။



နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမှုနှင့်အတူ ရန်ကုန်မြို့တွင် ပေါ်ထွန်းလာသည့် အဆောက်အအုံသစ်များကို တွေ့ရစဉ်။

မြန်မာနိုင်ငံသို့ အများဆုံး ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် နိုင်ငံများတွင် စင်ကာပူက နံပါတ်တစ်နေရာတွင် ရပ်တည်နေပြီး တရုတ်နှင့် နယ်သာလန်နိုင်ငံတို့က ဒုတိယနှင့် တတိယနေရာတွင်ရှိနေကြောင်း၊ စက်မှုနှင့်အိမ်ရာ အဆောက်အအုံ၊ နည်းပညာကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အခွင့်အလမ်းများစွာရှိနေကြောင်း ၎င်းက ထပ်မံပြောသည်။

အဆိုပါကာလအတွင်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လုပ်ငန်း ၁၁၉ ခုရှိပြီး တန်ဖိုးအားဖြင့် ငွေကျပ်ဘီလီယံပေါင်း ၃၉၂၈ ဒသမ ၁ ဖြစ်သည့်အတွက် ပြီးခဲ့သည့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်နှင့် နှိုင်းစာလျှင် ထက်ဝက်ကျော် တိုးတက်လာခဲ့ကြောင်း၊ လယ်ယာကဏ္ဍမှလွဲ၍ ကျန်ကဏ္ဍများ ပြည်တွင်းနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုမှာ တိုးတက်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)မှ အလုပ်အကိုင် ၉၅၀၀၀ ဖန်တီးပေးနိုင်ပြီး နိုင်ငံသားရင်းနှီးမြှုပ်နှံမှုမှ ၂၂၀၀၀ ကျော် ဖန်တီးပေးနိုင်သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် ဆောင်ရွက်သွားရေးသည် အလွန်ပင်အရေးကြီးကြောင်း၊ သို့သော်လည်း နှစ်စဉ် ၂၀၂၀ အထိ အမေရိကန်ဒေါ်လာ ၆ ဘီလီယံ တိုးတက်ရရှိအောင် လျာထားဆောင်ရွက်နေကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**မြင့်မောင်စိုး**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး / ဇလ

## ဘက်မလိုက်လှုပ်ရှားမှုအနေဖြင့် အဖွဲ့ကြီး၏ အခြေခံမူကြီးများနှင့် ရည်မှန်းချက်များ၊ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားလိုက်နာရေး၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရေး၊ နိုင်ငံတစ်နိုင်ငံအပေါ် အင်အားသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း သို့မဟုတ် ရန်လိုသည့်လုပ်ရပ်များကို ရှောင်ရှားရေး စသည့် အခြေခံမူဝါဒများကို လိုက်နာကျင့်သုံးလျက် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းထားနိုင်ရန် အရေးကြီး

❀ ကျော်ဖုံးမှ

အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းရေး၊ နိုင်ငံတစ်နိုင်ငံအပေါ် အင်အားသုံးခြင်း သို့မဟုတ် ခြိမ်းခြောက် ခြင်း သို့မဟုတ် ရန်လိုသည့်လုပ်ရပ်များကို ရှောင်ရှားရေး စသည့် အခြေခံမူဝါဒများကို လိုက်နာကျင့်သုံးလျက် အဖွဲ့ဝင်နိုင်ငံများအကြား စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းထားနိုင်ရန် အရေးကြီးကြောင်း အလေးထားပြောကြားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အမျိုးသား ပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရခိုင်ပြည်နယ်ပြဿနာ ဖြေရှင်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

### ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်း

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများအပြား၏ သမိုင်းအတွေ့အကြုံက ဖော်ပြနေသကဲ့သို့ ပဋိပက္ခနှင့် မတည်ငြိမ်မှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်နိုင်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့အကြား အရေးပါသည့် ဆက်နွှယ်မှုများရှိကြောင်း၊ အဖွဲ့ကြီးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် သက်ဆိုင်သည့် အဓိကပြဿနာများကို ဖြေရှင်းရာတွင် စည်းလုံးညီညွတ်သော အုပ်စုတစ်စုအနေဖြင့် တူညီဆန္ဒကို အခြေခံလျက် တစ်သွေးတစ်သံတည်း ရပ်တည်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဘက်မလိုက်လှုပ်ရှားမှု၏ အဓိကရည်မှန်းချက်မှာ အဖွဲ့ဝင်နိုင်ငံများအားလုံး၏ အကျိုးစီးပွားကို ကာကွယ်ရေးနှင့် မြှင့်တင်ရေးဖြစ်သည့်အလျောက် အခြားအဖွဲ့ဝင်နိုင်ငံများအပေါ် ထိခိုက်နစ်နာစေမည့် လုပ်ရပ်မျိုးအတွက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့အား အလွဲသုံးစားပြုလုပ်ခြင်းကို အားပေးရန်မသင့်ကြောင်း၊ ယင်းသို့သော ဆောင်ရွက်မှုမျိုးသည် အဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှုကို ထိပါးလျော့ကျစေနိုင်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား မည်သည့်အငြင်းပွားမှုကိုမဆို နှစ်နိုင်ငံအကြား ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်

မြန်မာနိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကို စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့သည့် မူလအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အဖွဲ့ကြီး၏ အခြေခံမူများကို အလေးထားလိုက်နာကျင့်သုံးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် မကြာသေးမီ နှစ်များအတွင်း သိသာထင်ရှားသည့် ပြောင်းလဲမှုများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည့် အားလျော်စွာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ် မေလတွင် ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ ဒုတိယအကြိမ်အစည်းအဝေး၌ အနာဂတ်ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုအတွက် အဓိကအခြေခံမူ ၃၇ ချက်ကို သဘောတူညီချက်ရရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက နောက်ထပ်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့မှ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သို့ လက်မှတ်ရေးထိုးခဲ့ကြသဖြင့် ယခုအခါ NCA သို့ ပါဝင်ထားသည့် အဖွဲ့ပေါင်း ၁၀ ဖွဲ့အထိ ရှိလာခဲ့သည်မှာ ငြိမ်းချမ်းရေးလမ်းကြောင်းတွင် ထူးခြားသည့် မှတ်တိုင်သစ်တစ်ခုဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

### ကတိကဝတ်ပြု

ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အရေးကိစ္စမှာ သတင်းမီဒီယာများက ဘာသာရေးပြဿနာအဖြစ် စဉ်ဆက်မပြတ်ပုံဖော်ရေးသား ထုတ်လွှင့်နေမှုများကြောင့် ကမ္ဘာ့မှ အဓိကအာရုံစိုက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ထိခိုက်ခံစားခဲ့ရသည့် အသိုက်အဝန်းအားလုံး၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို စိုးရိမ်မှုရှိကြောင်း၊ ယင်းအခြေအနေမှာ လုံခြုံရေးစခန်း ၃၀ အား ARSA အကြမ်းဖက်အဖွဲ့က တစ်ပြိုင်တည်း ချိန်ကိုက်တိုက်ခိုက်မှုများကြောင့် စတင်ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ယင်းသို့ အကြမ်းဖက်တိုက်ခိုက်မှုကို လည်းကောင်း၊ ရခိုင်တိုင်းရင်းသားများနှင့် အခြားလူနည်းစုတိုင်းရင်းသားများစွာတို့၏ ဒုက္ခခံစားနေရမှုများ၊ မလုံခြုံမှု၊ ကြောက်ရွံ့နေမှုများကိုလည်းကောင်း အများစုက မသိကျိုးကျွန်ပြုထားကြောင်း၊ အကြမ်းဖက်သမားများကို တန်ပြန်နှိမ်နင်းရာမှ ပေါ်ပေါက်လာသည့် အကြမ်းဖက်မှုကြောင့်သာမက အကြမ်းဖက်အဖွဲ့၏ လှုံ့ဆော်မှု၊ ခြိမ်းခြောက်မှုများနှင့် မမှန်ကန်သော မျှော်လင့်ချက်များပေးအပ်မှုတို့သည်လည်း လူအမြောက်အမြား နေရပ်စွန့်ခွာထွက်ပြေးရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်ကြောင်း၊ အမှန်စင်စစ်အားဖြင့် ရခိုင်ပြဿနာသည် သတင်းမီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ပုံဖော်နေကြသကဲ့သို့ ဘာသာရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုမဟုတ်ဘဲ တရားမဝင် ဝင်ရောက်မှု၊ သဘာဝသယံဇာတများ ပိုင်ဆိုင်နိုင်ရေး ပြိုင်ဆိုင်ကြိုးပမ်းမှု၊ ဆင်းရဲနွမ်းပါးမှု၊ နိုင်ငံသားဖြစ်မှုပြဿနာ၊ တရားဥပဒေစိုးမိုးမှုနှင့် နိုင်ငံတော်လုံခြုံရေးတို့ ပါဝင်ပတ်သက်နေသည့် နိုင်ငံရေး၊ စီးပွားရေးပြဿနာသာဖြစ်ကြောင်း၊ မြန်မာအစိုးရအနေဖြင့် နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် အသိုက်အဝန်းများအားလုံးအတွက် ငြိမ်းချမ်းမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ရရှိစေနိုင်မည့် ရေရှည်တည်တံ့သည့် အဖြေတစ်ခုရရှိရေးကို အပြည့်အဝ ကတိကဝတ်ပြုထားပါကြောင်း ပြောကြားခဲ့သည်။

### ပြန်လည်လက်ခံသွားရန် အဆင်သင့်ဖြစ်နေ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရအနေဖြင့် ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာ၌ ဝန်ကြီးအဆင့်ကော်မတီ၊ ပြည်တွင်း ပြည်ပမှ ထင်ရှားသည့်ပုဂ္ဂိုလ်များ ပါဝင်သည့် အကြံပေးအဖွဲ့၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)တို့ကို ဖွဲ့စည်း၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာထွက်ပြေးသူများအား ဆောလျင်စွာပြန်လည်ခေါ်ယူရေးနှင့် ပတ်သက် ၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၂၃ ရက်မှ စတင်ပြီး သဘောတူညီချက်များ အဆင့်ဆင့် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ပူးတွဲလုပ်ငန်းအဖွဲ့ဖွဲ့စည်း၍ နှစ်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်ဘက်မှ လက်ခံရရှိသည့် ပုံစံများသည် နှစ်နိုင်ငံအကြား မူလက သဘောတူညီထားပြီးဖြစ်သည့် ပုံစံများနှင့် ကွဲလွဲနေသော်လည်း မြန်မာနိုင်ငံဘက်မှ စိစစ်အတည်ပြုနိုင်သည့် လူစာရင်းကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပြန်လည်ပေးပို့ထားပြီးဖြစ်ကြောင်း၊ စိစစ်ပြီးသူများကို အချိန်မရွေး ပြန်လည်လက်ခံသွားရန် မြန်မာဘက်မှ အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

### နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ် လက်မှတ်ရေးထိုး

အစိုးရအနေဖြင့် ကြက်ခြေနီလှုပ်ရှားမှု၊ အာဆီယံ AHA Centre၊ WFP နှင့် FAO တို့မှ တစ်ဆင့် အထိခိုက်ခံအသိုက်အဝန်းများအားလုံးအတွက် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နိုင်ရန် ထိရောက်သည့် ယန္တရားတစ်ခုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းများ အားလုံးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖန်တီးပေးနိုင်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးတို့နှင့် ပတ်သက်၍ အစိုးရ၏ ဆောင်ရွက်ချက်များတွင် အကူအညီများ ပေးအပ်နိုင်ရန်အတွက် UNDP၊ UNHCR တို့နှင့် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ် လက်မှတ်ရေးထိုးရေး အဆိုပြုထားကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

### စည်းလုံးညီညွတ်စွာဖြင့် လုပ်ဆောင်သွားကြရန် အရေးကြီး

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဝေဖန်ပြစ်တင်ရှုတ်ချခြင်းနှင့် အမုန်းတရားတိုးပွားစေမည့် ပြောဆိုမှုများထက် ပြဿနာဖြေရှင်းရာတွင် ကူညီပံ့ပိုးပြီး ပိုမိုအပြုသဘောဆောင်သည့် ချဉ်းကပ်မှုမျိုးဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကာ၊ ပြဿနာအားကိုင်တွယ်ဖြေရှင်းမှု လွဲမှားပါက မတည်ငြိမ်မှု ဖြစ်ပေါ်စေနိုင်ပြီး ယုံကြည်ကိုးကွယ်မှုပေါင်းစုံ တည်ရှိသည့် နိုင်ငံအတွင်း လူမှုရေးသဟဇာတဖြစ်မှုကို ထိခိုက်ပျက်ပြားစေနိုင်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ လက်ရှိဒီမိုကရေစီကူးပြောင်းရေး လုပ်ငန်းစဉ်ကိုလည်းထိခိုက်စေနိုင်ကြောင်း၊ ပြဿနာအား ပိုမိုဆိုးရွားလာအောင် ပြုလုပ်မှုများကို ရှောင်ရှား၍ ပြဿနာဖြေရှင်းရေးကိုသာ အာရုံစူးစိုက်ကြရန် အရေးကြီးကြောင်း၊ အသိုက်အဝန်းများအကြား ပိုမိုကွဲပြားစေမည့် လုပ်ရပ်များထက် ပိုမိုသဟဇာတရှိစွာ နေထိုင်လာနိုင်စေရန် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများတွင် ကူညီပံ့ပိုးမှုများ ပေးအပ်ကြရန် လိုအပ်ကြောင်း၊ လက်ရှိကမ္ဘာကြီးသည် မမျှတမှု၊ မညီမျှမှုနှင့် မတရားမှုတို့နှင့် ပြည့်နှက်နေကြောင်း၊ ဓနအင်အား ကြီးမားသူများ၊ အင်အားကြီးနိုင်ငံများမှ သတင်းမီဒီယာများ၏ လက်ဝါးကြီးအုပ်ခြယ်လှယ်ခြင်း၊ မျှတမှုမရှိသည့် သတင်းထုတ်ပြန်မှုများ၊ သတင်းမှားများ ဖြန့်ဝေခြင်းတို့သည် မူဝါဒပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များအပေါ်တွင် ဆိုးရွားစွာ အကျိုးသက်ရောက်စေနိုင်ပြီး ဖွံ့ဖြိုးမှုနည်းပါး၍ အင်အားနည်းသည့် အဖွဲ့ဝင်နိုင်ငံများအပေါ်တွင် အန္တရာယ်ဖြစ်စေနိုင်ကြောင်း ထောက်ပြပြောကြားခဲ့သည်။ ယင်းသို့သော အခြေအနေများတွင် ဘက်မလိုက်လှုပ်ရှားမှု ပိုမိုတောင့်တင်းခိုင်မာလာစေရေး၊ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းမှု၊ လူမှုရေးပိုင်းဆိုင်ရာ တရားမျှတမှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့ ရရှိရေး၊ မျှတ၍ ပိုမိုကောင်းမွန်သည့် ကမ္ဘာကြီးပေါ်ပေါက်လာစေရေးတို့အတွက် အဖွဲ့ကြီးအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် အတူတကွ လုပ်ဆောင်သွားကြရန် အရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

ညီလာခံတွင် အပြီးသတ်စာတမ်း၊ ဘာကူးကြေညာချက်၊ ပါလက်စတိုင်းနှင့် ပတ်သက်သည့် ကြေညာချက်နှင့် အထွေထွေအစီရင်ခံစာတို့ကို အတည်ပြုခဲ့သည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့် အစည်းအဝေးမတိုင်မီ မေ ၃ ရက်မှ ၄ ရက်အထိ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို ကျင်းပခဲ့သည်။

### ပြန်လည်ရောက်ရှိ

ဘာကူးမြို့၌ ရှိစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် အဇာဘိုင်ဂျန်နိုင်ငံခြားရေးဝန်ကြီး၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ လက်ရှိဥက္ကဋ္ဌဖြစ်သူ ဗင်နီဇွဲလားနိုင်ငံခြားရေးရာနှင့် ပြည်သူ့အင်အားဝန်ကြီးတို့နှင့် လည်းကောင်း၊ စင်ကာပူ၊ ကျူးဘားနှင့် အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့် လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများ သင်္ကြန်ကာလနေရပ်ပြန်မှု တရားဝင်ဖြစ်ရေး သတိပေးနှိုးဆော်

**ကော့သောင်း မေ ၈**

ထိုင်းနိုင်ငံ တစ်နံတစ်လျား သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားများ မိမိနေရပ် မြန်မာနိုင်ငံသို့ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း ပြန်ချိန်တွင် ထိုင်းနိုင်ငံ ဥပဒေများအရ တရားဝင်ဖြစ်ရေး သတိပြုလိုက်နာရမည့် အချက်များအား ထိုင်းအာဏာပိုင်များ၊ မြန်မာသံရုံး တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံအတွင်း မြန်မာအလုပ်သမားအရေး အကူအညီပေးလျက်ရှိသည့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ စဉ်ဆက်မပြတ် သတိပေးနှိုးဆော်မှုများ ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း မေ ၈ ရက်က ထိုင်းနိုင်ငံမှ လာသည့် သတင်းများအရ သိရသည်။

သတိပေးနှိုးဆော်မှုများတွင် ထိုင်းနိုင်ငံအတွင်း တရားဝင်သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားများ ယခုရက်ပိုင်းအတွင်း သင်္ကြန်ကာလ မိမိနေရပ် မြန်မာနိုင်ငံသို့ ပြန်လျက်ရှိရာ ထိုင်း-မြန်မာ အခြားနယ်စပ်ဂိတ်များဖြစ်သည့် မယ်ဆိုင်-တာချီလိတ်ဂိတ်၊ ကော့သောင်း-ရနောင်းဂိတ်၊ ဘုရားသုံးဆူဂိတ်၊ လယ်စီခွန်ဂိတ်၊ မောတောင်ဂိတ်များမပါ မြဝတီမဲဆောက် ထိုင်း-မြန်မာ ချစ်ကြည်ရေး တံတားနယ်စပ်ဂိတ်တစ်ခုတည်းမှ တစ်ရက်လျှင် လူဦးရေသောင်းချီ ပြန်လည်ထွက်ခွာလျက်ရှိရာ ယင်းသို့ နေရပ်ပြန်လည်ထွက်ခွာရာတွင် ပတ်စပို့(VISANON-LA)၊ ပန်းရောင်ကတ်အပါအဝင် တရားဝင် အထောက်အထားများရှိသည့် အလုပ်သမားများမှ သတ်မှတ်နယ်စပ်ဂိတ်တွင် သတင်းပို့ပြီးမှ ပြန်လည်ထွက်ခွာရန် လိုအပ်ကြောင်း၊ နေရပ်ပြန်ရန်နှင့် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်ရမည့် နေ့ရက်သတ်မှတ်ချိန် မေ ၅ရက်မှ မေ ၃၀ရက်အထိ ၂၅ ရက်အတွင်း ဖြစ်ကြောင်း၊ အဆိုပါရက်အတွင်း ထွက်ခွာခြင်း၊ ပြန်လည်ဝင်ရောက်ခြင်းများအတွက် နယ်စပ်ဂိတ်များမှ ဗီဇာဆိုင်ရာ အထွေထွေကုန်ကျစရိတ် ငွေကြေးကောက်ခံခြင်းမပြုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပြီး Re-entry ပြန်လည်ဝင်ရောက်လာသူများအား ဗီဇာဆိုင်ရာ အထွေထွေကုန်ကျစရိတ် မူလသတ်မှတ်နှုန်းထားများ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။




ထိုင်း-မြန်မာ နယ်စပ်ဂိတ်ပေါက်၌ နေရပ်ပြန်ရန် စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။

သို့ရာတွင် မြန်မာအလုပ်သမားတချို့သည် ပွဲစားများ၏ သွေးဆောင်မှုဖြင့် လည်းကောင်း၊ တရားဝင်ဂိတ်များတွင် စောင့်ဆိုင်းမှု ကြန့်ကြာသဖြင့် တရားမဝင်လမ်းကြောင်းမှ ပြန်လည်ထွက်ခွာမှုများ တွေ့မြင်နေကြကြောင်း၊ ယင်းသို့ တရားမဝင် ထွက်ခွာသွားသူများ ပြန်လည်ဝင်ရောက်လာသည်ကို စစ်ဆေးတွေ့ရှိရပါက ထိုင်းနိုင်ငံ လူဝင်မှုဥပဒေအရ ပြည်နှင်ဒဏ်ငါးနှစ် ချမှတ်ခံရမည့်အပြင် မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်နိုင်ကြောင်း၊ နေရပ်ပြန်မည့်သူများအနေဖြင့် နှစ်စဉ်ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်များကြောင့် သေကျေဆုံးရှုံးမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် အန္တရာယ်ကင်းသည့် မော်တော်ယာဉ်များဖြစ်သည့် ထိုင်းအစိုးရမှ တရားဝင်ပြေးဆွဲပေးနေသည့် ယာဉ်များ စီးနင်းကြရေး၊ မိမိတို့၏ အသက်အန္တရာယ်မဖြစ်ပွားရေး၊ အိပ်ရေးပျက်မှုများနေသည့် ယာဉ်မောင်းများနှင့် အရက်သေစာ သောက်စားမောင်းနှင်သည့်ယာဉ်များ၊ ကြံ့ခိုင်မှုမရှိသည့် ယာဉ်များ မစီးကြရေး၊ ငွေကြေးလဲလှယ်မှုနှင့် ဖုန်းအစရှိသည့် မိမိအသုံးအဆောင်ပစ္စည်းများ သတိပြုထိန်းသိမ်းကြရေး၊ တရားမဝင်လမ်းကြောင်းမှ ထွက်ခွာရန် သွေးဆောင်သည့် ပွဲစားများအား သတိပြုကြရေး၊ မိမိ၏ တရားဝင်လာရောက် အလုပ်လုပ်ကိုင်သည့် အထောက်အထားများ ပြည့်စုံမှုရှိလျက် ပြန်လည်ဝင်ရောက်လာချိန်တွင် တရားမဝင်မှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေး မြန်မာရိုးရာသင်္ကြန်ကာလ နေရပ်ပြန်မည့် မြန်မာအလုပ်သမားများအား သတိပြုဆင်ခြင်နိုင်ရန် အသိပေးနှိုးဆော်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ၂၀၁၈ မဟာသင်္ကြန်ကာလ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အထူးသတိပြုမောင်းနှင်ကြရန် တိုက်တွန်း

**၂၀၁၈ ခုနှစ် မဟာသင်္ကြန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့က ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆမှုများ မဖြစ်ပွားစေရေး၊ ဆောင်ရွက်ထားရှိမှုများကို နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး၊ ဌာနခွဲမှူး(ဦးစီး)၊ ရဲမှူးဝင်းမြင့်နှင့် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။**



ဌာနခွဲမှူး(ဦးစီး) ရဲမှူး ဝင်းမြင့်

**မေး ။ ။ သင်္ကြန်ပွဲတော်ကာလမှာ ယာဉ်မောင်းသူများ လိုက်နာရမယ့် စည်းကမ်းချက်တွေကို သိရှိလိုပါတယ်။**

ဖြေ ။ ။ သင်္ကြန်ပွဲတော်ကာလဟာ နိုင်ငံတစ်ဝန်းရှိ ပြည်သူများ ရေပက်ခံထွက်ကြ၊ လူငယ်များ အပျော်လွန်ကြတဲ့ အချိန်အခါဖြစ်လို့ ယာဉ်မောင်းသူများအနေနဲ့ အထူးသတိပြုမောင်းနှင်ကြဖို့ လိုပါတယ်။ မိမိမောင်းနှင်တဲ့ ယာဉ်ပေါ်မှာ လိုက်ပါလာသူတွေ ဘေးအန္တရာယ်မဖြစ်စေရေး တာဝန်ယူမောင်းနှင်ရပါမယ်။ မိမိကိုယ်တိုင် အပျော်မလွန်မိစေဖို့နဲ့ အရက်သေစာသောက်စားမောင်းနှင်ခြင်းတွေ မပြုလုပ်ဖို့လိုပါတယ်။ မိမိရဲ့ပေါ့ဆမှု၊ စည်းကမ်းမလိုက်နာမှုကြောင့် ယာဉ်ပေါ်မှာပါလာသူတွေ အန္တရာယ်ဖြစ်နိုင်တယ်ဆိုတာကို အမြဲသတိထားပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ရမှာ ဖြစ်ပါတယ်။ အဓိကလိုက်နာရမယ့်အချက်တွေကတော့ အရှိန်ပြင်းမမောင်းပါနဲ့။ အရက်သောက်စားပြီး မမောင်းပါနဲ့၊ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်းတွေ မလုပ်ပါနဲ့၊ ယာဉ်ကြော ပြောင်းပြန်မောင်းခြင်း မပြုပါနဲ့၊ မီးပွိုင့်အချက်ပြမှုကို လိုက်နာပါ၊ ဖုန်းပြောပြီး မမောင်းပါနဲ့၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို တိတိကျကျလိုက်နာပြီး မောင်းနှင်ကြပါလို့ အဓိကပြောကြားလိုပါတယ်။

**မေး ။ ။ သင်္ကြန်ကာလမှာ မော်တော်ဆိုင်ကယ် မောင်းနှင်သူတွေ သတိပြုလိုက်နာရမယ့် အချက်များကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ မော်တော်ဆိုင်ကယ်ဟာ နှစ်ဘီးတပ်ယာဉ်ဖြစ်ပြီး အကာအကွယ်မဲ့ယာဉ် ဖြစ်ပါတယ်။ သင်္ကြန်ကာလ လမ်းပေါ်မှာ ဖိတ်စဉ်ကျနေနိုင်တဲ့ စက်ဆီ၊ ရေများလည်း ရှိနေမှာဖြစ်လို့ အလွယ်တကူ တိမ်းမှောက်နိုင်တဲ့အတွက် အထူးသတိပြုမောင်းနှင်ရမှာ ဖြစ်ပါတယ်။ အဓိက သတိပြုရမယ့်အချက်တွေကတော့ အရှိန်ပြင်းမောင်းနှင်ခြင်း၊ အရက်သောက်စားမောင်းနှင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ မောင်းနှင်ခြင်းနှင့် ပတ်ဝန်းကျင်ဆူညံအနှောင့်အယှက်ဖြစ်အောင် အသံထိန်းအိတ်ဇောဖြုတ် မောင်းနှင်ခြင်းတွေကို ရှောင်ကြဉ်ရမှာဖြစ်ပါတယ်။ ဆိုင်ကယ်နဲ့ ရေပက်ခံထွက်တာ အလွန်အန္တရာယ်များတဲ့အတွက် ဆိုင်ကယ်စီး ဦးထုပ်ဆောင်းပါ။ မေးသိုင်းကြိုးတပ်ပါ၊ နှစ်ဦးထက် ပိုမစီးပါနဲ့လို့ သတိပေးပြောကြားလိုပါတယ်။

**မေး ။ ။ ဆိုင်ကယ်တွေ ဘာကြောင့် ယာဉ်မတော်တဆမှု အဖြစ်များပါသလဲ။**

ဖြေ ။ ။ ဆိုင်ကယ်မောင်းနှင်သူများဟာ အရှိန်ပြင်းမောင်းနှင်ခြင်း၊ နှစ်ဦးထက်ပိုစီးခြင်း၊ နောက်မကြည့်ဘဲ ဖြတ်ကွေ့ခြင်း၊ နောက်မကြည့်ဘဲ လမ်းကြောင်းပြောင်းခြင်း၊ လမ်းမကြီးပေါ်တွင် ယာဉ်မရှင်းဘဲ လမ်းသွယ်မှ လမ်းမကြီးပေါ်သို့ ဖြတ်ထွက်မောင်းနှင်ခြင်း၊ နောက်ကြည့်မှန်အသုံးမပြုခြင်းတို့ကြောင့် ယာဉ်မတော်တဆမှု ဖြစ်ပွားကြပါတယ်။ ဒါ့ကြောင့်မို့ ဆိုင်ကယ်မောင်းနှင်ကြတဲ့ လမ်းအသုံးပြုသူတွေအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို တိတိကျကျ လိုက်နာကြစေချင်ပါတယ်။

**မေး ။ ။ သင်္ကြန်ကာလမှာ လမ်းလျှောက်ပီး ရေပက်ခံထွက်သူများ လိုက်နာရမယ့်အချက်တွေကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ လမ်းလျှောက်ပြီး ရေပက်ခံထွက်သူများ၊ သင်္ကြန်မဏ္ဍပ်တွေ လိုက်ကြည့်သူများအနေနဲ့ မမျှော်လင့်ဘဲ ဖြစ်လာနိုင်တဲ့ ယာဉ်အန္တရာယ်ကို သတိပြုကြရမှာ ဖြစ်ပါတယ်။ စည်းကမ်းမဲ့မောင်းနှင်တဲ့ကား၊ ဆိုင်ကယ်တွေရှိတဲ့အတွက် လမ်းဘေးပလက်ဖောင်းပေါ်ကနေ သွားလာဖို့ သတိပေးလိုပါတယ်။ ပလက်ဖောင်းမရှိရင် လမ်းဘေးကလျှောက်ပါ။ ဝေးမေ ကြည့်ရှုပြီး ဘေးပတ်ဝန်းကျင်ကို သတိမပြုကြရင်တော့ အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ လမ်းဖြတ်ကူးရာမှာလည်း မိမိကိုယ်တိုင်က ယာဉ်အန္တရာယ်ကို ကြိုတင်ကာကွယ်တဲ့ အသိနဲ့ သတိပြုသွားလာကြဖို့ လိုပါတယ်။ လမ်းဘေးကလမ်းလျှောက်သွားရင် သွားလာနေတဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့နဲ့ မျက်နှာချင်းဆိုင်အနေအထား သွားလာကြဖို့လည်း တိုက်တွန်းလိုပါတယ်။ ဒါမှလည်း မိမိအန္တရာယ်ကို ကြိုတင်မြင်တွေ့ပြီး ရှောင်ရှားနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ ၂၀၁၇ ခုနှစ်၊ သင်္ကြန်ကာလမှာ ယာဉ်မတော်တဆမှုတွေ ဘယ်လောက်ဖြစ်ပွားခဲ့ပါသလဲ၊ ဘယ်တိုင်းဒေသကြီးတွေမှာ အဖြစ်များပါသလဲ၊ ဘာကြောင့် အများဆုံး ဖြစ်ပွားခဲ့ရတယ်ဆိုတာကို သိရှိလိုပါတယ်။**

ဖြေ ။ ။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ် သင်္ကြန်ကာလမှာ တစ်နိုင်ငံလုံး အတိုင်းအတာအရ ယာဉ်မတော်တဆဖြစ်ပွားမှု ၃၅၇ မှု၊ ဒဏ်ရာရသူ ၇၅၉ ဦး၊ သေဆုံးသူ ၁၃၉ ဦး ရှိခဲ့ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွေမှာ အများဆုံး ဖြစ်ပွားခဲ့ပါတယ်။ ယာဉ်မတော်တဆမှုအများဆုံးဖြစ်ပွားခဲ့တဲ့အကြောင်းကတော့ ယာဉ်ကို မထိန်းသိမ်းနိုင်လောက်အောင် အရှိန်ပြင်းမောင်းနှင်မှု၊ အရက်သောက်စားမောင်းနှင်မှု၊ ညအချိန် အရက်သောက်စားပြီး ကားလမ်းပေါ် တက်လျှောက်သည့် လမ်းအသုံးပြုသူတွေကြောင့်ပဲ ဖြစ်ပါတယ်။ အဓိကကတော့ အပျော်ကျူးလွန်ပြီး ယာဉ်ကိုပေါ့လျော့စွာ မောင်းနှင်ခြင်းကြောင့် ဖြစ်ပွားမှုတွေပဲ ဖြစ်ပါတယ်။

ယခုလာမယ့်သင်္ကြန်ကာလမှာ ယာဉ်မတော်တဆမှုတွေ မဖြစ်စေဖို့ ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှာ ရှိကြတဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကို ယာဉ်အန္တရာယ်ဖြစ်ပွားနိုင်တဲ့ လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်များ၊ အဝိုင်းပတ်နေရာများမှာ တာဝန်ချထားပြီး ယာဉ်လမ်းရှင်းလင်းရေးအတွက် ဆောင်ရွက်ပေးသွားမှာဖြစ်သလို လူစည်ကားတဲ့နေရာများဖြစ်တဲ့ ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်များမှာလည်း တာဝန်ချထားပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် ယာဉ်လမ်းရှင်းလင်းရေးနဲ့ လမ်းပိတ်၊ လမ်းလွှဲတွေကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ NGO အဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုတွေ မဖြစ်အောင် ကြိုတင်ကာကွယ်မှုတွေရှိရင်လည်း သိလိုပါတယ်။**

ဖြေ ။ ။ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ပြည်သူတွေ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းပေးခြင်း၊ အသိပညာပေးခြင်းတွေကို နေ့စဉ်ဆောင်ရွက်နေသလို သင်္ကြန်ကာလမတိုင်ခင် လေးပတ်ခန့်အလိုကစပြီး စည်းကမ်းဖောက်ဖျက်တဲ့ယာဉ်များကို စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ တစ်ပြိုင်တည်းမှာပဲ အသိပညာပေးမှုတွေကိုလည်း ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ယာဉ်စည်းကမ်း ဖောက်ဖျက်ပြီး အိတ်ဇောဖွင့်မောင်းနှင်ခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးထက်ပိုစီးခြင်း၊ မီးနီဖြတ်မောင်းခြင်း စတဲ့ယာဉ်များကို အရှိန်အဟုန်မြှင့် စစ်ဆေးအရေးယူလျက်ရှိပါတယ်။ သတိပေးနှိုးဆော်တဲ့စာများကိုလည်း ပြည်သူများသိရှိစေဖို့ နိုင်ငံပိုင်သတင်းစာများမှာ ထည့်သွင်းပြီး အသိပေးကြေညာလျက်ရှိပါတယ်။



**သင်္ကြန်အကြိုကာလတွင် ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က မှုခင်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။** ဓာတ်ပုံ-သီဟစည်သူ

**မေး ။ ။ သင်္ကြန်ကာလအတွင်းမှာ ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားစေရေးအတွက် အသိပညာပေး ဆောင်ရွက်မှုတွေရှိရင်လည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေး၊ ယာဉ် မတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် နေ့စဉ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောမှုတွေ ပြုလုပ်နေသလို သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားစေရေး အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ သက်ဆိုင်ရာ ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲများအလိုက် သင်္ကြန်မတိုင်မီ တစ်လခန့်အလိုကစပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆွေးနွေးမှု၊ ဟောပြောမှုတွေကို အရှိန်ဟုန် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ အပတ်စဉ် တနင်္ဂနွေနေ့တိုင်းမှာလည်း ယာဉ်နဲ့ (Mobile) လှည့်လည်ပြီး လူစည်ကားရာနေရာတွေမှာ ယာဉ်စည်းကမ်း အသိပညာပေး ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ သင်္ကြန်ကာလမှာ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုတွေ မဖြစ်ပွားစေဖို့ ဆင်ခြင်ရမယ့်အချက်များကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ သင်္ကြန်ကာလမှာ ရေပက်ခံထွက်တာပဲဖြစ်ဖြစ်၊ မိမိအကြောင်းကိစ္စရှိလို့ပဲဖြစ်ဖြစ်၊ ကား၊ ဆိုင်ကယ် မောင်းနှင်သွားလာပါက ယာဉ်မောင်းနှင်ရာမှာ အရင်ကထက်ပိုပြီး သတိပြုစေချင်ပါတယ်။ ကား၊ ဆိုင်ကယ်မောင်းနှင်သူများ အနေနဲ့ အရှိန်ပြင်းမောင်းနှင်ခြင်း၊ အရက်သောက်စား မောင်းနှင်ခြင်းတို့ကို မပြုလုပ်သင့်ပါဘူး။ ယာဉ်မောင်းသူကိုယ်တိုင် အပျော်လွန်ပြီး မောင်းနှင်ခြင်းနှင့် ဝေးမေကြည့်ရှု မောင်းနှင်ခြင်း၊ ဖုန်းပြောဆိုပြီး မောင်းနှင်ခြင်း၊ အရက်သောက်စား မောင်းနှင်ခြင်းတွေဟာ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်နေပါတယ်။ မိမိရဲ့ပေါ့ဆမှုကြောင့် ယာဉ်မတော်တဆမှုဖြစ်နိုင်သလို မိမိကမှန်ပေမယ့် အခြားယာဉ်မောင်းသူရဲ့ပေါ့ဆမှုကြောင့် ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုတွေ ဖြစ်နိုင်တဲ့အတွက် အထူးဂရုပြုမောင်းနှင်ရမယ့်ကာလ ဖြစ်ပါတယ်။ ဒါ့ကြောင့် သင်္ကြန်ကာလမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အထူးသတိပြု ဂရုစိုက်မောင်းနှင်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မေး ။ ။ သင်္ကြန်ကာလတွင်း ရေပက်ခံထွက်သူများ၊ လမ်းအသုံးပြုသွားလာသူများကို ပြောကြားလိုတဲ့စကားများ ရှိပါက ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ မြန်မာ့ရိုးရာ နှစ်သစ်ကူး သင်္ကြန်ပွဲတော်ကာလမှာ ရေပက်ခံထွက်သူများ၊ ကား၊ ဆိုင်ကယ်မောင်းနှင်သူများ၊ လမ်းလျှောက်ကြည့်ရှုကြတဲ့ မိဘပြည်သူ ညီအစ်ကိုမောင်နှမများအနေနဲ့ လမ်းပေါ်ရောက်တာနဲ့ အချိန်မရွေး ယာဉ်အန္တရာယ်ရှိနိုင်တယ်ဆိုတဲ့ အသိနဲ့ သတိပြုပြီး သွားလာကြဖို့ ပြောကြားလိုပါတယ်။ သတ်မှတ်ထားတဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို ယခင်ကထက် ပိုပြီးလိုက်နာသွားကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။ မိမိရဲ့ပေါ့လျော့မှု၊ စည်းကမ်းဖောက်ဖျက်မှုကြောင့် အခြားသူတွေ ထိခိုက်အန္တရာယ်ဖြစ်တာမျိုး မဖြစ်သင့်ပါဘူး။ ဒါ့ကြောင့်မို့ "မိမိကြောင့် ယာဉ်တိုက်မှုမဖြစ်စေရ" ဆိုတဲ့ ဆောင်ပုဒ်နဲ့ "စည်းကမ်းလိုက်နာ ဘေးကင်းကွာ" ဆိုတဲ့ ဆောင်ပုဒ်တွေကို လက်ကိုင်ထားပြီး လိုက်နာသွားလာကြပါလို့ အသိပေးပြောကြားလိုပါတယ်။ သင်္ကြန်ကာလမှာ ပြည်သူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်း ပြည့်စုံပြီး ပျော်ရွှင်စွာ ရေကစားနိုင်ကြပါစေ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းဝေးကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ယခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း - မင်းမင်းလတ် (မန်းတက္ကသိုလ်)**
**ဓာတ်ပုံ -ကိုကိုရှူပ (နေပြည်တော်)**

## သင်္ကြန်ကာလ ပုဂံ-မန္တလေး အမြန်ရထားပြေးဆွဲမည်

**မန္တလေး ဧပြီ ၈**

ခါသင်္ကြန်အတွင်း ဧပြီ ၁၃ ၊ ၁၄၊ ၁၅ ရက်များတွင် မြန်မာ့မီးရထား၏ မြင်းခြံ-မြို့သာ RBE ရထားပြေးဆွဲမှုကို သုံးရက်ကြာ ရပ်နားထားမည်ဖြစ်ကြောင်း နွားထိုးကြီးရုံပိုင်က ပြောသည်။ ပုံမှန်ပြေးဆွဲနေသော ပုဂံ-မန္တလေး အမြန်ရထားနှင့် မန္တလေး-ပုဂံ လော်ကယ်ရထားများမှာ အတာသင်္ကြန်အတွင်း ရပ်နားခြင်းမရှိဘဲ ဆက်လက်ပြေးဆွဲမည်ဟု သိရသည်။ ယခုနှစ် အတာသင်္ကြန်တွင် ပုဂံ - မန္တလေး သွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

အတာသင်္ကြန်အတွင်း ယာဉ်လိုင်းများရပ်နားထားချိန် မီးရထားပြေးဆွဲနေ၍ ကြိုဆိုပါကြောင်း၊ ခရီးသွားလာမှုခက်ခဲစဉ် မြန်မာ့မီးရထားက ပုံမှန်ပြေးဆွဲခြင်းကြောင့် ဒေသခံတွေနဲ့ အရေးပေါ်ခရီးသွားလာခြင်းများအတွက် အဆင်ပြေမည်ဖြစ်ကြောင်း ဝက်လူးရွာသား မီးရထားစီးခရီးသည်တစ်ဦးက ပြောသည်။ ယခင်က လော်ကယ်တစ်စီးသာ အစုန်၊ အဆန်ပြေးဆွဲခဲ့၍ ယခုနှစ် အမြန်ရထားပါ ပြေးဆွဲလာ၍ မြန်မာ့မီးရထားကို ကျေးဇူးတင်ကြောင်း ခရီးသွားများက ပြောသည်။ **ခင်ဇာမွန်မြင့် - ဥပဒေ**

## တပ်ကုန်းမြို့တွင် လမ်းလျှောက်သင်္ကြန် ပထမဦးဆုံး ထည့်သွင်းဆင်နွှဲမည်

**တပ်ကုန်း ဧပြီ ၈**

၁၃၇၉ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကြီး၌ ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် မြန်မာ့ဓလေ့နှင့် လျော်ညီစွာ ရေကစားနိုင်ရေးအတွက် လမ်းလျှောက်သင်္ကြန်ပထမဦးဆုံး ပါဝင်ကျင်းပသွားမည်ဖြစ်သည်။ လမ်းလျှောက်သင်္ကြန်ကို အောင်ဇေယျရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့ အောင်သီဟလမ်းပေါ်တွင် ပုသိမ်ထီးအလှများ ဆင်ယင်၍ စတုဒိသာမဏ္ဍပ် ၁၀ ခု၊ ရေကစားမဏ္ဍပ် နှစ်ခုနှင့် ဖျော်ဖြေရေးမဏ္ဍပ် တစ်ခုတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



တပ်ကုန်းမြို့ပေါ်တွင် အတာသင်္ကြန် ရေကစားရန် ပြင်ဆင်ထားသည်ကို တွေ့ရစဉ်။

❒ ကျော်ဖိုးမှ

ဆက်လက်၍ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာနှင့် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဟိုပင်တို့က အမှတ်တရစကားများ ပြောကြားကြသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး ကျောင်းဝတ်စုံများ ကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်သည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ASEAM FAMILY KIT များ၊ စက်မှုဝန်ကြီးဌာနမှ လှူဒါန်းသော ဆိုလာမီးများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို မြို့တိုင်းရင်းသူများထံ ပေးအပ်ပြီး ကိုင်းကြီးကျေးရွာ ရပ်မိ ရပ်ဖ



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ကိုင်းကြီး(မြို့)ကျေးရွာမှ ဒေသခံများအား နေအိမ်အသုံးအဆောင်ပစ္စည်းများနှင့် ဆိုလာမီးများ ထောက်ပံ့ပေးအပ်စဉ်။



တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးများနှင့် အလှူရှင်များက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယနေ့လှူဒါန်းခဲ့သော ကျောင်းဆောင်သစ်မှာ အလျားပေ ၉၀ အနံ ပေ ၃၀ ပင်မစာသင်ဆောင်နှင့် အလျားပေ ၄၀ အနံပေ ၃၀ရှိ ဆရာ ဆရာမဆောင် အပါအဝင် ကွန်ကရစ်လမ်း၊ ခြံစည်းရိုး နှစ်ခန်းတွဲ အိမ်သာနှင့် ရေဂါလန် ၁၂၀၀ ဆံ့ သံမဏိရေစင်တို့ဖြစ်ပြီး စုစုပေါင်း လှူဒါန်းမှုတန်ဖိုးမှာ ငွေကျပ် ၁၉၃ ဒသမ ၅၆ သန်းဖြစ်သည်။ ယင်းနောက် စာသင်ကျောင်းဆောင်အနီး တောင်ကုန်းပေါ်၌ တည်ထားကိုးကွယ်မည့် စေတီတော်မြေနေရာသို့ သွားရောက်ကာ ပန္နက်စိုက်ထူပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အောင်ကျော်ဦး၊ တင်စိုး**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော် ကိုင်းကြီး(မြို့)ကျေးရွာမှ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်စဉ်။

# ငပလီကမ်းခြေတွင် သင်္ကြန်အကြိုကာလ အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိ

**သံတွဲ မေ ၈**

ရခိုင်ပြည်နယ် သံတွဲခရိုင် ငပလီကမ်းခြေတွင် မေ ၇ ရက်က စတင်၍ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ကြိုတင်ရောက်ရှိကာ ကမ်းခြေတွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကြိုတင်စည်ကားလျက်ရှိ**

ယခု ၂၀၁၈ ခုနှစ် ရခိုင်မဟာသင်္ကြန်ပွဲတော်ကို ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ငပလီကမ်းခြေတွင် ရခိုင်ရိုးရာရေလောင်းမဏ္ဍပ်၊ ရခိုင်ဒေသထွက် ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ရခိုင်ရိုးရာအစားအသောက် အရောင်းဆိုင်ခန်းများ ဖွင့်လှစ်ကာ ငပလီကမ်းခြေခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သဖြင့် ယခုလိုအပန်းဖြေ အနားယူသူများဖြင့် ကြိုတင်စည်ကားလျက်ရှိကြောင်း လုပ်ငန်းရှင် ဦးဝဏ္ဏ၏ ပြောကြားချက်အရ သိရှိရသည်။

**နေမျိုးအောင်(မြန်/ဆက်)**



# ဒုတိယဝန်ကြီးများ ကျောက်တော်မြို့နယ် နိဒင်ကျေးရွာ IDP စခန်း ဖျက်သိမ်းရေးနှင့် ပြန်လည်နေရာချထားရေးစခန်း တာဝန်ခံများ၊ နေထိုင်သူများနှင့် တွေ့ဆုံဆွေးနွေး

**စစ်တွေ မေ ၈**

နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်တို့သည် ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်နှင့် တာဝန်ရှိသူများနှင့်အတူ မေ ၅ ရက် မွန်းလွဲပိုင်းတွင် ကျောက်တော်မြို့နယ် နိဒင်ကျေးရွာ IDP စခန်းသို့ ရောက်ရှိပြီး စခန်းစီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိဒင်ကျေးရွာ တာဝန်ခံများ၊ စခန်းနေထိုင်သူများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် IDP စခန်းအား ဖျက်သိမ်းပြီး ကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်း ပြန်လည်နေရာချထားရေး အစီအစဉ်များ၊ အခြေခံပညာကျောင်းများတွင် ဆရာ ဆရာမများ ခန့်ထားပေးရေး၊ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ရေး၊ ကျောက်တော်မြို့နယ် ခေါင်းတုတ်ရွာတွင် တိုက်နယ်ဆေးရုံတစ်ခု ချထားပေးရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးရေး ကိစ္စရပ်များနှင့် NVC လျှောက်ထား ကိုင်ဆောင်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြား ဆွေးနွေးခဲ့ကြသည်။

ကျောက်တော်မြို့နယ် နိဒင်ကျေးရွာ IDP စခန်းတွင် အိမ်ထောင်စု ၈၅ စု၊ လူဦးရေ ၅၈၁ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အခြားစခန်းများ ပိတ်သိမ်းနိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရေးကော်မတီမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်သူရိန်သည် မေ ၆ ရက်တွင် စစ်တွေမြို့နယ်ရှိ ခေါင်းဒုက္ခာ (၁) နှင့် (၂) စခန်းများရှိ စခန်းတာဝန်ခံများ၊ စခန်းတွင်းနေထိုင်သူများနှင့် တွေ့ဆုံပြီး စခန်းပိတ်သိမ်းနိုင်မည့် အခြေအနေများကို ကနဦး ညှိနှိုင်းဆွေးနွေးခဲ့သည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရေးကော်မတီသည် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ ပိတ်သိမ်းနိုင်ရေးကို ဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိရာ စစ်တွေမြို့ရှိ သက္ကေပြင်စခန်း၊ မြေပုံမြို့ရှိ တောင်ပေါ်စခန်း၊ ကျောက်တော်မြို့ရှိ နိဒင်စခန်းများအား ပိတ်သိမ်းနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

**မျိုးမြင့်**



တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုဦး၏ ကြပ်မတ်မှုဖြင့် ဒုမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ညီညီလွင်သည် မတ်လနောက်ဆုံးပတ်က တောင်ကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် သက်ငယ်မုဒိမ်းမှုနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောဆောင်ရွက်စဉ်။

မြို့နယ် (မြန်/ဆက်)

# ကျောက်တော်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆုချီးမြှင့်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ကျောက်တော် မေ ၈**

မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်၌ ၂၀၁၄-၂၀၁၅ မှ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်ထိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကျေးရွာ ၃၄ ရွာအား နှစ်ပတ်လည်သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျောက်တော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ မွန်းတည့် ၁၂ နာရီက ကျင်းပကြောင်း သိရသည်။

သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်သန်းစိန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းတို့က အမှာစကားပြောကြားပြီး စီမံကိန်းကျေးရွာ ၃၄ ရွာအနက် မြစိမ်းရောင်စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှု အကောင်းဆုံးရရှိသော ကျေးရွာများသို့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်က ဆုပေးအပ်ချီးမြှင့်ပြီး မြို့နယ်ဦးစီးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(မြန်/ဆက်)**



# မိတ္ထီလာ၌ ဗဟိုရေကစားမဏ္ဍပ်အပါအဝင် ရေကစားမဏ္ဍပ် ၁၂ ခုခန့် ဆောက်လုပ်ကာ ရေသဘင်ပွဲတော် ဆင်နွှဲမည်

**မိတ္ထီလာ မေ ၈**

မိတ္ထီလာ၌ ယခုနှစ် မဟာသင်္ကြန်ပွဲတော်တွင် အထက-၁ လမ်းဆုံအနီးတွင် တည်ရှိမည့် ဗဟိုရေကစားမဏ္ဍပ်အပါအဝင် ရေကစားမဏ္ဍပ် ၁၂ ခုခန့် ဆောက်လုပ်ကာ အတာရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာမှာ ဒီနှစ်မဟာသင်္ကြန်ပွဲတော်အတွက် အထက-၁ အနီးမှာ အရင်က တည်ဆောက်နေကျဖြစ်တဲ့ ဗဟိုမဏ္ဍပ်ရေကစားမဏ္ဍပ်အပါအဝင် မြို့ပေါ်ရပ်ကွက်နယ်မြေတွေမှာ ရေကစားမဏ္ဍပ် ၁၂ ခုလောက်ကို ဆောက်လုပ်မှာဖြစ်ပြီး အတာရေသဘင်ပွဲတော်ကို ဒေသခံပြည်သူတွေ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲသွားမှာဖြစ်ပါတယ်၊ဗဟိုရေကစားမဏ္ဍပ်ကိုလည်း ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတွေ၊ ဒေသခံစေတနာရှင် အလှူရှင်တွေရဲ့ ပံ့ပိုးလှူဒါန်းကူညီမှုနဲ့ ဆောက်လုပ်တာဖြစ်ပြီး ရပ်ကွက်နယ်မြေအလိုက် ရေကစားမဏ္ဍပ်တွေကလည်း အလားတူ စေတနာရှင် အလှူရှင်တွေနဲ့ ရပ်ကွက် ဒေသခံတွေရဲ့ စုပေါင်းအားနဲ့ တည်ဆောက်ကြတာ ဖြစ်ပါတယ်၊ အခုက တော့ မိတ္ထီလာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာနဲ့ ဒေသခံပြည်သူအားလုံး ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း ပါဝင်ဆင်နွှဲနိုင်ပါတယ်"ဟု မိတ္ထီလာမဟာသင်္ကြန်ပွဲတော် သတင်းထုတ်ပြန်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် ဗဟိုရေကစားမဏ္ဍပ်အပါအဝင် ကျီတော်ကုန်း၊ မိုးဆမ်းပန်း၊ ဝန်ဇင်း၊ ဟိဏ်းမိုဘိုင်း၊ ရတနာမာရ်၊ အောင်ဇေယျာ၊ နန်းတော်ကုန်း၊ ပြည်သာယာ(တ)၊ KENBO၊ Ye7၊ Ryal၊ မင်းခန့်ကျော် ရေကစားမဏ္ဍပ် ၁၂ ခုခန့်ဖြင့် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# မြဝတီ-ဝေါလေ(ဥကရစ်ထ)မြေသားကားလမ်းအား ကွန်ကရစ်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

**မြဝတီ ဧပြီ ၈**

မြဝတီ-ဝေါလေကားလမ်းသည် မြဝတီမှ ဝေါလေမြို့အထိ ၆၂ ဒသမ ၅၆ ကီလိုမီတာရှိသည်။ ယင်းကားလမ်းသည် သောင်းရင်းမြစ်အနောက်ဘက်ကမ်းနှင့် ဒေါနတောင်တန်းအရှေ့ဘက်တို့တွင် တည်ရှိသောကြောင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ကားလမ်းတစ်လမ်းဖြစ်သည်။

အဆိုပါကားလမ်းသည် ယခင်က မြေသားလမ်းနှင့် အမာခံလမ်းအဆင့်သာ ဖြစ်ရာမှ ယခုအခါ ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေများဖြင့် မြဝတီမြို့နယ် လမ်းဦးစီးဌာနက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်နယ်လမ်းဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် ကွန်ကရစ်ကတ္တရာကားလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဖြစ်သည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြုပေးသော ရန်ပုံငွေများ၊ လက်တွေ့ဆောင်ရွက်မည့်အဖွဲ့အစည်းများနှင့်ပေါင်းပြီး မြဝတီမှ မယ်တော်သလေးအထိ ၅ မိုင်ကို မူလ ၁၂ ပေသာရှိသည့် လမ်းအား ထပ်ပိုးလွှာခင်းခြင်းကို ဆောင်ရွက်ပြီး၊ မယ်တော်သလေးမှ ဥကရစ်ထအထိကို လမ်းဘေးဝဲယာနှစ်ဖက်တွင် တစ်ဖက်လျှင် သုံးပေစီချဲ့ခြင်း၊ မယ်တော်သလေးမှ ဝေါလေမြိုင်အထိကို မြေသားတာပေါင်တင်ခြင်း၊ ၂၄ ပေအထိ ချဲ့ခြင်း၊ လမ်းအူကြောင်းဖြတ်မြေများဖို့ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း မြဝတီမြို့နယ်လမ်းဦးစီးဌာနမှ မြို့နယ်လက်ထောက်အင်ဂျင်နီယာတစ်ဦးက ပြောသည်။

အဆိုပါကားလမ်းအား ၂၀၂၂ ခုနှစ်တွင် ကွန်ကရစ်ကတ္တရာလမ်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းကတ္တရာလမ်းပြီးပါက ကားလမ်းတစ်လျှောက်ရှိ အင်ကြင်းမြိုင်၊ မယ်တော်သလေး၊ ကျောက်ခက်၊ ဂလယ်ဒို၊ တောင်နီ၊ ဆုံဆည်းမြိုင်၊ ဥကရစ်ထ၊ ဝေါလေမြို့တို့မှ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး မြဝတီမြို့မှတစ်ဆင့် မြန်မာပြည်အရပ်ရပ်သို့ လွယ်ကူစွာ ကူးသန်းသွားလာနိုင်ကြတော့မည်ဖြစ်သည်။

**ခရမ်းစိုးမြင့်**



မြဝတီ-ဝေါလေကားလမ်း အဆင့်မြှင့်တင်ရေး လုပ်ငန်းခွင်တစ်နေရာ။

# ပုဂံဒေသရှိ ငလျင်ဒဏ်သင့်စေတီ ပြုပြင်ရန် မကွေးပြည်သူများက အလှူငွေပေးအပ်

**မကွေး ဧပြီ ၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ လှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် စေတီတစ်ဆူ ပြုပြင်နိုင်ရန် မကွေးမြို့ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ထားသည့် အလှူငွေ (ဘဏ်အပ်နှံငွေနှင့်အတိုးရငွေ) ငွေကျပ်သိန်း ၁၆၀ အား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲသို့ ဧပြီ ၈ ရက် နံနက် ၁၁နာရီခွဲက လွှဲပြောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

**သွားရောက်လှူဒါန်း**

မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်၊ မကွေးမြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်၊ ပရဟိတအဖွဲ့များသည် ယာဉ်ရှစ်စီးဖြင့် မကွေးမြို့မှ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

"မဟာဝိသုတာရာမတိုက်ဆရာတော် ဦးသာသနရဲ့ ဦးဆောင်မှုနဲ့ မကွေးမြို့က ပရဟိတအဖွဲ့တွေပူးပေါင်းပြီး အလှူငွေရရှိဖို့ ဆောင်ရွက်နိုင်ခဲ့တာပါ၊ သဒ္ဒါရှင်၊ ရှင်သန်မှုကူညီရေးအဖွဲ့က မကွေး၊ မင်းဘူးမြို့တွေက ဂီတပညာရှင်တွေနဲ့အတူ ၂၀၁၆ ခုနှစ် ဇူလိုင်လထဲမှာ လှူဆော်ရေးကို သီးသန့်လုပ်ခဲ့ပေမယ့် လှူဒါန်းမှုတွေရှိနေလို့ ငွေဖလားနဲ့ အလှူခံတာ လုပ်ခဲ့ရပါတယ်၊ ဆွမ်းလောင်းရုံနဲ့ ကရုဏာရှင်အသင်းနေရာနှစ်ခုက အလှူခံမဏ္ဍပ်တွေမှာလည်း မကွေးပြည်သူတွေက ဝိုင်းဝန်းလှူဒါန်းခဲ့ပါတယ်၊ ပုဂံရှေးဟောင်းသုတေသနနဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ဆက်သွယ်ထားတဲ့အခြေအနေအရ အလှူခံရငွေတွေကို ဘဏ်မှာအပ်ထားပြီး ဒီနေ့မှ သွားရောက်လှူဒါန်းတာ ဖြစ်ပါတယ်" ဟု မကွေးမြို့ သဒ္ဒါရှင်၊ ရှင်သန်မှုကူညီရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်တင်က ပြောသည်။

**ငလျင်ဒဏ်ကြောင့် ၃၈၉ ဆူပျက်ဆီး**

ပုဂံဘုရားပေါင်း ၃၈၂၂ ဆူရှိသည့်အနက် ငလျင်ဒဏ်ကြောင့် ၃၈၉ ဆူ ပျက်စီးခဲ့ရာ မကွေးပြည်သူများက ဉာဏ်တော်အတောင် ၂၀ ခန့်ရှိ ဘုရားအမှတ် ၄၁၀ ကို ပြုပြင်ရန် အင်ဂျင်နီယာတွက်ချက်မှုစာရင်းများအရ ငွေကျပ်သိန်း ၁၆၀ လှူဒါန်းခွင့်ရခဲ့ခြင်းဖြစ်သည်။

လာရောက်လှူဒါန်းမှုအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက လက်ခံရယူခဲ့ပြီး ယဉ်ကျေးမှု နယ်မြေအတွင်း ငလျင်ဒဏ်သင့်ဘုရားစေတီ ပြုပြင်မှုအခြေအနေများအား ရှင်းလင်းကာ မကွေးပြည်သူများအား ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

**ဧယျာတု(မကွေး)**

# မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ စိုးလင်းဦးနှင့် ဝီဂျစ်(ထိုင်း)တို့ သရေကျ



စိုးလင်းဦး(ဒို့ရိုးရာ) နှင့် ဝီဂျစ်(ထိုင်း) တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။
ဓာတ်ပုံ- မင်းထက်

**ရန်ကုန် ဧပြီ ၈**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် MMTS နှင့် H & S Group တို့ ပူးပေါင်းစီစဉ်သည့် မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံ၌ ကျင်းပရာ အဓိကပွဲစဉ်ဖြစ်သော စိုးလင်းဦး(ဒို့ရိုးရာ)နှင့် ဝီဂျစ်(ထိုင်း)တို့ တစ်ဦးနှင့်တစ်ဦး အရှုံးအနိုင်မပေါ်ဘဲ သရေဖြင့် ပြီးဆုံးခဲ့သည်။

ရိုးရာလက်ဝှေ့ချစ် ပရိသတ်အားပေးသော အဓိကပွဲစဉ်ဖြစ်သည့် စိုးလင်းဦး နှင့် ဝီဂျစ်တို့ တွေ့ဆုံယှဉ်ပြိုင်ထိုးသတ်သည့် ယနေ့ပွဲသည် ၎င်းတို့နှစ်ဦး၏ တတိယမြောက် တွေ့ဆုံမှုဖြစ်ပြီး တစ်ဦးအကြောင်းတစ်ဦး ကောင်းကောင်းသိထားသော လက်ဝှေ့သမ္မာရင့်တို့၏ ပွဲပင်ဖြစ်သည်။ အတွေ့အကြုံရင့် လက်ဝှေ့သမားများပီပီ ပွဲအစ ပထမအချီတွင် တစ်ဦးနှင့်တစ်ဦး အကဲစမ်းကြရင်း ပြီးဆုံးခဲ့သည်။ ဒုတိယအချီတွင် စိုးလင်းဦး တိုက်စစ်ဖွင့် စတင်ခဲ့သော်လည်း စိုးလင်းဦးအကြောင်း သိနေသော ဝီဂျစ်က ပိတ်ဆို့ကာကွယ်ရင်း တန်ပြန်တိုက်စစ်ဖြင့် ပြန်လည်ကစားခဲ့သဖြင့် ပွဲမှာ ထင်သလောက်မကောင်းခဲ့ဘဲ အေးတိအေးစက်ဖြစ်ခဲ့သည်။

တတိယအချီတွင် ဝီဂျစ် တံတောင်ရိုက်ချက်များနှင့်အတူ အမြင့်ခြေကန်ချက်များ တွင်တွင်သုံးကာ စိုးလင်းဦးကို အထိနာစေခဲ့သော်လည်း ကျားနာခဲ ခဲကာ တရစပ် လိုက်လံထိုးခဲ့မှုကြောင့် ဝီဂျစ်ပြန်လည် အထိနာခဲ့ပြန်သည်။ စတုတ္ထအချီနှင့် နောက်ဆုံးအချီတို့တွင် စိုးလင်းဦးထုံးစံအတိုင်း အတိုက်ဘက်သို့ ပြောင်းလဲယှဉ်ပြိုင်ကစားခဲ့သော်လည်း သရေဖြင့် ပြီးဆုံးသွားသည်။

ဒုတိယ အဓိက ပွဲစဉ်ဖြစ်သော ရဲသွေးနီ(တောင်ကလေး)နှင့် သမ္မာရင့် မွေထိုင်းလက်ဝှေ့ကျော် ခွမ်ဖစ်(ထိုင်း) တို့ပွဲစဉ်တွင် ပထမအချီ၊ ဒုတိယအချီနှင့် တတိယအချီတို့တွင် ရဲသွေးနီ တိုက်စစ်ဖွင့်ကစားခဲ့မှုကြောင့် ခွမ်ဖစ်အထိနာခဲ့သော်လည်း စတုတ္ထအချီနှင့် နောက်ဆုံးအချီတို့တွင် အတွေ့အကြုံရင့် မွေထိုင်းလက်ဝှေ့သမားပီပီ ရဲသွေးနီကို သရေပွဲရလဒ်အဖြစ် ယူနိုင်ခဲ့သည်။ ကရင်လေး(Phoenix) နှင့် ဘန်ဒါဆတ်(ထိုင်း) တို့ပွဲတွင် ပထမအချီတွင်ပွဲမှာ အေးခဲ့သော်လည်း ဒုတိယအချီ ၂ မိနစ် ၄၆ စက္ကန့်၌ ကရင်လေး ပင့်လက်သီးတစ်ချက်ကြောင့် ဘန်ဒါဆတ် အထိနာကာ အနားတောင်းခဲ့ရသည်။ တတိယအချီတွင် တစ်ဦးနှင့်တစ်ဦး အပူး၊ အတိုက်များခဲ့သော်လည်း စတုတ္ထအချီတွင် ကရင်လေး လက်သီးတွဲလုံးများ ကြောင့် ဘန်ဒါဆတ် အထိနာကာ အရှုံးပေးလိုက်ရသည်။

အခြားပွဲစဉ်များဖြစ်သည့် ဒေါင်းဖြူလေး(Adventure) နှင့် ကျော်နိုင်(တိုက်ဂါး)တို့ပွဲတွင် သရေကျခဲ့ပြီး ကျော်လင်းထူး (ရွှေသထုံ)နှင့် ထွန်းတောက်ကြယ်(မုဒုံစတား)ပွဲတွင်တတိယအချီ၌ ကျော်လင်းထူး အမှတ်စဉ်သုံးကြိမ် အရေခံခဲ့ရပြီး အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ ယင်းနောက် ငါးချီစိန်ခေါ်ပွဲ၌ သွေးသစ်မောင်(အဖြူရောင်သွေးသစ်)နှင့် ကျော်ဇင်လတ် (ရွှေသထုံ) တို့ပွဲတွင် ပူးတွဲသရေ၊ အလားတူလေးချီပွဲစဉ်ဖြစ်သည့် သိန်းစိုး (အဖြူရောင်သွေးသစ်)နှင့် အောင်နေထူး(ဒို့ရိုးရာ)တို့ပွဲသည်လည်း ပူးတွဲသရေ၊ သုံးချီစိန်ခေါ်ပွဲဖြစ်သော ဆွေထွန်းအောင် (တိုက်ဂါး)နှင့် ပေတလူ(ဇာတိမာန်)တို့ပွဲများမှာလည်း သရေပွဲစဉ်များအဖြစ် ပြီးဆုံးခဲ့သည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# မြင်းခြံမြို့တွင် အိမ်ထောင်ရှင်အလှမယ်ရွေးပွဲမှ ရရှိသည့်ငွေများကို လူမှုရေးအသင်းများသို့ လှူဒါန်း

**မြင်းခြံ ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် Myanmar Beauty Pagearit Orhanization မှ ကျင်းပသော အိမ်ထောင်ရှင်အလှမယ် (မြင်းခြံ) ရွေးပွဲကို မဏ္ဍနာခန်းမတွင် ဧပြီ ၇ ရက် ညနေ ၅ နာရီမှ စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့တွင် ပြုလုပ်သည့် အိမ်ထောင်ရှင် အလှမယ်ရွေးပွဲတွင် အလှမယ် ၃၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဦးဆောင်စီစဉ်သူ အလှမယ်ဆုရ ခိုင်သွယ် ပါဝင်သော ဒိုင်အဖွဲ့မှဆုများကို အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။ ဆုရရှိသူများထဲမှ မြင်းခြံမြို့ကိုယ်စားပြု ငါးဦးကို ရန်ကုန်မြို့တွင်ပြုလုပ်မည့် အိမ်ထောင်ရှင် အလှမယ်ရွေးပွဲသို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ယခုပွဲတွင် Crown ၁၁ ဆု၊ Title ၁၀ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အိမ်ထောင်ရှင်အလှမယ်ရွေးပွဲအတွက် ကြည့်ရှုခွင့်လက်မှတ်ကြိုတင်ရောင်းရငွေများကို ဘိုးဘွားရိပ်သာ၊ နာရေးကူညီမှုအသင်း၊ ရောဝတီသွေးအလှူရှင်အသင်း အစရှိသည့် လူမှုရေးအသင်းများကို တစ်သင်းလျှင် ငွေကျပ် ၂၅၀၀၀၀ ဖြင့် အသင်း ခုနစ်သင်းအတွက် စုစုပေါင်း ငွေကျပ် ၁၇၅၀၀၀၀ ကိုလည်း ပွဲစီစဉ်သူ အလှမယ် ခိုင်သွယ်က ပေးအပ်ရာ လူမှုကူညီရေးအသင်းများမှ တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြသည်။ ထို့အပြင် ပွဲကျင်းပစဉ်အတွင်း ရရှိသည့်ငွေများကို မြင်းခြံပြည်သူ့ဆေးရုံအုပ်ကြီးသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အိမ်ထောင်ရှင် အလှမယ်ရွေးပွဲ (Mrs Tourism Beauty Queen Myingyan 2018) ရွေးချယ်ပွဲကို မြင်းခြံမြို့မှ ပြည်သူများလာရောက်အားပေးခဲ့ကြပြီး ရရှိသည့်ငွေများကို ယခုပြန်လည်လှူဒါန်းပေးသဖြင့် မြို့လူထုမှလည်း ဝမ်းသာလျက်ကြောင်း သိရသည်။

**ဇော်မင်းနိုင် ( မြင်းခြံ)**

# မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဖလားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**မန္တလေး ဧပြီ ၈**

၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီမှ ကြီးမှူး၍ တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဖလား ပထမတန်းအဆင့် ကလပ်အသင်းပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဧပြီ ၈ ရက် ညနေ ၃ နာရီက မန္တလေးမြို့ ဗထူးအားကစားကွင်း၌ အားသစ်အသင်းနှင့် Academic အသင်းတို့ ယှဉ်ပြိုင်ကြရာ အားသစ်အသင်းက ၅ ဂိုး-၂ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုများပေးအပ်ချီးမြှင့်ရာ ဒုတိယ၊ ပထမဆုရအသင်းများမှ အားကစားသမားများကို မန္တလေး၊ စစ်ကိုင်း ဘောလုံးသမားဟောင်းများ၊ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက တစ်ဦးချင်း ဆုတံဆိပ်များပေးအပ်ကြပြီး တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်က ဒုတိယဆုရ Academic United အသင်းအား ဒုတိယဆုဖလားနှင့် ဆုငွေကျပ် ၁၀ သိန်းနှင့် စစ်ကိုင်းမြို့မိ မြို့ဖအားကစားတာဝန်ခံနှင့် ဘောလုံးသမားများအသင်းမှ ဦးချစ်ဖူးနှင့် ဦးမျိုးသန်းဦးတို့က ပထမဆုရအသင်းအား ဂုဏ်ပြုဖလားတို့ကို ချီးမြှင့်ခဲ့ကြသည်။



ထို့နောက် မန္တလေးတိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်မေမြတ်နွယ်(သံလွင်မြန်မာ)က ပထမဆုရ အားသစ်အသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ်သိန်း ၂၀ ချီးမြှင့်လိုက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် အမျိုးသမီးတစ်ဦးအား သတ်သွားသည့် ပြစ်မှုကျူးလွန်သူကိုဖမ်းဆီးရမိ

**ရန်ကုန် ဧပြီ ၈**

ဧပြီ ၃ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ၂၆ ရပ်ကွက်တွင် အသက် (၅၄ နှစ်) အရွယ်အမျိုးသမီးတစ်ဦးအား သတ်သည့် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က အမှုတိုင်တန်းပြီး ငါးရက်အတွင်း ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၃ ရက် နံနက် ၅ နာရီခွဲခန့်က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နေ တရားလိုဦးဝင်းမြင့်မှာ ၎င်း၏သားဖြစ်သူနှင့်အတူ နေပြည်တော်မှ နေအိမ်သို့ ပြန်လည်ရောက်ရှိစဉ် နေအိမ်အတွင်းခန်း၌ ဇနီးဖြစ်သူ ဒေါ်နှင်းကြည်မှာ ပါးစပ်ကို ပုဆိုးစနှင့်ပိတ်၍ ဒဏ်ရာများရရှိသေဆုံးနေကြောင်း သိရှိရသဖြင့် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ် အရေးယူပေးရန် တိုင်တန်းချက်အရ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူအား အမြန်ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်အား စစ်ဆေးခဲ့ရာ အခင်းဖြစ်နေရာရှိ ရေချိုးခန်းအုတ်ကန်အတွင်းမှ စတီးခါးမတစ်ချောင်း၊ နေအိမ်ဝင်းသံပန်းတံခါးပိတ်သည့် သော့တစ်ချောင်း အပါအဝင် သက်သေခံ အထောက်အထားများကို



ပြစ်မှုကျူးလွန်သူ သီရိမောင်

သိမ်းဆည်းရရှိခဲ့သည့်အပြင် တရားလို၏သားဖြစ်သူ ပြောပြချက်အရ သေဆုံးသူ ဒေါ်နှင်းကြည်၏ နားကပ်တစ်ဖက်၊ ရွှေလက်စွပ်တစ်ကွင်း၊ ကျောက်ဖြူလက်စွပ်တစ်ကွင်း၊ Huawei လက်ကိုင်ဖုန်း တစ်လုံးနှင့် ငွေကျပ် ၃၈ သိန်းတို့ပျောက်ဆုံးနေကြောင်း သိရသည်။

အထူးအမှုစစ်အဖွဲ့မှ သေဆုံးသူ၏ နောက်ကြောင်း စုံစမ်းချက်များအရ သေဆုံးသူ ဒေါ်နှင်းကြည်မှာ လူမှုကွန်ရက်တစ်ဆင့် မြေနီကုန်းတွင် တွန်းလှည်းဖြင့် သစ်သီးရောင်းသူ သီရိမောင်ဆိုသူနှင့် ခင်မင်ရင်းနှီးခဲ့ကြောင်း စုံစမ်းသိရှိရသဖြင့် သီရိမောင်အား စစ်ဆေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များ က သီရိမောင်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုံစမ်းထောက်လှမ်းခဲ့ရာ သီရိမောင်၏ ဇာတိမှာ မအူပင်မြို့နယ် ဝဲဒေါင့်ကျေးရွာဖြစ်ကြောင်း၊ ထားဝယ်မြို့နယ် မေတ္တာမြို့ ကတ္တာရာခီးကျေးရွာရှိ ရော်ဘာခြံတွင်လည်း လုပ်ကိုင်ဖူးကြောင်း သတင်းရရှိသည်။

အဆိုပါ သတင်းအချက်အလက်များအရ သီရိမောင်မှာ ထားဝယ်မြို့နယ် မေတ္တာမြို့သို့ ရောက်ရှိနေကြောင်းသတင်းရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များက ထားဝယ်မြို့နယ်သို့ သွားရောက်ဖမ်းဆီးခဲ့ရာ ဧပြီ ၈ ရက် နံနက် ၁ နာရီတွင် သီရိမောင်အား ထားဝယ်မြို့နယ် မေတ္တာမြို့၊ ကတ္တာရာခီးကျေးရွာရှိ ဦးဝေနှင်းမောင်၏ ရော်ဘာခြံ၌တွေ့ရှိပြီး ၎င်းထံမှ ငွေကျပ် ၁၃၈၀၀၀၀၊ သေဆုံးသူ ဒေါ်နှင်းကြည်ဝတ်ဆင်သည့် နားကပ်တစ်ဖက်၊ ရွှေလက်စွပ်တစ်ကွင်း၊ ကျောက်ဖြူလက်စွပ်တစ်ကွင်း၊ Huawei လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ယင်းအမှုကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြစ်မှုကျူးလွန်သူ သီရိမောင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၈**

မူးယစ်တပ်ဖွဲ့စု ၁၇ မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၇ ရက် နံနက် ၆ နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် မင်းကြီးရန်နောင်လမ်း



တင်စိုး၊ ဒေါ်စောရီနှင့် မဖြူအိတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

မျိုးဇော်ဦး မောင်းနှင်ပြီး မိုးမြင့်နောင် (ခ) ဒန်ကို လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ တူးဘောက်အတွင်းမှ ဘိန်းဆီခဲ ၁ ဒသမ ၃ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ အလားတူ ချမ်းမြသာစည်မြို့နယ် ၇၈ လမ်းထောင့်၌ ကောင်းဆက် (ခ) သူရ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈ ပြား၊ ဆေးခြောက် ၉ ဂရမ်နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း၊ မွန်းလွဲ ၂ နာရီက ချမ်းအေးသာစံမြို့နယ် ၆၃ လမ်း၊ ၂၉ လမ်းထောင့်တွင် အောင်သက်ပိုင်(ခ)ပိုင်လေး မောင်းနှင်ပြီး ကောင်းခန့်(ခ)J-blood လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အားရှာဖွေရာ ကောင်းခန့်(ခ) J-blood ၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၂၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဧပြီ ၇ ရက် ည ၈ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂ မြစ်ကြီးနားမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက် အထက်တန်းကျောင်းရှေ့လမ်းမပေါ်၌ ကျော်ကျော်လင်း (ခ)ရာယား အားရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၀ ခွက် (ဘိန်းဖြူအလေးချိန် ၁၀၅ ဂရမ်)သိမ်းဆည်းရမိခဲ့ပြီး နေအိမ်ကို ဆက်လက်ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် တစ်ခွက် (ဘိန်းဖြူအလေးချိန် ၁၀ ဒသမ ၅ ဂရမ်) ကိုလည်းကောင်း။

အလားတူ ယင်းနေ့ ည ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်း၌ ခရီးသည်တင် မော်တော်ယာဉ်ကိုရှာဖွေရာ ခရီးသည် တင်စိုး၊ ဒေါ်စောရီနှင့် မဖြူအိတို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

ကိုရဲ

# လုပ်ငန်းလိုင်စင်မရှိဘဲ ဆေးကုသသည့် တရုတ်နိုင်ငံသားနှင့် ဆေးခန်းပိုင်ရှင်အား အမှုဖွင့်အရေးယူ

**နေပြည်တော် ဧပြီ ၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ၁ ရပ်ကွက် ပုဂံအိမ်ရာတွင် မြောက်ဥက္ကလာပမြို့နယ် ၈ ရပ်ကွက်နေ နိုင်နိုင်ဦး (စိစစ်ဆဲ)ပိုင်ဆိုင်သည့် "နေဝန်း" ဆေးခန်းအပေါ်ဆုံးထပ်၌ နိုင်ငံခြားသား ဆေးကုသနေကြောင်း သတင်းအရ ဧပြီ ၆ ရက် မွန်းလွဲ ၁ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့မှဝန်ထမ်းများနှင့် မြို့နယ်ကျန်းမာရေးမှူး ပါဝင်သောအဖွဲ့တို့မှ ဝင်ရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် တရုတ်နိုင်ငံသား Mr.Qui Xie (၄၅ နှစ်) အား တရုတ်ဘာသာဖြင့် ဖော်ပြထားသော မှတ်ပုံတင်ထားခြင်းမရှိဟုယူဆရသည့် ဆေးဝါးများ၊ အရွက်များ၊ လက်အိတ်များ၊ နှာခေါင်းစည်းများ၊ ခွဲစိတ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ တရုတ်တိုင်းရင်းဆေးများ၊ Drip ပုလင်းများ၊ ထိုးဆေးများ၊ ဆေးထိုးပိုက်များနှင့် အတူတွေ့ရှိ ဖမ်းဆီးရမိခဲ့သဖြင့် တရုတ်နိုင်ငံသား Mr.Qui Xie နှင့် "နေဝန်း" ဆေးခန်းပိုင်ရှင် နိုင်နိုင်ဦး တို့နှစ်ဦးအား လမ်းမတော်မြို့မရဲစခန်း၌ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုရဲ

# ကောက်ရိုးပြာပုံ၌ မီးရှို့ထားသည့် အလောင်းတစ်လောင်းတွေ့ရှိ

**နေပြည်တော် ဧပြီ ၈**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် သင်တောကျေးရွာ အရှေ့ဘက်လယ်ကွင်းအတွင်း ဧပြီ ၇ ရက် ညနေ ၄ နာရီ ၁၀ မိနစ်က မီးလောင်ထားသော ကောက်ရိုးပြာပုံအတွင်းမှ အပုပ်နံ့ရကြောင်း သတင်းအရ အိမ်မဲမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် ဆင်ဆိပ်ကျေးရွာနေ ဦးတင်ထွန်း လယ်ကွင်းအတွင်း မီးလောင်ထားသော ကောက်ရိုးပြာပုံ၌ ဦးခေါင်းနှင့်ခန္ဓာကိုယ် တစ်စစီဖြစ်၍ မီးလောင်ထားသည့် အလောင်းတစ်လောင်းအား စောင်အဟောင်းတစ်ထည်ဖြင့် ပတ်ထားသည်ကို တွေ့ရှိရသဖြင့် အိမ်မဲပြည်သူ့ဆေးရုံ သို့ ပို့ဆောင်ခဲ့ပြီး မီးရှို့သတ်ဖြတ်သွားသူ(စိစစ်ဆဲ) အား အိမ်မဲမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

ကိုရဲ

# ဂုတ်တွင်းအဆင်း ကွေ့ကြော၌ အပ်ချုပ်စက်များတင်ဆောင်လာသည့် ၁၂ ဘီးတွဲယာဉ်တိမ်းမှောက်

**သီပေါ ဧပြီ ၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး ကျောက်မဲနှင့် နောင်ချိုမြို့နယ်ကြားရှိ ဂုတ်တွင်းကားလမ်း မိုင်တိုင်အမှတ် (၈၄/၂-၃)ကြားတွင် ဧပြီ ၈ ရက် နံနက် ၅ နာရီခွဲက အပ်ချုပ်စက်နှင့် စက္ကူလိပ်များ တင်ဆောင်လာသော မူဆယ်မှ မန္တလေးဘက်သို့ဆင်းမည့် ယာဉ်မောင်း နေထက်လင်း မောင်းနှင်သည့် 9J/----- ၂၂ ဘီးယာဉ်မှာ လေအိတ်ပေါက်ပြီး ဂုတ်တွင်းအဆင်းကွေ့ကြောတွင် လမ်းယာဘက်သို့ တိမ်းမှောက်သွားသဖြင့် ယာဉ်ကြောပိတ်ကာ မန္တလေး-လားရှိုး-မူဆယ်သွား မော်တော်ယာဉ်များ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ အခင်းဖြစ်ပွားရာသို့ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦး၊ အမှတ် (၁၂၀) ယာဉ်ထိန်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ကျောက်မဲ)မှ ဒုရဲမှူး ကျော်ကျော်ထွန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ဂုတ်တွင်းနယ်မြေရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ နောင်ပိန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ယာဉ်ကြောအမြန်ပွင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရာ ယာဉ်ငယ်များသွားလာနိုင်ပြီး ကုန်တင်ယာဉ်ကြီးများ ဆက်လက်သွားလာနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဖယ်ရှားလျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

# မရမ်းချောင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ စစ်ဆေးရှာဖွေရာမှ စားသောက်ကုန်များနှင့် မီးခိုးငွေ့ထုတ်လွှတ်စက်ဖမ်းမိ

**နေပြည်တော် ဧပြီ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၀၇ စီး၊ သွင်းကုန် အစီး ၁၁၀၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး၊ သွင်းကုန် ၁၇၈ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၇ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၄၉၃ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၉၅၈ သန်းခန့် ၊ စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၄၅၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၇ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်များနှင့် မီးခိုးငွေ့ထုတ်လွှတ်စက် (Haze Machine) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၉၅၈ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်များနှင့် မီးခိုးငွေ့ထုတ်လွှတ်စက် (Haze Machine)

# ဆေးလာကုသူနှင့် အပေါင်းပါများက ဝိုင်းဝန်းထိုးကြိတ်၍ ဆေးရုံဝန်ထမ်းတစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၈**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက် ပြည်သူ့ဆေးရုံအဝင်ဂိတ်၌ ဧပြီ ၆ ရက် ညနေပိုင်းက ဆေးလာကုသူနှင့် အပေါင်းအပါများက ဝိုင်းဝန်းထိုးကြိတ်၍ ဆေးရုံဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ဆေးရုံအဝင်ဂိတ်၌ ဧပြီ ၆ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က ဆေးရုံဝန်ထမ်းဖြစ်သူ ဦးကျော်ဇေယျ (၃၃ နှစ်) သည် လုံခြုံရေးဝန်ထမ်း ဦးသိန်းဦး (စိစစ်ဆဲ) နှင့်အတူထိုင်နေစဉ် ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်နေ အာကာမင်း (၁၈ နှစ်) သည် ဆိုင်ကယ်လဲသည့် ဒဏ်ရာဖြင့်ရောက်ရှိလာ၍ ဦးသိန်းဦးက ဂိတ်ပေါက်ဖွင့်ပေးခဲ့ကြောင်း၊ ထိုသို့ဂိတ်ဖွင့်ပေးစဉ် လိုက်ပို့သူ လူငယ်တစ်ဦး (စိစစ်ဆဲ) က ၎င်းအား ဆဲဆိုခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒဏ်ရာရရှိသူ လူနာ အာကာမင်းအား ဆေးကုသမှုခံယူ၍ ကားဖြင့် ပြန်ထွက်စဉ် ဂိတ်ပေါက်အရောက်၌ ဦးကျော်ဇေယျနှင့် ဆဲဆိုသည့်လူငယ်တို့ အချင်းများစဉ် အတူပါလာသူ လူငယ်ခြောက်ဦးခန့် (စိစစ်ဆဲ) က ဦးကျော်ဇေယျအား ထိုးနှက်ပြီး အုတ်ခဲဖြင့်ထုကာ ချွန်ထက်သောအရာဖြင့်ထိုးခဲ့၍ ဦးကျော်ဇေယျတွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား အရေးယူပေးရန် တိုင်တန်းသဖြင့် အဆိုပါလူငယ်ခြောက်ဦးအား ဖမ်းဆီးရမိရေး ထုံးဖိုမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းစဉ် ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်နေ ဟိန်းထက်ဇော် (၂၀ နှစ်)ပါ လေးဦးအား ဆေးရုံရှေ့ဆိုင်ကယ်ကယ်ရီဂိတ်၌ ဖမ်းဆီးရမိခဲ့ပြီး ကျန်ပြစ်မှုကျူးလွန် သူများအား ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

## မြန်မာ့ရုပ်မြင်သံကြား

၉ - ၄ - ၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ပြည်ထောင်စု စာရင်းချုပ်ရုံး)
၉း၁၀ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ**(၄၁)
၉း၃၅ - **ဧပြီလအတွက်လပတ် မိုးလေဝသအစီအစဉ်**
၁၀း၂၀ - ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြားလူငယ် အစီအစဉ်
၁၃း၃၅ - **သားတို့သမီးတို့သိတဲ့သင်္ကြန်**
၁၅း၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်စင်ခတဲ့ နှလုံးသား** (အပိုင်း-၅၆) (ဇာတ်သိမ်းပိုင်း)

**ညနေပိုင်း**

၁၆း၂၀ - အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၁၆း၅၀ - **ပျော်ကြမည့်သင်္ကြန်မှာ ပူလှသည့် နွေဒဏ်ကို ကာကွယ်ဖို့ သတိပြုဆင်ခြင်စရာများ**
၁၇း၀၅ - **This Week's Special Interest**
၁၇း၃၅ - **Yes or No Talk Show**
၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ **ဥပဒေရေးရာ သိကောင်းစရာအမေးအဖြေ** (ဦးဟန်ညွန့် (ဥပဒေ) တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်၊ ဝေဖြိုးဟိန်း၊ ခိုင်ဇာသွေး) (ဒါရိုက်တာ-ဝေဠု (ဝသန်))
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (ပညာရေးဝန်ကြီး ဌာန)
- နိုင်ငံခြားဇာတ်လမ်းတွဲ **တရားရှင်နှင့် ဓားဘုရင်** (နောက်ဆုံးရင်သွေး) (အပိုင်း-၁)
- မျက်မှောက်ရေးရာသုံးသပ်စရာ
- နိုင်ငံခြားဇာတ်လမ်းတွဲ **အေးအတူပူအမျှ** (အပိုင်း-၃၄) (ဇာတ်သိမ်းပိုင်း)

# MNL ပြိုင်ပွဲတွင် မကွေး၊ ရောဝတီနှင့် ရခိုင်အသင်း နိုင်ပွဲပြန်ရ

**ရန်ကုန် ဧပြီ ၈**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပရာ မကွေး၊ ရောဝတီနှင့် ရခိုင်အသင်း နိုင်ပွဲပြန်လည် ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မကွေးအသင်းက ဇွဲကပင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မကွေးအသင်းသည် နိုင်ပွဲပြန်လည်ရရှိခဲ့သောကြောင့် ထိပ်ဆုံးမှ ရန်ကုန်အသင်းအား သုံးမှတ်အကွာဖြင့် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ဇွဲကပင်အသင်းသည် သုံးပွဲဆက်အနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် အဆင့် ၈ နေရာသို့ ရောက်သွားခဲ့သည်။

မကွေးအသင်းသည် ပွဲပယ်ခံထားရသည့် တိုက်စစ်မှူး အောင်မြင့်ထွန်းမှလွဲ၍ လူစုံအသုံးပြုခဲ့ပြီး ဇွဲကပင်အသင်းမှာလည်း ရောဝတီအသင်း အနိုင်ရခဲ့သည့် လူစာရင်းကို အမာခံထားကာ



ဇွဲကပင်တိုက်စစ်မှူး သန်းထက်အောင်၏ ဂိုးသွင်းရန်ကြိုးပမ်းမှုအား မကွေးနောက်ခံလူ နန္ဒကျော် ဖျက်ထုတ်နေစဉ်။

ပွဲထွက်ခဲ့သည်။ မကွေးအသင်းသည် ပြီးခဲ့သည့်ပွဲတွင် GFA အသင်းကို မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့သောကြောင့် ယခုပွဲကို စနစ်တကျပြင်ဆင်လာပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။

၁၉ မိနစ်တွင် မကွေးအသင်း တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့ပြီး နိုင်နိုင်ကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရသောကြောင့် ဇွဲကပင်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းလာသော်လည်း မကွေးခံစစ်ပိုင်း အမှားမရှိခဲ့သောကြောင့် ချေပဂိုးနှင့် ဝေးခဲ့ရသည်။ ဇွဲကပင်အသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်အားမြင့်လာသလို မကွေးတိုက်စစ်မှူး မောင်မောင်စိုး နှစ်ဝါ၊ တစ်နီဖြင့် ထုတ်ပယ်ခံရသောကြောင့် တစ်ယောက်အသာရခဲ့သည်။ ဇွဲကပင်အသင်း၏ တိုက်စစ်အား မကွေးနောက်တန်းက အမှားအယွင်းမရှိ ထိန်းချုပ်ကာ အနိုင်ရလဒ် ရယူသွားသည်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရောဝတီအသင်းသည် ယခုပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး အိမ်ကွင်း၌ ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ရောဝတီအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့သည်။ ရောဝတီအသင်းအတွက် ဂိုးများကို ၂၆၊ ၃၄ မိနစ်တွင် သီဟဇော်၊ ၄၇ မိနစ်တွင် အယ်လာပက်ထရစ်၊ ၅၉ မိနစ်တွင် အိုလာရီ၊ ၆၄ မိနစ်တွင် နိုင်လင်းဦးတို့က သွင်းယူခဲ့ပြီး စစ်ကိုင်းယူနိုက်တက်အတွက် ချေပဂိုးများကို ၅၃ မိနစ်တွင် သီဟသူ၊ ၉၁ မိနစ်တွင် ကောင်းဇော်ထွေးက သွင်းယူခဲ့သည်။

ဝေသာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရခိုင်အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး ၁၈ မိနစ်တွင် မက်သရူး၊ ၃၂ မိနစ်တွင် ကောင်းမြတ်ဇော်က သွင်းယူခဲ့သည်။ မြဝတီအတွက် ချေပဂိုးကို ၈၂ မိနစ်တွင် ရဲဝေယံစိုးက ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

ပွဲစဉ် (၁၀) အပြီးတွင် ရန်ကုန်အသင်းက ၂၃ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး မကွေးအသင်းက ၂၀ မှတ်၊ ဟံသာဝတီအသင်းက ၁၈ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်၊ ရတနာပုံအသင်းက ၁၆ မှတ်၊ ရခိုင်အသင်းက ၁၄ မှတ်၊ Southern နှင့် ဇွဲကပင်အသင်းက ၁၃ မှတ်စီ၊ ရောဝတီအသင်းက ၁၂ မှတ်၊ စစ်ကိုင်းအသင်းက ကိုးမှတ်၊ GFA အသင်းက ခုနစ်မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

# ရှုံးရှီကျေးရွာအုပ်ချုပ်ရေးမှူးဖလား နွေရာသီဘောလုံးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ရှုံးရှီကျေးရွာအုပ်ချုပ်ရေးမှူးဖလား နွေရာသီအလွတ်တန်း ဘောလုံးပြိုင်ပွဲနှင့် ဆုဖလားပေးအပ်ပွဲကို ဧပြီ ၇ ရက် ညနေ ၄ နာရီက ရှုံးရှီကျေးရွာ ဘောလုံးကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှုံးရှီကျေးရွာအုပ်ချုပ်ရေးမှူးဖလား နွေရာသီဘောလုံးပြိုင်ပွဲကို ရှုံးရှီကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မတ် ၂၄ ရက်က စတင်ယှဉ်ပြိုင်ရာ ဧပြီ ၇ ရက်တွင် ဗိုလ်လုပွဲကျင်းပခြင်းဖြစ်သည်။

ထို့နောက် ရှုံးရှီကျေးရွာ မန်ယူကလပ်အသင်းက ဗိုလ်စွဲခဲ့ပြီး ဆုဖလားကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်က ချီးမြှင့်ပေးအပ်ပြီး (**ယာပုံ**) ဒုတိယဆု၊ တတိယဆု၊ နေရာအလိုက်ကစားသမားအကောင်းဆုံးဆုများကို ဂန့်ဂေါခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းကိုနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ကျေးလက်နေပြည်သူများ ကျန်းမာလာစေရန်နှင့် အားကစားကဏ္ဍပိုမိုတိုးတက်လာစေရန် ကျေးရွာများတွင် အားကစားပြိုင်ပွဲများ ပြုလုပ်ရန်လိုကြောင်းပြောကြားပြီး အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဝင်းကို**




## ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့အလှူငွေလှူဒါန်းခြင်း




ရန်ကုန်မြို့၊ သာကေတမြို့နယ်၊(၆)ရပ်ကွက်၊ ဇာဂ်မလမ်း၊ အမှတ် ၂၈၄ နေ အဘွားများဖြစ်သော ဒေါ်ကျင်လှုံ၊ ဒေါ်ကြင်ယုံ၊ ဒေါ်စောရီ၊ ဒေါ်အေးနှင့် မိခင်ကြီးဒေါ်ရွှေအင်တို့အား ရည်စူး၍ သမီးဒေါ်ခင်ကြူမှ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ် ၁၀ သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် သူနာပြုအုပ်ဒေါ်မြင့်မေတို့မှ လက်ခံယူပါသည်။ လှူဒါန်းမှုအပေါ် နတ်လူသာခုခေါ်စေသော်

## ခြံရောင်းမည်

အလျား ၆၉ ပေ × အနံ ၆၈ ပေ၊
သီရိသုခလမ်း၊
သဃ်န်းကျွန်းကြီးရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။
ဖုန်း-၀၉ ၂၅၂၅၆၈၆၈၆၊ ၀၉ ၄၂၀၀၆ ၂၄၂၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/8863 Mitsubishi Minicab U62T Pickup ယာဉ်လက်ဝယ်ရှိသူဦးဘလွင် ၁၀/မလမ(နိုင်)၀၆၉၅၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/3346 Mazda Familia vy 12 ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်လတ်ကျော် ၉/ပမန(နိုင်)၁၆၅၄၆၇ က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ဃ/၆၆၅၀၉ ယာဉ်လက်ဝယ်ရှိသူ ဦးစောစည်သူအောင် ၁၄/မအပ(နိုင်)၁၉၆၃၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၇၅၇၂ SunLight Truck(1)Ton ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်အေး ၅/ကနန(နိုင်)၀၁၃၁၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရွှေဘို)ရွှေဘိုမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ချင်းပြည်နယ်အတွင်းရှိ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ လမ်းအထူးအဖွဲ့ (၁၂)၊ မတူပီမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(ဧပြီလမှ စက်တင်ဘာလ အထိ) ပထမ(၆)လ ရန်ပုံငွေဖြင့် လမ်း/တံတား လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းပိုင်းများအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။ သို့ပါ၍ တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မတူပီမြို့(ဖုန်း-၀၉-၇၆၄၀၂၃၆၄၊ ၀၉-၇၇၄၈၅၄၁၄၇)တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံ(တင်ဒါစည်းကမ်းချက်များနှင့်အတူ) စတင်ရောင်းချမည့်ရက်** | - ၉-၄-၂၀၁၈ရက်မှ ၂၃-၄-၂၀၁၈ရက်အထိ နေ့စဉ် နံနက်၉နာရီမှ ညနေ ၄နာရီအထိ |
| **တင်ဒါပုံစံစည်းကမ်းချက်ပါ အထောက်အထားများပေးပို့ရမည် နောက်ဆုံး ရက်/အချိန်** | - ၂၄-၄-၂၀၁၈ရက် ညနေ ၄နာရီ |
| **တင်ဒါဖွင့်ပွဲ ကျင်းပမည့် ရက်/အချိန်** | - ၂၆-၄-၂၀၁၈ရက် နံနက် ၉း၃၀နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးမြို့။ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၇၆၄၀၂၃၅၆၄၊၀၉-၇၇၄၈၅၄၁၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉င၊ မြေကွက်အမှတ် ၂/ခ+၁၉၊ မြေကွက်တည်နေရာအမှတ် (၂/ခ+၁၉)၊ ဦးဝိစာရလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဦးကျော်မင်း ၁၂/လသန(နိုင်)၀၀၄၈၁၂အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အား အမည်ပေါက် ဦးကျော်မင်းကိုယ်စား ပြန်လည်မရုပ်သိမ်းနိုင်သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၅၉၀/၂၀၁၇)၁၅-၁၂-၂၀၁၇ဖြင့်ရရှိသူ ဦးမင်းသူကျော် ၉/မရမ(နိုင်)၀၃၄၈၀၅မှ ရယူ၍၂၀၁၇ခုနှစ်တွင် ထုတ်ယူခဲ့သော အရောင်းအဝယ်မြေပုံမူရင်းပျောက်ဆုံးကြောင်း ၂၆-၃-၂၀၁၈ ရက်စွဲပါ ကျမ်းကျိန်လွှာတို့ တင်ပြ၍ အရောင်းအဝယ်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ်(ဒ-၆၁၆၁)၊မြေကွက်အမည်ပေါက် ဒေါ်ခင်ထွေး (ပေ၆၀×ပေ ၄၀)ရှိ မြေကွက်နှင့် မြေကွက်အမှတ်(ဒ-၆၁၆၂)၊ မြေကွက် အမည်ပေါက်ဒေါ်တင်တင်ရီ(ပေ ၆၀×ပေ ၄၀)ရှိ မြေကွက်နှစ်ကွက်နှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဦးသန်းဌေး ၇/တငန(နိုင်)၀၅၈၆၁၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အိသီရိကြူ** | **ဒေါ်ဝတ်ရည်ထွန်း** |
| **LL.B, M.A(Business Law)** | **LL.B, LL.M** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၉၈)** |
| **ဖုန်း-၀၉-၄၃၁၆၃၄၀၅၊** | **ဖုန်း-၀၉-၅၃၀၂၃၂၈** |

**အမှတ် ၁၅၊ မာလာမြိုင်လမ်း၊ (၁၆) ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်အတွင်းရှိ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၂)၊ လမ်းအထူးအဖွဲ့ (၁၂)၊ မတူပီမြို့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်(ဧပြီလမှ စက်တင်ဘာလ အထိ) ပထမ(၆)လ အတွင်း ပြည်နယ်ခွင့်ပြု ရန်ပုံငွေဖြင့် လမ်းများအလိုက် အမာခံလမ်းခင်းခြင်း၊ လမ်းတာချဲ့ခြင်း၊ ရေပြွန်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံ(တင်ဒါစည်းကမ်းချက်များနှင့်အတူ) စတင်ရောင်းချမည့်ရက်** | - ၉-၄-၂၀၁၈ရက်မှ ၂၇-၄-၂၀၁၈ရက်အထိ နေ့စဉ် နံနက်၉နာရီမှ ညနေ ၄နာရီအထိ |
| **ကန်ထရိုက်တာ၏ Profile နှင့်တင်ဒါပုံစံစည်းကမ်းချက်ပါ အထောက်အထားများပေးပို့ရမည့် နောက်ဆုံး ရက်/အချိန်** | - ၃၀-၄-၂၀၁၈ရက် ညနေ ၄နာရီ |
| **တင်ဒါဖွင့်ပွဲ ကျင်းပမည့် ရက်/အချိန်** | - ၂-၅-၂၀၁၈ရက် နံနက် ၁၀နာရီ |
| **တင်ဒါဖွင့်ပွဲ ကျင်းပမည့်နေရာ** | - ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟားခါးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၂)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၉-၇၆၄၀၂၃၅၆၄၊၀၉-၇၇၄၈၅၄၁၄၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-VI)၊ ဦးပိုင်အမှတ်(၈-ဃ/၇၁)၊ မြေယာအမှတ်(၇၆/၃၅၅)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ မြေကွက်အား မြေငှားဂရန်သစ်(ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်မေသက်ထား ၁၂/ကမရ(နိုင်)၀၁၁၉၅၇မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ အောင်ပွင့်ဖြိုးလမ်းထောင့်၊ အမှတ် ၆၂၁၊ မြေကွက်အကျယ် ပေ(၂၀×၆၀)ထောင့်ခြမ်းရှိ ပါမစ်မြေကွက်ကို ဦးလှိုင်မြင့် ၁၂/ဥကတ(နိုင်) ၁၃၅၈၂၃ထံမှ ဒေါ်ကြည်ကြည်မြ ၁၂/လမန(နိုင်)၀၁၃၉၈၃နှင့်ဒေါ်နီနီဝင်း ၁၂/လမန(နိုင်)၀၀၂၆၃၄တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရောင်းဝယ်ခြင်းအပေါ်ကန့်ကွက်လိုသူများရှိပါက မိမိတို့လက်ဝယ်ရှိပိုင်ဆိုင်မှု မူရင်းအထောက်အထားသော်လည်းကောင်း၊ အခြားပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်သော်လည်းကောင်း ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ခုနစ်ရက်အတွင်း ကန့်ကွက်သူ ပေါ်ပေါက်ခြင်းမရှိပါက ရောင်းဝယ်ခြင်းကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်-ဒေါ်ကြည်ကြည်မြ-ဖုန်း-၀၉-၂၅၀၀၈၈၄၈၂**
**ဒေါ်နီနီဝင်း-ဖုန်း-၀၉-၇၃၀၀၅၂၂၉**

# နယူးယောက်မြို့ မန်ဟက်တန်ရှိ ထရန့်တာဝါ မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံး



**နယူးယောက် ဧပြီ ၈**
နယူးယောက်မြို့ မန်ဟက်တန်ရှိ ထရန့်တာဝါ မီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးခဲ့ပြီး မီးသတ်သမားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဧပြီ ၈ ရက်သတင်းများတွင် ဖော်ပြခဲ့သည်။

ထရန့်တာဝါတွင်နေထိုင်သည့်အမျိုးသားတစ်ဦးမှာ မီးလောင်မှုကြောင့် ဆေးရုံသို့ပို့ဆောင်ကုသခဲ့ရာတွင် ဒဏ်ရာပြင်းထန်သောကြောင့် သေဆုံးခဲ့သည်ဟု အမေရိကန်နိုင်ငံ နယူးယောက်အရန်မီးသတ်ဦးစီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောခဲ့သည်။

ထရန့်တာဝါ၏ အထပ် ၅၀ မြောက်တွင် စတင်မီးလောင်ခဲ့ခြင်းဖြစ်ပြီး မီးသတ်သမားနှင့် အရေးပေါ်ကုသကယ်ဆယ်သူ အယောက် ၂၀၀ ခန့် အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ ချက်ချင်းသွားရောက်ခဲ့သည်။ မီးငြိမ်းသတ်ရာတွင် မီးသတ်သမားလေးဦး ဒဏ်ရာရရှိခဲ့ပြီး ည ၈ နာရီခန့်တွင် မီးလောင်သော အခြေအနေကို ထိန်းထားနိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ထရန့်တာဝါအတွင်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့သော်လည်း မည်ရွေ့မည်မျှ ပျက်စီးဆုံးရှုံးကြောင်း အတိအကျ မသိရသေးကြောင်း သိရသည်။ မီးလောင်မှုဖြစ်စဉ်ကို သက်ဆိုင်ရာအာဏာပိုင်များက စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း နယူးယောက် အရန်မီးသတ်ဦးစီးဌာနဦးစီးချုပ် ဒန်နီရယ်နီဂရိုးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မီးလောင်မှုကို အောင်မြင်စွာ ငြိမ်းသတ်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် မီးသတ်သမားများကို ချီးကျူးကြောင်း ၎င်း၏ လူမှုကွန်ယက်စာမျက်နှာဖြစ်သော တွစ်တာတွင် ပြောခဲ့သည်။

ထရန့်တာဝါသည် ၅၈ ထပ်မြင့်ပြီး ထရန့်ကုမ္ပဏီ၏ ရုံးချုပ်လည်းဖြစ်သည်။ ထို့အပြင် ထရန့်အမေရိကန်သမ္မတဖြစ်ရေး မဲဆွယ်စည်းရုံးသည့် ဌာနချုပ်လည်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းက ထရန့်တာဝါ၏ ခေါင်မိုးလေအေးပေးစက်ပစ္စည်းကိရိယာများ မီးလောင်ဖူးကာ မီးသတ်သမားတစ်ဦးအပါအဝင် လူသုံးဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ထရန့်တာဝါကို ၁၉၈၀ပြည့်လွန်နှစ်အစောပိုင်းနှစ်များက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထရန့်တာဝါအောက်ပိုင်းတွင် ရုံးခန်းများ၊ စီးပွားရေးလုပ်ငန်းများရှိကာ ထရန့်တာဝါအထက်ပိုင်းတွင် လူနေတိုက်ခန်းများပါရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်နှင့် ဂျက်လေယာဉ်များ ပျက်ကျခဲ့ရာ လက်ရှိအချိန်အထိ သေဆုံးသူ စုစုပေါင်း ခုနစ်ဦးရှိပြီဖြစ်

**နယူးယောက် ဧပြီ ၈**
အင်္ဂါနေ့ကတည်းက အမေရိကန် စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်နှင့် ဂျက်လေယာဉ်လေးစင်းပျက်ကျခဲ့ရာ လက်ရှိအချိန်အထိ သေဆုံးသူ စုစုပေါင်း ခုနစ်ဦးရှိပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဧပြီ ၈ ရက်က ဖော်ပြခဲ့သည်။

ကန်တက်ကီ-တန်နက်ဆီနယ်စပ်၊ ဖို့ဒ်ကမ့်ဘဲလ်၌ အပါချီတိုက်ခိုက်ရေး ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းမှုပြုလုပ်စဉ် သောကြာနေ့ညက ပျက်ကျခဲ့ရာ တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့သည်။

ကယ်လီဖိုးနီးယား ပြည်နယ်၌ အင်္ဂါနေ့က CH-53ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ မရိန်းတပ်ဖွဲ့ဝင်လေးဦးသေဆုံးခဲ့သေးသည်။




ထို့နောက် ဗုဒ္ဓဟူးနေ့ကလည်း နီဗားဒါးလေတပ်အခြေစိုက်စခန်း၌ F-16 တိုက်ခိုက်ရေး ဂျက်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ခဲ့ရာ လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့သေးကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များတွင် အင်္ဂါနေ့က အာဖရိက အရှေ့ပိုင်းတွင်ဖြစ်ပွားခဲ့သော ပုံမှန်မဟုတ်သော Marine AV-8B Harrier ဂျက်လေယာဉ်ပျက်ကျမှုတစ်ခုလည်းပါဝင်ကြောင်း သိရသည်။

CH-53 ရဟတ်ယာဉ်နှင့် F-16 တိုက်ခိုက်ရေး ဂျက်လေယာဉ်တို့သည် လတ်တလောတွင် ဂျပန်ရှိ အမေရိကန် စစ်အခြေစိုက်စခန်းတွင် ဖြန့်ကြက်နေသော ရဟတ်ယာဉ်နှင့် တိုက်ခိုက်ရေး ဂျက်လေယာဉ်များဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်အလယ်ပိုင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ လူသုံးဦးသေဆုံး

**ချီကာဂို ဧပြီ ၈**
အမေရိကန်နိုင်ငံအလယ်ပိုင်း အီလီနွိုက်ပြည်နယ် ရော့ခ်ဖို့ဒ်မြို့၌ ဧပြီ ၇ ရက်က သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူသုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူဟု သံသယရှိသူ အသက် ၂၂ နှစ်အရွယ် အမျိုးသားငယ်အား ဖမ်းဆီးရန် ဒေသခံရဲတပ်ဖွဲ့က ဖမ်းဝရမ်းထုတ်ထားကြောင်း သိရသည်။ သေနတ်ပစ်ခတ်မှုသည် နိုက်ကလပ်အငှားဘတ်စ်ကားတစ်စီးပေါ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါကားတွင် လိုက်ပါစီးနင်းသူ အသက် ၂၂ နှစ်အရွယ် အမျိုးသားမှာ ပြစ်မှုကျူးလွန်သည်ဟု သံသယဖြစ်ဖွယ်ရှိသည်ဟု ယူဆရကြောင်း၊ ထိုအမျိုးသားမှာ ယခုအခါတွင် ထွက်ပြေးလွတ်မြောက်နေကြောင်း သိရသည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှား၌ အရက်ပုန်းသောက်ပြီး လူ ၁၁ ဦး သေဆုံး

**ဂျကာတာ ဧပြီ ၈**
အင်ဒိုနီးရှားနိုင်ငံ၌ ဧပြီ ၈ ရက်က မှောင်ခိုအရက်ပုန်းသောက်ပြီးနောက် လူ ၁၁ဦး သေဆုံးခဲ့ကြောင်း၊ အခြားလူအများအပြား စိုးရိမ်ရသော အခြေအနေခံစားနေရကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အစောပိုင်းနေ့များက တရားမဝင်အရက်များသောက်ပြီး အင်ဒိုနီးရှားနိုင်ငံသား ၂၄ ဦးသေဆုံးခဲ့သည့် ဖြစ်ရပ်ဖြစ်ပွားပြီးနောက် ယခုဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အနောက်ဂျာဗားပြည်နယ် Cicalengka ပြည်နယ်၌ ချက်အရက်သောက်ပြီးနောက် လူပေါင်း ၂၇ ဦးကို အရေးပေါ်ဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ပြည်နယ်ရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ Trunoyudo Wisnu Andiko က အေအက်ဖ်ပီသို့ ပြောခဲ့သည်။

"တရားမဝင်အရက်ပုန်းရောင်းတဲ့ဆိုင်ကို ကျွန်တော်တို့ စုံစမ်းနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ သို့သော်လည်း ယခုအချိန်အထိ တစ်ဦးတစ်ယောက်မျှ ဖမ်းဆီးနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အီရတ်ရှိ နာမည်ကြီး နိုင်ငံရေးပါတီတစ်ခုကို အသေခံဗုံးခွဲတိုက်ခိုက် လေးဦးသေဆုံးပြီး အမတ်လောင်းတစ်ဦးဒဏ်ရာရ

**ရာမဒီ ဧပြီ ၈**
အီရတ်အနောက်ပိုင်းရှိ နိုင်ငံရေးပါတီတစ်ခုကို ဦးတည်ပြီး အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ရာ လေးဦးသေဆုံးခဲ့ပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူများထဲတွင် မေလတွင် ရွေးကောက်ပွဲဝင်မည့် အမတ်လောင်းတစ်ဦးလည်း ပါဝင်ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ဧပြီ ၈ ရက်တွင် ပြောခဲ့သည်။

ဧပြီ ၇ ရက်က တပ်ဖွဲ့ဝင်အသွင်ရုပ်ဖျက်ထားသည့် တိုက်ခိုက်ရေးသမားနှစ်ဦးသည် အယ်လ်ဟဲလ်ပါတီဌာနချုပ်သို့ ဝင်ရောက်လာခဲ့သည်။ အဆိုပါပါတီသည် ဆွန်နီကြီးစိုးရာ အယ်လ်အန်ဘာပြည်နယ်၌ ထင်ရှားသည့်ပါတီတစ်ခုဖြစ်ကြောင်း အမည်မဖော်လိုသူ ဒေသဆိုင်ရာ လုံခြုံရေးအရာရှိတစ်ဦးက အေအက်ဖ်ပီသို့ ပြောခဲ့သည်။

နိုင်ငံရေးခေါင်းဆောင်များ အစည်းအဝေးကျင်းပနေချိန်တွင် အသေခံတိုက်ခိုက်ရေးသမားနှစ်ဦးအနက် တစ်ဦးမှာ ၎င်း၏ခါးတွင် ပတ်ထားသည့် ပေါက်ကွဲစေတတ်သည့် ခါးပတ်ကို ဖောက်ခွဲခဲ့ကြောင်း အဆိုပါဒေသ၏ စစ်ဆင်ရေးအကြီးအကဲ ဗိုလ်ချုပ်ကွက်ဆန်အယ်လ်မိုဟာမက်ဒီက အေအက်ဖ်ပီသို့ ပြောခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့ကြောင်းနှင့် အမတ်လောင်း ဇင်နက်ဘ်အက်ဘ်ဒဲလ်ဟာမစ် အယ်လ်ဟီတီအပါအဝင် လူခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ဒုတိယအသေခံတိုက်ခိုက်ရေးသမားမှာ ပထမတိုက်ခိုက်မှုဖြစ်ပြီး မိနစ်မခြားဘဲ ထပ်မံအသေခံဗုံးဖောက်ခွဲမှုပြုလုပ်ခဲ့ကြောင်းသိရသည်။ သို့သော်လည်း အဆိုပါတိုက်ခိုက်မှုတွင် သေဆုံးသူတစ်စုံတစ်ဦးမျှ မရှိခဲ့ကြောင်း သိရသည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးသူ လေးဦးရှိကြောင်းနှင့် အမတ်လောင်းဟီတီမှာ ဒဏ်ရာများဖြင့် ဆေးရုံတွင် ဆေးကုမှုခံယူနေကြောင်း ဆေးအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**



အီရတ်လုံခြုံရေးတပ်ဖွဲ့များ လုံခြုံရေးဆောင်ရွက်နေစဉ်။

# အိုင်အက်စ်တို့ကို အီရတ်အမြစ်ပြတ်ချေမှုန်းနိုင်ပါ့မလား

တင်လင်းအောင်



အီရတ်နိုင်ငံဝန်ကြီးချုပ် အဘာဒီက အိုင်အက်စ်လို့ လူသိများတဲ့ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ကို အီရတ်မြေပေါ်မှ တိုက်ထုတ်နိုင်ခဲ့ပြီဖြစ်သလို အိုင်အက်စ်တို့အပေါ် သုံးနှစ်ကျော်ကြာဆင်နွှဲခဲ့တဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲကိုလည်း အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း မကြာသေးမီက ပြောခဲ့ပါတယ်။ အခုလို အီရတ်ဝန်ကြီးချုပ် အဘာဒီနဲ့ အီရတ်ပြည်သူအားလုံး အနေနဲ့ အိုင်အက်စ်တို့ကို တိုက်ထုတ်နိုင်ခဲ့တဲ့ သမိုင်းဝင် အချိန်အခါသမယ အတွက် ချီးကျူးဂုဏ်ပြုကြောင်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက ပြောကြားခဲ့ပါတယ်။ အခုလို အိုင်အက်စ်အကြမ်းဖက်သမားတွေကို အောင်မြင်စွာတိုက်ထုတ်နိုင်ခဲ့တာဟာ အီရတ်နိုင်ငံရဲ့ သမိုင်းစာမျက်နှာသစ်ကို ဖွင့်လှစ်လိုက်သလိုဖြစ်ပြီး အီရတ်နိုင်ငံရဲ့အကျိုးစီးပွားနဲ့ ငြိမ်းချမ်းရေးကို ပိုမိုဆောင်ယူလာနိုင်မှာဖြစ်ကြောင်း သူက ဆက်လက်ပြောကြားခဲ့ပါတယ်။

### အစွန်းရောက်များ အီရတ်နိုင်ငံကို ခြိမ်းခြောက်နေဆဲ

သို့သော်လည်း အီရတ်နိုင်ငံဝန်ကြီးချုပ်က အိုင်အက်စ်တို့ကို နှိမ်နင်းအောင်မြင်ခဲ့ပြီဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့တဲ့အပေါ် ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေက အစွန်းရောက်တွေမှာ ဆီးရီးယားနိုင်ငံနယ်စပ်ကို ဖြတ်ကျော်ပြီး အီရတ်နိုင်ငံကို ခြိမ်းခြောက်နေဆဲဖြစ်ကြောင်း သတိပေးပြောကြားခဲ့ပါတယ်။

အိုင်အက်စ်တွေ ရှုံးနိမ့်သွားတယ်ဆိုတာ မှန်သော်လည်း သူတို့ဟာ အပြီးသတ်ကျဆုံးသွားတာမျိုးမဟုတ်သေးဘဲ ဆက်လက်ခြိမ်းခြောက်နေဆဲ ရှိပါသေးတယ်။ အိုင်အက်စ်တို့ဟာ အီရတ်နဲ့ ဆီးရီးယားနိုင်ငံတွေမှာ လျင်မြန်စွာ ကြီးထွားလျက်ရှိခဲ့ပြီး လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ်က အီရတ်နဲ့ ဆီးရီးယားနိုင်ငံ အစိတ်အပိုင်း အတော်များများကို ထိန်းချုပ်ပြီး အစ္စလာမ္မစ် နိုင်ငံတော်အဖြစ် ကြေညာခဲ့ပါသေးတယ်။ အိုင်အက်စ်အကြမ်းဖက်အုပ်စုဟာ မြေထဲပင်လယ်မှသည် ဘဂ္ဂဒက်မြို့တောင်ပိုင်းအထိ နယ်မြေရီယာ ၃၄၀၀၀ စတုရန်းမိုင်ကျော် သိမ်းပိုက်ခဲ့ပါတယ်။

### အိုင်အက်စ်အကြမ်းဖက်အုပ်စုမှာ သစ္စာခံဖို့ လာရောက်ကြ

မကြာသေးမီကလည်း အိုင်အက်စ်အကြမ်းဖက်တပ်ဖွဲ့ဟာ လူသစ်စုဆောင်းမှုတွေ ထပ်မံပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဟာ အီရတ်နိုင်ငံကို ဆက်လက် ခြိမ်းခြောက်လျက်ရှိပြီး အီရတ်သန်းပေါင်းများစွာရဲ့ နေ့စဉ်ဘဝတွေကိုလည်း ခြိမ်းခြောက်လျက်ရှိပါတယ်။ ဆရာဝန်တွေ၊ ဆရာတွေ၊ တရားသူကြီးတွေ၊ စားဖိုမှူးတွေနဲ့ ရှေ့နေတွေ အပါအဝင် အီရတ်ထောင်ပေါင်းများစွာဟာလည်း အိုင်အက်စ်အကြမ်းဖက်အုပ်စုမှာ သစ္စာခံဖို့ လာရောက်တဲ့သူတွေ ရှိပါတယ်။

ဆက်ဒမ်ဟူစိန် လက်ထက်တုန်းက အီရတ်လူမျိုးတွေဟာ ဘာ့သ်ပါတီကိုဝင်ဖို့ ဖိအားပေးခံခဲ့ရပါတယ်။ အိုင်အက်စ်အကြမ်းဖက်သမားတွေ ထိန်းချုပ်ထားတဲ့ နေရာအတော်များများမှာရှိတဲ့ လူတွေက ဘာပြောလဲဆိုရင် သူတို့ရဲ့ အလုပ်ကို ဆက်လုပ်နိုင်ဖို့ ပါတီထဲကိုဝင်ရန် ဖိအားပေးခံရကြောင်း ပြောခဲ့ကြပါတယ်။ အဲဒီအချိန်ကတည်းက အိုင်အက်စ်အကြမ်းဖက်ဝါဒကို အတင်းအကျပ်ထောက်ခံခိုင်းခဲ့တယ်ဆိုတာ ထင်ရှားလှပါတယ်။

### အကြမ်းဖက်မှုများ တစ်ကမ္ဘာလုံးထိ တိုင်အောင် ကူးစက်ပျံ့နှံ့

အစ္စလာမ္မစ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ဟာ ဂျီဟတ်စစ်ပွဲဆင်နွှဲနိုင်ရေး တစ်ကမ္ဘာလုံး အကြမ်းဖက်ဝါဒပြန့်ပွားရေးကို နည်းအမျိုးမျိုးနဲ့ ပြုလုပ်လျက်ရှိပါတယ်။ အစ္စလာမ္မစ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့ရဲ့အကြမ်းဖက်ဝါဒဟာ ဘယ်လောက်တောင်ကြောက်စရာကောင်းလဲဆိုရင် ၎င်းတို့အခြေပြုရာ အီရတ်၊ အာဖဂန်နစ္စတန်၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ဆီးရီးယားမှသည် အရှေ့တောင်အာရှ၊ ထိုမှတစ်ခါ ပြင်သစ်၊ အမေရိကန်၊ ဩစတြေးလျ စတဲ့နိုင်ငံတွေထိတောင်မက တစ်ကမ္ဘာလုံးထိတိုင်အောင် ကူးစက်ပျံ့နှံ့လာခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

အရှေ့တောင်အာရှနိုင်ငံတွေမှာဆိုရင် ဖိလစ်ပိုင်နိုင်ငံ မာရဝီမြို့ဟာ လတ်တလောမှာ အစ္စလာမ္မစ်အစွန်းရောက် အကြမ်းဖက်စစ်သွေးကြွအဖွဲ့နဲ့ ဆက်နွှယ်နေတဲ့ အကြမ်းဖက်အဖွဲ့တွေရဲ့ လက်အောက်ကျရောက်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ မကြာသေးမီက ဖိလစ်ပိုင်သမ္မတကြီး ဒူတာတေးဟာ အဆိုပါဒေသကို စည်းလုံးမှုသည် အင်အားဆိုသည့်သဘောကို တိုက်ပွဲဝင်တပ်ဖွဲ့ဝင်များသိစေရန် တတိယအကြိမ် သွားရောက်ခဲ့တယ်လို့ သိရပါတယ်။

အဲဒီမှာ သူဘာပြောခဲ့သလဲဆိုရင် ရန်သူကို တိုက်ခိုက်တဲ့အခါနဲ့ အကြမ်းဖက်မှုတွေကို နှိမ်နင်းတဲ့အခါမှာ "စည်းလုံးညီညွတ်မှုကို ပြသဖို့ ငါမင်းတို့နဲ့အတူရှိနေမယ်" လို့ ပြောခဲ့ပါတယ်။ အကယ်၍ ဖိလစ်ပိုင်တောင်ပိုင်းမှာ အကြမ်းဖက်သမားတွေကို ဖြိုခွဲခဲ့နိုင်တယ်ဆိုရင်တောင် မွတ်စလင်အများစုကြီးစိုးရာ ထိုင်းနိုင်ငံတောင်ပိုင်းမှာလည်း အလားတူ ပဋိပက္ခတွေ၊ နိုင်ငံတော်တည်ငြိမ်ရေးနဲ့ အေးချမ်းမှုကို နှောင့်ယှက်ထိပါးစေတဲ့ ဆူပူအုံကြွမှုတွေ မကြာခဏ ဖြစ်ပွားခဲ့ပါတယ်။

လွတ်လပ်ရေးဖခင်ကြီး မဟတ္တမဂန္ဒီတည်ထောင်ခဲ့တဲ့ အိန္ဒိယနိုင်ငံကို ပြန်ကြည့်မယ်ဆိုရင်လည်း အင်အားများတဲ့ မွတ်စလင်တွေက ၁၉၄၇ ခုနှစ်မှာ တိုင်းပြည်တစ်ခုခွဲထွက်ဖို့ တောင်းဆိုခဲ့တာကို သမိုင်းက သက်သေခံလျက်ရှိပါတယ်။ ယနေ့ အိန္ဒိယနဲ့ ပါကစ္စတန်ဘာတွေဖြစ်သလဲကြည့်မယ်ဆိုရင် ကက်ရှ်မီးယားအရေးနဲ့ပတ်သက်ပြီး သူတို့တွေ စိတ်မအေးခဲ့ရပါဘူး။ ဘာကြောင့်လဲ။ အကြမ်းဖက်မှုတွေ၊ ပဋိပက္ခတွေက တစ်ဆင့် မြစ်ဖျားခံလာခဲ့လို့ပဲ ဖြစ်ပါတယ်။

### အကြမ်းဖက်မှုရှိရင် မအေးချမ်းနိုင်

အကြမ်းဖက်မှုတွေရှိရင် အဲဒီဒေသ၊ အဲဒီနိုင်ငံဟာ ဘယ်တော့မှ အေးချမ်းမှာ မဟုတ်ပါဘူး။ မအေးချမ်းတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုလည်း အားစိုက်မဆောင်ရွက်နိုင်သလို စီးပွားရေးမှာလည်း တိုးတက်လာမှာ မဟုတ်ပါဘူး။ နောက်ဆုံးမှာ ငြိမ်းချမ်းရေးကိုပါ ထိခိုက်လာနိုင်ပါတယ်။ ဒါဟာ ကြောက်စရာကောင်းလှပါတယ်။ သူတို့ကို အမြစ်မြေလှန်ရှင်းလင်းနိုင်မှ တော်ကာကျမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ပါးနပ်စွာလုပ်ကိုင်တတ်ဖို့ လိုအပ်ပါတယ်။

အခုလို နည်းပညာတိုးတက်လာတဲ့ ခေတ်ကြီးမှာ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ဟာ လူမှုဆက်သွယ်ရေးမီဒီယာတွေကတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်တာတွေ လုပ်နေတာကို မျက်ဝါးထင်ထင် တွေ့ရမှာ ဖြစ်ပါတယ်။ မကြာသေးမီက ထုတ်လွှင့်လိုက်တဲ့ ရုပ်သံဖိုင်တစ်ခုမှာ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့က ဘာတွေတိုက်တွန်းခဲ့သလဲဆိုရင် အရှေ့တောင်အာရှမှာရှိတဲ့ မွတ်စလင်တွေအားလုံး ဂျီဟတ်စစ်ပွဲဆင်နွှဲဖို့ တိုက်တွန်းခဲ့ပါတယ်။

### အိုင်အက်စ်လက်ချက်မကင်း

တစ်ကမ္ဘာလုံးမှာရှိတဲ့ နေရာအတော်များများမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုဆိုရင် အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ရဲ့ လက်ချက်ကင်းတယ်ရယ်လို့ မရှိပါဘူး။ ဝမ်းနည်းကြေကွဲမှုရက်စွဲတွေ၊ သွေးဖုံးလွှမ်းသောနေ့တွေဆိုတာ အကြမ်းဖက်ဝါဒကို စွဲကိုင်ထားတဲ့ အကြမ်းဖက်သမားတွေရဲ့ မညှာမတာလုပ်ရပ်တွေကြောင့်ပဲ ဖြစ်ပေါ်လာတာပါ။

ဒါကြောင့် အမေရိကန်ဟာ အကြမ်းဖက်ဝါဒတွေ မွေးဖွားပေါ်ပေါက်ရာဟိုးအရင် အိုစမာဘင်လာဒင်လက်ထက်သာမက ယခု ရက်စက်မှုနေရာမှာ သရဖူဆောင်းတဲ့ အိုင်အက်စ်အဖွဲ့တို့ကို ဆက်လက်နှိမ်နင်းမှုတွေ လုပ်ဆောင်နေရဆဲရှိပါသေးတယ်။

သို့သော်လည်း ဒီနေ့အချိန်အခါမှာတော့ အီရတ်ရဲ့ ဥပဒေနဲ့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေနဲ့ အီရတ်ဟာ အိုင်အက်စ်အကြမ်းဖက်အဖွဲ့ဝင်တွေကို တရားစွဲဆိုဖို့ ကြိုးစားခဲ့ပါတယ်။ ပြစ်ဒဏ်ချမှတ်ခံရသူတွေအနေနဲ့ တစ်သက်တစ်ကျွန်းထောင်ဒဏ် သို့မဟုတ် သေဒဏ်စီရင်ချက်ချမှတ်ခံခဲ့ရပါတယ်။ သနားထောက်ထားညှာတာမှုအလျှင်းမရှိတဲ့ အိုင်အက်စ်တွေရဲ့ ဥပဒေချိုးဖောက်မှုတွေဟာ အီရတ်ပြည်သူတွေအတွက် တရားမျှတမှုတွေ ဆောင်ကြဉ်းလာဖို့ ကမ္ဘာကြီးရဲ့ကရုဏာတရားကို လက်ခံရရှိခဲ့သလိုပါပဲ။ အိုင်အက်စ် အကြမ်းဖက်သမားများသည် မခန့်မှန်းနိုင်သော ဒုက္ခပေါင်းစုံ၊ လူသတ်မှုများ၊ အီရတ်နဲ့ ဆီးရီးယားတို့မှာ သုံးနှစ်နီးပါး အကြမ်းဖက်မှုပေါင်းမြောက်များစွာကို ပြုလုပ်ခဲ့ကြပါတယ်။

### ကြောက်စရာကောင်းမှုတွေနဲ့ ပြည့်နေတဲ့ ၂၁ ရာစု

ယခု ၂၁ ရာစုဟာ အလွန်ကြောက်စရာကောင်းမှုတွေနဲ့ ပြည့်နှက်နေသလိုပါပဲ။ ဖမ်းထားတဲ့ ရာဇဝတ်အမျိုးသမီးတွေကို ကျွန်အဖြစ် ရောင်းချခဲ့ကြသလို လိမ္မော်ရောင်ဝတ်စုံတွေ ဝတ်ဆင်ပေးထားတဲ့ သတင်းထောက်တွေကိုလည်း ရက်ရက်စက်စက် ခေါင်းဖြတ်သတ်ခဲ့တာကို တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့ပါတယ်။ အိုင်အက်စ်တို့ကို နှိမ်နင်းဖို့ တပ်ဖြန့်ချထားခြင်းခံရတဲ့ လုံခြုံရေးတပ်ဖွဲ့တွေလည်း အသတ်ခံခဲ့ရပါတယ်။ အိုင်အက်စ်အကြမ်းဖက်သမားတွေဟာ တရားဥပဒေကိုလည်း မလေးစားသလို လူသားတွေအပေါ်လည်း လေးစားရကောင်းမှန်းသိတဲ့လူတွေ မဟုတ်ကြပါဘူး။

ကုလသမဂ္ဂကလည်း အိုင်အက်စ်အကြမ်းဖက်သမားတွေနဲ့ သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကို စုဆောင်းပြီး တရားစွဲဖို့ ကူညီမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဆိုခဲ့သလို အီရတ်မြေပေါ်မှာ အိုင်အက်စ်တွေကို မောင်းထုတ်နိုင်ခဲ့တာ ကောင်းပါတယ်။ ဒါပေမယ့်လည်း ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေပြောသလို အမြစ်ပြတ်အောင်တော့ မဆောင်ရွက်နိုင်ခဲ့သေးပါဘူး။ အီရတ်အစိုးရအနေနဲ့ အကြမ်းဖက်ဝါဒကို လက်ကိုင်ပြုပြီး တရားဥပဒေကို မျက်စိထဲမထည့်ထားတဲ့ အိုင်အက်စ်အကြမ်းဖက်သမားတွေကို အမြစ်ပြတ်နှိမ်နင်းဖို့ လိုအပ်ပါသေးကြောင်း။ ။

ကိုးကား- တိုင်းမ်

> "အခုလို နည်းပညာတိုးတက်လာတဲ့ ခေတ်ကြီးမှာ အစ္စလာမ္မစ်အစွန်းရောက်အဖွဲ့ဟာ လူမှုဆက်သွယ်ရေးမီဒီယာတွေကတစ်ဆင့် အကြမ်းဖက်ဝါဒဖြန့်တာတွေ လုပ်နေတာကို မျက်ဝါးထင်ထင် တွေ့ရမှာဖြစ်ပါတယ်"

---

## နိုင်ငံတကာ သတင်းတိုထွာ

### ထိုင်းဘုရင်သစ်ရုပ်ပုံပါ ငွေစက္ကူများ အသုံးပြုရန် စတင်ဖြန့်ချိ

ဗန်ကောက် မေ ၈

ထိုင်းနိုင်ငံ၏ အသစ်ထုတ်ဝေခဲ့သည့် ငွေစက္ကူနှင့် အကြွေစေ့များတွင် ထိုင်းနိုင်ငံ ဘုရင်အသစ် မဟာ ဗာဂျီရာလောင်ကွန်း၏ ရုပ်ပုံများကို ရိုက်နှိပ်ခဲ့ကြောင်း၊ အဆိုပါငွေစက္ကူအသစ်များကို ငွေစက္ကူအဟောင်းများနှင့်အတူတကွ အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း သတင်းများတွင် မေ ၆ ရက်က ဖော်ပြခဲ့သည်။

အဆိုပါ ငွေစက္ကူအသစ်များကို ထိုင်းနိုင်ငံတွင် မေ ၆ ရက်မှစတင်ကာ ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းနေ့သည် ထိုင်းနိုင်ငံ ချက်ခ်ရီမင်းဆက် တည်ထောင်သည့် အထိမ်းအမှတ်နေ့ဖြစ်ပြီး ထိုင်းနိုင်ငံဗဟိုဘဏ်က ဘတ် ၂၀၊ ဘတ် ၅၀ နှင့် ဘတ် ၁၀၀ ငွေစက္ကူအသစ်များကို ထုတ်ဝေခဲ့သည်။

ဘတ် ၅၀၀ နှင့် ဘတ် ၁၀၀၀ ငွေစက္ကူအသစ်များကို ထိုင်းနိုင်ငံဘုရင် မဟာ ဗာဂျီရာလောင်ကွန်း၏ မွေးနေ့ဖြစ်သည့် ဇူလိုင် ၂၈ ရက်တွင် ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

၁၉၄၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ၉ ကြိမ်မြောက် ငွေစက္ကူမှ ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ၁၆ ကြိမ်မြောက် ငွေစက္ကူအထိ ကွယ်လွန်ခဲ့ပြီးဖြစ်သည့် ထိုင်းနိုင်ငံဘုရင် ဘူမိဘောအဒူလျာဒတ် ရုပ်ပုံကို ငွေစက္ကူရှေ့ဘက်မျက်နှာတွင် အသုံးပြုခဲ့ပြီး ၁၇ ကြိမ်မြောက်ကို ထိုင်းနိုင်ငံဘုရင်အသစ် မဟာဗာဂျီရာလောင်ကွန်း၏ ရုပ်ပုံကို စတင်အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

### ရုရှားနိုင်ငံ ပရိုင်မော်စကီကမ်းခြေဒေသတွင် မီးလောင်မှုဖြစ်ပွား ခြောက်ဦးသေဆုံး

မော်စကို မေ ၇

ရုရှားနိုင်ငံ ပရိုင်မော်စကီကမ်းခြေဒေသ အက်စ်ဆူရက်ခ်မြို့ရှိ နေအိမ်တစ်လုံး မေ ၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူပေါင်း ခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားပြီးနောက် မီးသတ်တပ်ဖွဲ့က မီးငြိမ်းသတ်ပြီး လောင်ကျွမ်းခဲ့သော အရွယ်ရောက်ပြီးသူ ရုပ်အလောင်း လေးလောင်းနှင့် ကလေးရုပ်အလောင်း တစ်လောင်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အမျိုးသားတစ်ဦးမှာ မီးလောင်မှုဖြစ်ပွားချိန်တွင် နေအိမ်မှ ခုန်ချခဲ့ရာ သေဆုံးခဲ့ရကြောင်း မေ ၇ ရက်က ပရိုင်မော်စကီကမ်းခြေဒေသ စုံစမ်းစစ်ဆေးရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ပရိုင်မော်စကီကမ်းခြေဒေသ စုံစမ်းစစ်ဆေးရေးဌာနအနေဖြင့် မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း သိရသည်။

ကနဦး စစ်ဆေးချက်များအရ မီးလောင်မှုသည် အိမ်အတွင်း ဝိုင်ယာရှော့ခ်ဖြစ်ပွားရာမှတစ်ဆင့် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဆင်ဟွာ

# အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(၆) မမှန်ကန်သော ငွေတောင်းခံလွှာ၊ အရောင်းပြေစာ၊ မီတာမှတ်စု သို့မဟုတ် မီရှင်မှတ်စုကို ထုတ်ပေးခြင်း၊

(၇) ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်နှင့်အညီမဟုတ်ဘဲ ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မီတာမှတ်စု သို့မဟုတ် မီရှင်မှတ်စုများကို ပေးအပ်ခြင်း၊

(၈) ညွှန်ကြားရေးမှူးချုပ်အား မြေစစ်ဆေးခွင့် သို့မဟုတ် တိုင်းတာခွင့်ပြုရန်ငြင်းဆန်ခြင်း သို့မဟုတ် မြေပုံ၊ ပုံစံ၊ ပိုင်ဆိုင်ကြောင်းပြစာချုပ်၊ အငှားစာချုပ်၊ အခြားစာချုပ်စာတမ်း သို့မဟုတ် အခြားစာတမ်းအမှတ်အသားတို့ကို စစ်ဆေးနိုင်ရေးအတွက် ထုတ်ပေးရန် ငြင်းဆန်ခြင်း၊

(၉) အခွန်ကို သတ်မှတ်ဆုံးဖြတ်ခြင်း၊ စည်းကြပ်ခြင်း သို့မဟုတ် ကောက်ခံခြင်းတို့ကို တစ်နည်းနည်းဖြင့် ဟန့်တားခြင်း။

(ဂ) ကုန်စည်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုပြုသူတစ်ဦးသည် ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကိုရယူသူ၏ သတင်းအချက် အလက်များနှင့် စပ်လျဉ်း၍ တတ်နိုင်သမျှ ဂရုတစိုက်ဆောင်ရွက်ခဲ့ပြီး အဆိုပါသတင်းအချက်အလက်များသည် မှန်ကန်သည်ဟု လုံလောက်သောအကြောင်းအရင်းများအရ ယုံကြည်ခဲ့ပါလျှင် ယင်းကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုကို ရယူသူ၏ ငွေတောင်းခံလွှာ၊ ငွေရပြေစာ၊ မီတာမှတ်စု သို့မဟုတ် မီရှင်မှတ်စုများနှင့် သက်ဆိုင်သည့် သို့မဟုတ် ယင်းတို့တွင်ထည့်သွင်း ဖော်ပြထားရန်လိုအပ်သည့် ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူနှင့် စပ်လျဉ်းသည့် (ယင်းပုဂ္ဂိုလ်၏ မှတ်ပုံတင်ထားမှု အခြေအနေ သို့မဟုတ် အခွန်ထမ်းမှတ်ပုံတင်အမှတ် အပါအဝင်) သတင်းအချက်အလက်များ ယွင်းမှု သို့မဟုတ် မပြည့်စုံမှုတစ်စုံတစ်ရာကြောင့် အဆိုပါ ကုန်စည်ထုတ်လုပ်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်းသူ သို့မဟုတ် ကုန်သွယ်မှုပြု သူသည်ဤပုဒ်မ၏ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၆) နှင့် ပုဒ်မခွဲငယ် (၇) တို့အရ ပြစ်ဒဏ်ကျခံခြင်း မရှိစေရ။

**အားပေးကူညီခြင်း**

၇၉။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန် အားပေးကူညီခြင်း၊ အကြံပေးခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

**လျှို့ဝှက်ချက်ကိုထိန်းသိမ်းရန်ပျက်ကွက်ခြင်း**

၈၀။ မည်သူမဆိုပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ)အရ လျှို့ဝှက်ကိစ္စဟု မှတ်ယူသည့်ကိစ္စရပ်များကို ထိန်းသိမ်းရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုတစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ဒဏ်ကြေးငွေဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

**အခွန်ဝန်ထမ်းများ၏ ပြစ်မှုများ**

၈၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ရာတွင် မည်သည့်အခွန်ဝန်ထမ်းမဆို အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် သက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည့်အပြင် ယင်းဝန်ထမ်း၏ မသမာသော လုပ်ရပ်ကြောင့် အခွန်လျော့နည်းရရှိခဲ့ပြီး ယင်းအခွန်ကိုပေးဆောင်ရန် တာဝန်ရှိသူထံမှ ပြန်လည်အရ ကောက်ခံနိုင်ရန်အကြောင်းမရှိပါက ကျူးလွန်သူက အဆိုပါအခွန်ပမာဏကို ဦးစီးဌာနသို့ပြန်လည်ပေးသွင်းရန် အမိန့်ချမှတ်နိုင်သည်-

(က) အခွန်ဝန်ထမ်းတစ်ဦးသည် တရားဝင်ရပိုင်ခွင့်မရှိသည့် ငွေကြေး သို့မဟုတ် ငွေကြေးမဟုတ်သည့် ပေးကမ်းမှု သို့မဟုတ် ချီးမြှင့်မှုကို ဖြစ်စေ၊ ယင်းသို့ ပေးကမ်းရန် သို့မဟုတ် ချီးမြှင့်ရန်အတွက် ကတိပြုချက် သို့မဟုတ် အာမခံချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ယင်းအခွန်ဝန်ထမ်း၏ တာဝန်များနှင့်ဆက်နွှယ်လျက်တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း တောင်းခံခြင်း သို့မဟုတ် ရယူခြင်း၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့် သော်လည်းကောင်း၊ အခွန်ဝန်ထမ်းတစ်ဦး၏ တာဝန်များကို ကောင်းမွန်စွာထမ်းဆောင်ခြင်းနှင့် သော်လည်းကောင်း ဆန့်ကျင်သည့်လုပ်ရပ် သို့မဟုတ် အရာကိုလုပ်ဆောင်ရန်၊ လုပ်ဆောင်ချက်မှ ရှောင်ကြဉ်ရန်၊ ခွင့်ပြုရန်၊ ဖုံးကွယ်ရန် သို့မဟုတ် မသိကျိုးကျွံပြုရန် သဘောတူညီချက်တစ်ရပ်ပြုလုပ်ခြင်း သို့မဟုတ် အခွန်ဘဏ္ဍာလိမ်လည်ရယူမှုဖြစ်ပေါ်စေသည့် သို့မဟုတ် ဖြစ်ပေါ်နိုင်သည့် သဘောတူညီမှုတစ်ရပ် ပြုလုပ်ခြင်း။

**ပြစ်မှုများအားကျေအေးခြင်း**

၈၂။ (က) ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မ ၈၀ သို့မဟုတ် ပုဒ်မ ၈၁ တို့ပါ ပြစ်မှုများမှလွဲ၍ ဤအခန်းပါ သို့မဟုတ် ဤဥပဒေသက်ဆိုင်သည့် အခြားအခွန်ဥပဒေတစ်ရပ်ရပ်ပါပြစ်မှုတစ်ခုခုကို ကျူးလွန်ပါက သက်ဆိုင်သည့်တရားရုံး၌ ကြားနာခြင်းမပြုမီ မည်သည့်အချိန်တွင်မဆို ညွှန်ကြားရေးမှူးချုပ်သည် ယင်းပြစ်မှုကို ကျေအေးနိုင်သည်။ ထိုသို့ကျေအေးရာတွင် ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အမြင့်ဆုံးဒဏ်ကြေးငွေထက် မကျော်လွန်သည့် ငွေကြေးပမာဏတစ်ရပ်ကို ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ကာယကံရှင်က ကျေအေးပေးရန်စာဖြင့် ရေးသားတောင်းဆိုမှသာ ဤပုဒ်မအရ ပြစ်မှုတစ်ခုကို ကျေအေးနိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ဤပုဒ်မအရပြစ်မှုတစ်ခုကို ကျေအေးပေးလျှင်-

(၁) ပုဒ်မခွဲ(က) အရထုတ်ပြန်သည့် အမိန့်ကိုစာဖြင့် ရေးသားရမည်ဖြစ်ပြီး ပုဒ်မခွဲ (ခ) တွင်ဖော်ပြပါ တောင်းဆိုချက်ကို ပူးတွဲတင်ပြရမည်။

(၂) ပုဒ်မခွဲ(က) အရ ထုတ်ပြန်သည့် အမိန့်တွင်-

(ကက) ကျူးလွန်သည့်ပြစ်မှု၊

(ခခ) ပေးဆောင်ရမည့် ငွေကြေးပမာဏ၊

(ဂဂ) ပေးဆောင်ရမည့် နောက်ဆုံးသတ်မှတ်နေ့ရက်တို့ကို ဖော်ပြရမည်။

(၃) ပုဒ်မခွဲ(က) အရ ထုတ်ပြန်သည့်အမိန့်ကို ပြစ်မှုကျူးလွန်သူထံသို့ ပေးအပ်အတည်ပြုရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရချမှတ်သည့်အမိန့်သည် အပြီးအပြတ်ဖြစ်ပြီး အယူခံခွင့် မရှိစေရ။

(င) ညွှန်ကြားရေးမှူးချုပ်သည် ဤပုဒ်မအရ ပြစ်မှုတစ်ခုကို ကျေအေးလျှင် ကျူးလွန်သူသည် ယင်းပြစ်မှုနှင့် စပ်လျဉ်းသည့်တရားစွဲဆိုခြင်း သို့မဟုတ် ပြစ်ဒဏ်ကျခံခြင်း မရှိစေရ။

(စ) ပုဒ်မခွဲ (က) အရ ပေးဆောင်ရန် အမိန့်ချမှတ်သည့်ပမာဏကို ဤဥပဒေအရ ပေးဆောင်ရမည့် အခွန်တစ်ရပ်ကဲ့သို့အရ ကောက်ခံပိုင်ခွင့်ရှိစေရမည်။

**အခန်း (၁၁)**

**အထွေထွေ**

**ပုဂ္ဂိုလ်စုလုပ်ငန်းများက ကျူးလွန်သည့်ပြစ်မှုများ**

၈၃။ (က) ဤဥပဒေအရပြစ်မှုတစ်ခုကို ပုဂ္ဂိုလ်စုတစ်ခုကကျူးလွန်လျှင်-

(၁) ကုမ္ပဏီဖြစ်ပါက ယင်းကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် သို့မဟုတ် အလားတူအဆင့်ရှိသည့် အရာရှိအသီးသီးကို ယင်းပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်။

(၂) အစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့ဖြစ်ပါက ယင်းအစုစပ်လုပ်ငန်း သို့မဟုတ် အသင်းအဖွဲ့၏အစုဝင် သို့မဟုတ် အရာရှိအသီး သီးကို ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်။

(ခ) ပုဒ်မခွဲ(က)ပါ ပုဂ္ဂိုလ်တစ်ဦး၏ ဆောင်ရွက်ချက်သည် အောက်ပါအချက်များနှင့် ညီညွတ်လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူခြင်းမပြုရ -

(၁) ယင်းပုဂ္ဂိုလ်၏ သဘောတူညီမှုမရှိဘဲ သို့မဟုတ် သိရှိခြင်းမရှိဘဲ ပြစ်မှုကို ကျူးလွန်ခဲ့ခြင်း၊

(၂) ယင်းပုဂ္ဂိုလ်သည် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန်အတွက် ယင်း၏တာဝန်ရှိမှု သဘောသဘာဝနှင့် အခြေအနေအားလုံးအရ ဆောင်ရွက်နိုင်သမျှ အတိုင်းအတာအထိ အားထုတ်ဆောင်ရွက်ခဲ့ခြင်း။

**ဥပဒေများအား လွှမ်းမိုးခြင်း**

၈၄။ တည်ဆဲအခွန်ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

**အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်များ**

၈၅။ (က) ဤဥပဒေ စတင်အကျိုးသက်ရောက်သည့် နေ့မတိုင်မီ အခွန်ဥပဒေတစ်ရပ်ရပ်နှင့်အညီ ဆောင်ရွက်ခဲ့သည့် အယူခံမှုများ၊ စစ်ဆေးစီရင်ခြင်းများနှင့် အခြားအရေးယူဆောင်ရွက်မှုများအတွက် အဆိုပါ အခွန်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(ခ) ဤဥပဒေမပြဋ္ဌာန်းမီက စည်းကြပ်တောင်းခံထားသော အခွန်ငွေများ ကောက်ခံရရှိရေးအတွက် ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(ဂ) ဤဥပဒေပြဋ္ဌာန်းပြီးနောက် လိုအပ်သောနည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းခြင်းမပြုနိုင်သေးမီ ကာလအတွင်း ဤဥပဒေတွင် တစ်နည်းတစ်ဖုံ ဖော်ပြထားခြင်းမရှိပါက အထူးကုန်စည်ခွန်ဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် နှစ်စဉ်ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေများအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကာလစည်းကမ်းသတ်မကျော်လွန်သေးပါက ဆက်လက်ကျင့်သုံးနိုင်သည်။

## သထုံမြို့နယ်၌ သောင်နုလယ်ယာမြေများ ပေါ်ထွန်းလာ

**သထုံ မေ ၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အနီး ပင်လယ်နားနီးသော အောက်ကွင်းကျေးရွာအုပ်စုများ၌ ပြီးခဲ့သည့် မတ်လအတွင်းက သောင်နုလယ်ယာမြေများ ပေါ်ထွန်းလာပြီးနောက် အဆိုပါလယ်ယာမြေများနှင့် ဆက်စပ်ပေါ်ထွန်းလာသော ကွက်လပ်လယ်မြေများကို ပိုင်ဆိုင်မှုအတွက် ကုမ္ပဏီများနှင့် တောင်သူများကြား အငြင်းပွားဖွယ်ရာ ပြဿနာများ ပေါ်ပေါက်လာနိုင်ကြောင်း သိရသည်။

ကျေးရွာအုပ်စုများဖြစ်သော ကတိုက်ကြီးကျေးရွာနှင့် မရမ်းကုန်းကျေးရွာ အပိုင်ဖြစ်သော သောင်နုလယ်ယာမြေများအနီး ဆက်စပ်ပေါ်ထွန်းလာသည့် ကွက်လပ်လယ်မြေများအပေါ်တွင် မတ်လလယ်မှ စတင်၍ အမည်အမျိုးမျိုးဖြင့် အဖွဲ့အစည်းများ၊ ကုမ္ပဏီများက စက်ယန္တရားများဖြင့် ခြံခတ်ခြင်း၊ အလံတိုင်စိုက်ခြင်းများ ပြုလုပ်နေကြကာ ဒေသခံလယ်ယာမြေမဲ့ ပြည်သူ ၂၀၀ ခန့်ကလည်း မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါနေရာသို့ရောက်ရှိပြီး ကုမ္ပဏီနှင့် အဖွဲ့အစည်းများက ခြံခတ်လျှင် တောင်သူများကလည်း ခြံခတ်ကြရန် ပြောဆိုစီစဉ်ကြသဖြင့် ယခင် မရမ်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဒေါ်သန်းသန်းမူက တားမြစ်ခဲ့ရကြောင်း သိရသည်။

အဆိုပါ ကိစ္စရပ်နှင့်ပတ်သက်၍ ပြည်နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်က သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးဖြစ်သည့် မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးသန့်အား မေ ၅ ရက်က စိုက်ပျိုးရေးသိပ္ပံကျောင်း(သထုံ)၌ ကျင်းပခဲ့သော တောင်သူတွေ့ဆုံပွဲတွင် မေးမြန်းခဲ့ရာ ဦးစီးမှူးက အငြင်းပွားခဲ့သည့်ဖြစ်စဉ်မှာ မှန်ကန်ကြောင်း၊ ခြံခတ်ခြင်းကို ခွင့်မပြုကြောင်း၊ တားမြစ်စာပို့ထားပါကြောင်း၊ တရားမဝင် ဆက်လက်ဆောင်ရွက်ပါက တရားဥပဒေနှင့်အညီ တရားစွဲ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။ **ခွန်(ဝင်းပ)**

## သီးနှံအာမခံချက်ထားရှိရေးအစီအစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ကျင်းပ

**နေပြည်တော် မေ ၈**

စင်ကာပူနိုင်ငံအခြေစိုက် Aon Benfield Asia Pte Ltd က ဦးဆောင်၍ သီးနှံ အာမခံချက်ထားရှိရေးအစီအစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မေ ၄ ရက်က နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပခဲ့သည်။



အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ တင်ထွဋ်က မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်းသစ်တီထွင်မှုများဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍအပေါ် ထိခိုက်နစ်နာမှုဖြစ်ပေါ်စေသည့် အကြောင်းအချက်များအနက် ရာသီဥတုပြောင်းလဲမှုသည် အရေးကြီးသော အချက်ပင်ဖြစ်ကြောင်း၊ တောင်သူများ၏ ထိခိုက်နစ်နာမှုများ လျော့နည်းစေရေးအတွက် သီးနှံအာမခံချက်ထားရှိရေး အစီအစဉ်သာမက ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အာမခံချက်ထားရှိရေး အစီအစဉ်သည်လည်း အရေးတကြီးလိုအပ်ကြောင်း၊ ရာသီဥတုဆိုင်ရာနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ စသည်တို့ကို တောင်သူလယ်သမားများထံ ရောက်ရှိစေရေးအတွက် ဆက်သွယ်ရေးစနစ်ကောင်းတစ်ရပ်ရှိရန် လိုအပ်သကဲ့သို့ တောင်သူများအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုသည်လည်း အရေးကြီးကြောင်း၊ ကောင်းမွန်ပြီး ရေရှည်တည်တံ့သည့် ငွေကြေးစနစ်ပေါ်ပေါက်ရန်လည်း လိုအပ်ကြောင်း၊ ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှ ကောင်းမွန်သောရလဒ်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ ထွက်ပေါ်လာမည်ဟု ယုံကြည်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အာရှနှင့် ပစိဖိတ်ဒေသ စိုက်ပျိုးရေး ကဏ္ဍတာဝန်ခံ Mr.Christopher Coe နှင့် တာဝန်ရှိသူတို့က သီးနှံအာမခံချက်ထားရှိမှု၊ အာမခံအစီအစဉ်၏ အရေးပါမှု၊ အာမခံထားရှိခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအနက် ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော သီးနှံအာမခံချက်ထားရှိမှု အစီအစဉ်များမှ ရရှိသည့်အတွေ့အကြုံနှင့် သင်ခန်းစာများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ အသီးသီးမှ ကိုယ်စားလှယ်များနှင့် Aon Benfield Asia Pte Ltd မှ ကိုယ်စားလှယ်များက သီးနှံအာမခံချက်ထားရှိရေး အစီအစဉ်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# ပြည်ပသို့ ကြက်သွန်နီတင်ပို့မှု ယခင်နှစ်ထက် ၇၀ ရာခိုင်နှုန်းကျော် လျော့နည်းခဲ့

**ရန်ကုန် မေ ၈**

ယခုဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ကြက်သွန်နီ တန်ချိန် ၁၈၄၀၈ ဒသမ ၆၇၂ တင်ပို့မှုမှ တန်ဖိုး အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော် ရရှိခဲ့ခြင်းကြောင့် ယခင်ဘဏ္ဍာနှစ်ကထက် တင်ပို့မှု ၇၀ ရာခိုင်နှုန်းကျော်အထိ လျော့နည်းသွားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။



မြန်မာနိုင်ငံ၏ ကြက်သွန်နီ စိုက်ဧကမှာ (မိုးနှင့်ဆောင်း)ပေါင်းပါက ဧကလေးသောင်းနီးပါးရှိပြီး တစ်နှစ်လျှင် တန်ချိန် ၁၀ သိန်းနီးပါးထွက်ရှိကာ အလေအလွင့် အပုပ်များ နုတ်လိုက်ပါက ပြည်ပတင်ပို့ရန်နှင့် ပြည်တွင်းစားသုံးချိန် တန်ချိန် ကိုးသိန်းခန့် ကျန်ရှိကြောင်း သိရသည်။ ကြက်သွန်နီ စိုက်ပျိုးရာတွင် ဈေးနှုန်းအနိမ့်အမြင့်ကို လိုက်ကာ စိုက်ပျိုးမှုရေိယာအကျယ်အဝန်းမှာလည်း ပြောင်းလဲတတ်သဖြင့် ဈေးအမြင့်ဖြင့် ပိတ်သောနှစ်တွင် စိုက်ဧကများပြီး ဈေးအနိမ့်ဖြင့် ပိတ်သောနှစ်တွင် စိုက်ဧက နည်းတတ်သည့်အတွက် ကြက်သွန်နီ၏ Supply Side သည် နှစ်စဉ် မတည်ငြိမ်မှု ဖြစ်ပေါ်လျက်ရှိသည်။

“Supply နည်းတဲ့နှစ် (တစ်နည်းအားဖြင့်) စိုက်ဧကနည်းပြီး ထုတ်လုပ်မှု အထွက်နည်းသောနှစ်မှာ ဈေးကြီးမြင့် လာတတ်ပါတယ်၊ ဈေးကြီးလာတော့ စိုက်ပျိုးမှုပြန်များလာပြီး အထွက်နှုန်းလည်းများလာတော့ ဈေးကျဆင်းမှု ထပ်ကြုံရပြန်တယ်၊ ဒီလိုနဲ့ ကြက်သွန်နီဈေးကွက်က မတည်ငြိမ်မှုကို နှစ်စဉ် ကြုံတွေ့နေရတယ်၊ ၂၀၁၀ မတိုင်ခင် တပ်မတော်အစိုးရလက်ထက်မှာ ပြည်တွင်းဖူလုံမှပဲ ပြည်ပပို့ဖို့ကန့်သတ်တာကြောင့် စိုက်ပျိုးတာ နည်းခဲ့တယ်၊ နောက်ပိုင်း ၂၀၁၁-၂၀၁၂ မှာ ပြန်ပို့ဖို့ ခွင့်ပြုခဲ့တော့ ပို့တာ အခုချိန်အထိပဲ၊ ဒါပေမယ့် အရင်နှစ်က ပြည်တွင်းမှာဈေးကြီးခဲ့လို့ ယာယီပိတ်ထားတာကနေ လျော့နည်းတင်ပို့တာလည်း ဖြစ်တယ်၊ အခု ပြန်ပြီးတင်ပို့နိုင်တာလည်း မကြာသေးဘူး”ဟု မန္တလေးတိုင်းဒေသကြီး ကြက်သွန်နီကုန်သည်များ အစုအဖွဲ့ဝင် ဦးမြတ်စိုးက ပြောသည်။

ကြက်သွန်နီကို တိုးတက်တင်ပို့လျက်ရှိသော်လည်း ပြည်တွင်းစားသုံးမှုများပြားခြင်း၊ ပြည်တွင်း ဈေးကြီးမြင့်ခြင်း၊ ပုပ်လွယ်သော ပစ္စည်းဖြစ်၍ ပင်လယ်ရေကြောင်းမှ တင်ပို့ရန် ခက်ခဲခြင်းတို့ကြောင့် နယ်စပ်ကုန်သွယ်မှုမှသာ တင်ပို့မှုများပြားလျက်ရှိကြောင်း၊ မြန်မာ့ကြက်သွန်နီများကို နှစ်စဉ် ထိုင်း၊ တရုတ်၊ မလေးရှား၊ စင်ကာပူ၊ ဘူလ်ဂေးရီးယား၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ ပါကစ္စတန်၊ အင်ဒိုနီးရှား၊ မက္ကဆီကို၊ ဗီယက်နမ်၊ ဗင်နီဇွဲလား နိုင်ငံများသို့ တင်ပို့နေကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်က ကြက်သွန်နီ အထွက် တန်ချိန် ၁၀၉၁၀၀၀ ခန့်မှ ပြည်တွင်းစားသုံးပြီး ပိုလျှံမှုတန်ချိန် ၄၆၂၀၀၀ ခန့်တွင် ပြည်ပတင်ပို့မှုမှာ ၅၆၅၁၂ တန် ရှိခဲ့ရာ ပိုလျှံမှုအပေါ် ပြည်ပတင်ပို့မှုရာခိုင်နှုန်းမှာ ၁၂ ဒသမ ၂၃ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ပတင်ပို့မှုမှာ ၃၆၁၃၅ တန်ခန့်ရှိပြီး ပိုလျှံမှုအပေါ် ပြည်ပတင်ပို့ မှုရာခိုင်နှုန်းမှာ ၆ ဒသမ ၀၅ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပြည်ပတင်ပို့မှု ၄၇၇၄၈ တန်ခန့်နှင့် ပိုလျှံမှုအပေါ် ပြည်ပတင်ပို့မှုရာခိုင်နှုန်း ၇ ဒသမ ၉၈ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ပတင်ပို့မှု ၆၆၇၁၄ တန်ခန့်နှင့် ပိုလျှံမှုအပေါ် တင်ပို့မှုရာခိုင်နှုန်း ၁၃ ဒသမ ၁၇ ရာခိုင်နှုန်းခန့် ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း စိုက်ပျိုးထုတ်လုပ်မှုတွင် မိုးကြက်သွန်နီစိုက်ပျိုးနိုင်မှုမှာ နည်းပါးပြီး ဆောင်း ကြက်သွန်နီ စိုက်ပျိုးမှုပေါ်တွင်သာ တစ်နိုင်ငံလုံး အားထားရကြောင်း တွေ့ရှိရသည်။ ဆောင်းကြက်သွန်နီကို အဓိကစိုက်ပျိုးသော ဒေသများမှာ မြန်မာနိုင်ငံအထက်ပိုင်းရှိ ချောင်းကြီးလေးချောင်းဖြစ်သော မန္တလေးတိုင်းဒေသကြီးမှ ဆင်တဲဝချောင်းနှင့် မကွေးတိုင်းဒေသကြီးမှ မုန်းချောင်း၊ မန်းချောင်း၊ ယင်းချောင်းတစ်လျှောက် ဒေသများ ဖြစ်ကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)
**ဓာတ်ပုံ-ကေဇူး**(AMIA)

# ကန့်ဘလူခရိုင်တွင် နွေစပါးဧက သုံးသောင်းနီးပါး လျာထားစိုက်ပျိုးလျက်ရှိ



**ကန့်ဘလူ မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ၂၀၁၇-၂၀၁၈ နွေစပါးစိုက်ပျိုးရာသီအတွင်း နွေစပါး ၂၉၅၂၂ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ၂၁၁၉ ဧက စိုက်ပျိုးပြီးကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသခံတောင်သူလယ်သမားများ နွေစပါးရာသီ စိုက်ပျိုးချိန်အမီ ထွန်ယက်စိုက်ပျိုးနိုင်ရန် ခရိုင်အတွင်းရှိ ကန့်ဘလူ၊ ကျွန်းလှမြို့နယ်တို့မှ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနများက ဆည်မြောင်းတာတမံများ၊ ရေပေးမြောင်းများ၊ မြောင်းစစ်လမ်းများ၊ မြောင်းပေါင်များ ပြုပြင်ခြင်း၊ ရေဝေရေလဲဧရိယာမှ စီးဆင်းသည့်ရေများ အပြည့်အဝသိုလှောင်အသုံးချရေး စသည်တို့ကို ကြိုတင်စီမံဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ရေပေးဝေလျက်ရှိရာမှ ၂၁၁၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လယ်ယာလုပ်ငန်းခွင်ဝင် တောင်သူလယ်သမားများ ရေကို အကျိုးရှိစွာအသုံးချနိုင်ရေးကိုလည်း သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်း၍ ကြီးကြပ်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများကလည်း တောင်သူများအား စိုက်ပျိုးရေးနည်းစနစ်များ၊ မြေဆီလွှာထိန်းသိမ်းရေးနည်းပညာများ ဟောပြောခြင်း၊ ပိုးမွှားရောဂါ ကျရောက်ပျက်စီးမှု မရှိစေရန် အပင်ဖြစ်ထွန်း ချိန်အလိုက် ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ နည်းပညာများ ဟောပြောခြင်း စသည့် စိုက်ပျိုးရေး နည်းပညာပေး ဆွေးနွေးပွဲများကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကာ ရာသီဥတု ရေမြေဒေသနှင့် ကိုက်ညီသော အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့ စိုက်ပျိုးနိုင်ရန်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် စပါးစိုက်ဧကတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ရေသောက်စနစ်များကို အကျိုးရှိစွာသုံးနိုင်အောင် ဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို တိုးတက်သုံးစွဲလာနိုင်စေရန် ကူညီပံ့ပိုးပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးနှုန်း

**(မေ ၂ ရက်မှ ၆ ရက်အထိ)**

ဒီတစ်ပတ်မှာတော့ဆန်ကြမ်းဈေးတွေ ကျဆင်းသွားပါတယ်။ မတ်ပဲကတော့ အတက်အကျရှိနေပေမယ့် ပဲစင်းငုံနီကတော့ အတက်ဈေးနဲ့ ငြိမ်နေပါတယ်။ ကြက်သွန်ဖြူကတော့ ဈေးကျဆင်းသွားပါတယ်။

**စပါး**

ဒီတစ်ပတ် ပုသိမ်ကုန်စည်ဒိုင်မှာ ပထမတန်းစားစပါးတွေက ဈေးတက်ခဲ့ပေမယ့် ဒုတိယတန်းစား စပါးတွေကတော့ ဈေးကျဆင်းသွားပါတယ်။ ဆန်ကြမ်းအသစ်တွေ ဆက်တိုက်ဝင်ရောက်လာတဲ့အတွက် ဆန်ကြမ်းဈေးလည်း ကျဆင်းသွားခဲ့ပြီး အရောင်းအဝယ်လည်း ငြိမ်နေပါတယ်။ ပထမတန်းစားစပါးတွေလည်း ဈေးတက်နေပေမယ့် အရောင်းအဝယ် အေးနေပါတယ်။

ရေဝတီပေါ်ဆန်းစပါးကတော့ တင်း ၁၀၀ ကို ငွေကျပ် ၁၀၀၇၆၁၀ ရှိပြီး ပြီးခဲ့တဲ့ အပတ်ကဈေးအတိုင်း ငြိမ်နေပါတယ်။ ပေါ်ဆန်းရင်အမျိုးအစားကတော့ တင်း ၁၀၀ ကို ငွေကျပ် ၉၂၀၀၀၀ ရှိပြီး ကျပ် ၁၈၀၀၀ ကျော် ဈေးတက်လာပါတယ်။ ဖျာပုံပေါ်ဆန်းကတော့ တင်း ၁၀၀ ကို ငွေကျပ် ၁၀၁၇၃၇၀ ရှိပြီး ကျပ် ၈၀၀၀၀ ကျော် ဈေးတက်လာပါတယ်။ ဒုတိယတန်းစားစပါးဖြစ်တဲ့ မနောသုခက တင်း ၁၀၀ ကို ငွေကျပ် ၅၇၀၄၀၀ ရှိပြီး ကျပ် ၂၀၀၀၀ နီးပါး ဈေးကျဆင်းခဲ့ပါတယ်။ မီးကောက်ကလည်း တင်း ၁၀၀ ကို ငွေကျပ် ၅၉၈၀၀၀ ရှိပြီး ၂၀၀၀၀ ကျော် ဈေးကျသွားပါတယ်။ သီးထပ်ရင်ကတော့ တင်း ၁၀၀ ကို ၆၀၀၀၀ ကျော် ဈေးကျဆင်းပြီး ငွေကျပ် ၅၁၅၂၀၀ ပေါက်ဈေးရှိနေပါတယ်။

**ဆန်**

ပုသိမ်ကုန်စည်ဒိုင်မှာ စပါးဈေးတက်ပေမယ့် ဆန်ချောတွေကတော့ ပြီးခဲ့တဲ့ အပတ်အတိုင်း ဈေးငြိမ်နေခဲ့ပါတယ်။ ရေဝတီပေါ်ဆန်း တစ်တင်းခွဲကို ၃၉၀၀၀၊ ပေါ်ဆန်းရင်နဲ့ ဖျာပုံပေါ်ဆန်းမွှေးတို့ကတော့ တစ်တင်းခွဲကို ၃၈၀၀၀ ပေါက်ဈေးရှိပါတယ်။ ဆန်ကြမ်းဖြစ်တဲ့ ရွှေသွယ်လေးနဲ့ရောမင်းတို့က တစ်တင်းခွဲတစ်အိတ်မှာ ကျပ် ၅၀၀ စီ ဈေးမြင့်တက်လာပြီး ကျပ် ၂၈၀၀၀ ရှိပါတယ်။ မနောသုခဆန်ကတော့ တစ်တင်းကို ကျပ် ၂၃၀၀၀ ရှိပြီး ၁၀၀၀ ကျပ်ခန့် ဈေးတက်သလို မီးကောက်က တစ်တင်းခွဲတစ်အိတ်ကို ၂၄၀၀၀ ကျပ်၊ သီးထပ်ရင်က ၂၁၀၀၀ ကျပ် ရှိနေပါတယ်။

ရန်ကုန် ဝါးတန်းကုန်စည်ဒိုင်မှာလည်း ဆန်ချောတွေက ဈေးငြိမ်နေပြီး ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန်၊ ရက်၉၀ ဆန်နဲ့ နွေသီးထပ်ဆန်တို့ကတော့ တစ်အိတ်ကို ကျပ် ၁၀၀၀ ကျော် ဈေးကျဆင်းသွားခဲ့ပါတယ်။

**မတ်ပဲ** (FAQ/RC)

ဒီတစ်ပတ်မှာ မတ်ပဲက ရန်ကုန်ဈေးကွက်မှာ အတက်အကျတွေ ရှိနေပေမယ့် နယ်ကုန်စည်ဒိုင်တွေမှာတော့ ဈေးကျဆင်းနေပါတယ်။ ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၄၅၀၀၀၀ ဝန်းကျင် ပေါက်ဈေးရှိနေပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ မတ်ပဲတစ်တင်းကို ၁၃၅၀၀၊ နေပြည်တော်ကုန်စည်ဒိုင်မှာ ၁၃၅၀၀၊ ပြည်ကုန်စည်ဒိုင်မှာ ၁၄၀၀၀ နဲ့ တစ်တင်းမှာ ၁၀၀၀ ကျော်ဈေးကျ ဆင်းသွားခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာ ပြည်ပပဲတင်သွင်းခွင့်နဲ့ ပတ်သက်ပြီး ဆန္ဒပြတာ၊ မငြိမ်သက်တာတွေကြောင့် ပြည်တွင်းမှာပါ ပဲဈေးက မတည်မငြိမ်ဖြစ်နေပါတယ်။ အိန္ဒိယနိုင်ငံက ပြည်ပပဲတင်သွင်းခွင့်ကို တန်ချိန်ငါးသန်း သတ်မှတ်ခဲ့တဲ့အချိန်ကစပြီး နိုင်ငံအတွင်း ပဲဈေးတွေ အဆမတန်ကျဆင်းလာကာ ပိုလျှံမှုတွေ ဖြစ်လာတဲ့အတွက် ဆက်တင်သွင်းခွင့်ကို ရပ်ဆိုင်းထားရန် တောင်းဆိုနေပါတယ်။

မြန်မာနိုင်ငံ ပဲနှမ်းအသင်းကတော့ အိန္ဒိယနိုင်ငံကို ပဲတင်ပို့ရောင်းချမှု တိုးပေးရန်၊ သီးသန့်ကိုတာ သတ်မှတ်ပေးရန်တို့ကို တောင်းဆိုထားပါတယ်။ လက်ရှိမှာ အိန္ဒိယနိုင်ငံကို မတ်ပဲနဲ့ ပဲတီစိမ်း တန်ချိန် သုံးသိန်းနဲ့ ပဲစင်းငုံ တန်ချိန် နှစ်သိန်း တင်ပို့နေပြီးတော့ ပဲတန်ချိန် တစ်သိန်းခန့်တိုးပြီး တင်ပို့ပေးရန် အိန္ဒိယနိုင်ငံရဲ့ ပဲဝယ်ယူမယ့်အစီအစဉ်အမီ တင်ပြခဲ့ပေမယ့် လက်ရှိအချိန်အထိ မြန်မာနိုင်ငံကပဲကို တိုးဝယ် မဝယ် မသိရသေးပါဘူး။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဒီတစ်ပတ်မှာ နယ်ကုန်စည်ဒိုင်တွေမှာ ဈေးအနည်းငယ်တက်လာပါတယ်။ ရန်ကုန်ဝယ်လက်တွေက နယ်အထိ ဆင်းဝယ်နေပြီး နယ်တွေမှာ ပဲစင်းငုံနီ အသစ်က မကျန်သလောက်အခြေအနေ ဖြစ်နေပါတယ်။ ပဲအဟောင်း လက်ကျန်တွေကိုသာ တဖြည်းဖြည်း ထုတ်ရောင်းနေတယ်လို့လည်း ကုန်သည်တွေထံကနေ သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ကျပ် ၃၈၀၀၀၀ ကနေ ၃၉၅၀၀၀ ကြား ပေါက်နေပြီး မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၀၃၀၀၊ ပခုက္ကူကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၉၀၀၀ နဲ့ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၀၅၀၀ ရှိခဲ့ကာ တစ်တင်းမှာ ကျပ် ၅၀၀ လောက် ဈေးတက်လာခဲ့ပါတယ်။

**ပဲကြီး**

ပဲကြီးက ဈေးတွေဆက်တိုက်ကျနေပေမယ့် ရောင်းအားအကောင်းဆုံး၊ ပဲဝင်မှုအများဆုံးနဲ့ ဈေးအမြင့်ဆုံးဆိုတဲ့ စံချိန်ကို လက်ရှိအချိန်အထိ ရရှိနေပါတယ်။ ပဲကြော်ဖိုလုပ်ငန်းတွေရော ပဲလှော်သမားတွေပါ အဝယ်ရှိတဲ့အတွက် ကုန်စည်ဒိုင်တစ်ခုကို နေ့စဉ် အိတ် ၇၀၀ ခန့်အထိ ရောင်းချနေရပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ပဲကြီးတစ်တင်းကို ကျပ် ၂၆၀၀၀ ကျော်ရှိပြီး တစ်တင်းမှာ ကျပ် ၁၀၀၀ ကျော် ဈေးကျဆင်းခဲ့သလို ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၀၀၀၀ ကနေ ၃၅၀၀၀ ကြားရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀၀ ခန့် ဈေးကျဆင်းခဲ့ပါတယ်။

**ပဲပုပ်**

ပဲပုပ်သီးနှံကတော့ လက်ရှိမှာ ပဲအဝင်မရှိတော့ဘဲ လှောင်ပဲ၊ လက်ကျန်ပဲတို့ကို လက်လီရောင်းချနေတဲ့ အခြေအနေမှာ ရှိနေပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ၂၀၀ ကျပ်လောက် ဈေးတက်လာပြီး ကျပ် ၂၄၇၀၀ ဈေးရှိပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၆၀၀၀ ရှိပြီး တစ်တင်းမှာ ၆၀၀ ကျပ်၊ ပြည်ကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၂၄၀၀၀ ရှိပြီး တစ်တင်းမှာ ၅၀၀ ကျပ် ဈေးတက်လာပါတယ်။

**ကြက်သွန်ဖြူ**

ဒီတစ်ပတ်မှာတော့ တရုတ် ကြက်သွန်ဖြူ (ကြူကုတ်)က ဈေးအနည်းငယ်ပြန်တက်လာပေမယ့် ရှမ်းကြက်သွန်ဖြူ(အောင်ပန်း၊ တောင်ကြီး)တို့ကတော့ ဈေးထပ်ပြီး ကျဆင်းသွားခဲ့ပါတယ်။ သင်္ကြန်နီးလာပေမယ့် ဈေးက ထင်သလောက် မရဘဲ ကျဆင်းနေပါတယ်။ စားသုံးသူတွေအတွက်တော့ ဈေးကျဆင်းတာ အဆင်ပြေပေမယ့် ကုန်သည်နဲ့ တောင်သူကတော့ နစ်နာမှုတွေရှိပါတယ်။ ဈေးကျဆင်းနေပေမယ့် အရောင်းအဝယ်တော့မပြတ်ဘဲ ကုန်စည်ဒိုင်ကို ဝင်သလောက်ကို ရောင်းနေရပါတယ်။

ရန်ကုန်ကုန်စည်ဒိုင်မှာ ကြက်သွန်ဖြူ (အောင်ပန်း၊ တောင်ကြီး)က တစ်ပိဿာကို ကျပ် ၁၄၀၀ ကနေ ၁၆၀၀ ရှိပြီး ကျပ် ၂၀၀ ခန့်ဈေးကျဆင်းသွားပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာကို ကျပ် ၁၅၅၀၊ ရှမ်းကြက်သွန်က ကျပ် ၁၄၀၀ ကနေ ၁၉၅၀ ခန့် ရှိပါတယ်။ နေပြည်တော်မှာတော့ ရှမ်းကြက်သွန် တစ်ပိဿာကို ကျပ် ၁၅၀၀ ရှိပြီး ၃၀၀ ကျပ်ခန့် ဈေးကျဆင်းသွားပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဆက်တိုက်ကို အဝင်ရှိပြီး နေ့စဉ် ပိဿာချိန်ပေါင်း ၅၀၀၀၀ ကျော် ဝင်ရောက်လျက်ရှိပါတယ်။ အဝင်များတာနဲ့အမျှ ဈေးကလည်း ကျဆင်းနေတဲ့ အခြေအနေပါ။ အဝင်များသလောက် အရောင်းအဝယ်ကတော့ ဖြစ်နေပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာ တစ်ပိဿာကို ၃၀၀ ကနေ ၆၅၀ ကြား၊ နေပြည်တော် ကုန်စည်ဒိုင်မှာ ကျပ် ၄၀၀ ကနေ ၈၀၀ ကြား၊ ပြည်ကုန်စည်ဒိုင်မှာ ကျပ် ၅၀၀ ကနေ ၆၂၅ ကျပ်ကြား ရှိနေပြီး ကျပ် ၁၀၀ ဝန်းကျင်လောက် ဈေးကျခဲ့ပါတယ်။ ရန်ကုန်ကုန်စည်ဒိုင်မှာတော့ ဆိပ်ဖြူ၊ မြစ်သား၊ အမျိုးအစားတွေက ကျပ် ၄၅၀ ကနေ ၁၂၅၀ အထိ ပေါက်ဈေးရှိနေပါတယ်။

**ဝတ်ရည်မွန်**(AMIA)

# မိတ္ထီလာကန်နှင့် ရေကူဆည်များမှရေဖြင့် နွေစပါးစိုက်ပျိုးနေပြီ

**မောင်ထီလာ**



မိတ္ထီလာကန်တော်ကြီးသည် သမိုင်းဝင် အဓိကရ ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးကို ရှေးမြန်မာမင်း-၁၇ ဆက်တို့က ပြုပြင်ဆည်ဖို့ခဲ့ကြသည်။ မိတ္ထီလာကန်တော်ကြီးသည် မြို့လူထုသောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် အဓိကအားထားရသော ကန်တော်ကြီးဖြစ်သည်။ မိတ္ထီလာကန်တော်ကြီးသည် နှစ်ကန်ပေါင်းစပ်ထားသော ကန်ကြီးဖြစ်သည်။

မိတ္ထီလာကန်၏ အဓိက ရေဝင်ချောင်းများမှ မုန်တိုင်ချောင်းဖြစ်သည်။ မုန်တိုင်ချောင်းမှ နှစ်စဉ်စီးဝင်လာသော ရေများတွင် သဲနုန်းများပါလာသဖြင့် မိတ္ထီလာကန်မှာ သဲနုန်းပို့ချမှုများရှိလာခဲ့သည်။ မိတ္ထီလာကန်ကြီး မတိမ်ကော မပျက်စီးရန်အတွက် ၁၈၉၁-၁၈၉၂ ခုနှစ်က အင်္ဂလိပ်အစိုးရက ဆည်မြောင်းစနစ်၏ အင်္ဂါရပ်နှင့် ပြည့်စုံစွာ ကန်ပေါင်များ၊ ရေလွှတ်တံခါးများ၊ တူးမြောင်းများကို ပြုပြင်မွမ်းမံခဲ့သည်။ သဲနုန်းပို့ချမှု လျော့နည်းစေရန်နှင့် ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်နှင့် ရေပိုရေလျှံများ ပိုမိုသိုလှောင်ထိန်းသိမ်းနိုင်ရန်အတွက် အဓိကရေဝင်ချောင်းဖြစ်သော မုန်တိုင်ချောင်းပေါ်တွင် မုန်တိုင်ရေလှောင်တမံကို ၁၉၆၂-၁၉၆၃ ခုနှစ်က တည်ဆောက်ခဲ့ပြီး ရှမ်းမငယ်ရေလှောင်တမံကို ၂၀၀၆-၂၀၀၇ ခုနှစ်က တည်ဆောက်ခဲ့သည်။

ထို့ပြင် မိတ္ထီလာတောင်ကန်သို့ သဲနုန်းပို့ချမှုနည်းစေရန်အတွက် ၁၉၉၂ ခုနှစ်က မိတ္ထီလာတောင်ကန်နှင့် မြောက်ကန်ကြား ရေသွင်း၊ ရေထုတ်အဆောက်အအုံနှင့် ရေခြားတမံတစ်ခုတည်ဆောက်ပေးခဲ့သည်။ မုန်တိုင်တမံမှ မိတ္ထီလာကန်သို့ ရေကူဖြည့်ဆည်းပေးနိုင်ရန်အတွက် မုန်တိုင်ရေလှောင်တမံနှင့် မိတ္ထီလာတောင်ကန်သို့ ဆက်သွယ်သည့် ရေသွယ်မြောင်းတစ်ခုကိုလည်း ဖောက်လုပ်ပေးခဲ့သည်။

မိတ္ထီလာမြို့နယ်၏ အဓိကစိုက်ပျိုးရေးမှာ မိုးစပါး၊ နွေစပါး၊ ဝါ၊ နှမ်း၊ ပဲမျိုးစုံနှင့်သီးနှံစုံများဖြစ်သည်။ သီးနှံများ အောင်မြင်ဖြစ်ထွန်းရန်အတွက် မိတ္ထီလာကန်သို့ ရှမ်းမငယ်ရေလှောင်တမံ၊ မုန်တိုင်ရေလှောင်တမံနှင့် ညောင်ကုန်းရေလှောင်တမံတို့ နှစ်စဉ်ရေကူဖြည့်ပေးလျက်ရှိပါသည်။ မိတ္ထီလာမြောက်ကန်အတွင်း ရေပိုမိုဝင်ရောက်စေရန်နှင့် ရေဝင်ချောင်းများတစ်လျှောက်ရှိ ကျေးရွာများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် ၂၀၁၅ ခုနှစ်တွင် မုန်တိုင်ချောင်း၊ တလင်းကုန်းချောင်းနှင့် ကြာအင်းချောင်းများ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပေသည်။

ထို့ပြင် မိတ္ထီလာမြောက်ကန်ကြီးကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်များဖို့ခြင်းနှင့် ကန်ပေါင်အသစ်ပြုလုပ်ခြင်း၊ ဆင်ခြေလျှောလှိုင်းကာကျောက်ရိုးစီခြင်း၊ ကန်ခြားရေကျော်နှင့် ရေထိန်းအဆောက်အအုံနှင့် ရေထိန်းတံခါး ဆောက်လုပ်ခြင်းလုပ်ငန်းများကို အထူးစီမံကိန်းဖြင့် အချိန်တိုအတွင်း လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ခဲ့သည်။

ဤကဲ့သို့ မိတ္ထီလာ(မြောက်)ကန်ကြီးအား အထူးစီမံချက်ဖြင့် ပြုပြင်ဆောင်ရွက်ခဲ့သဖြင့် မိတ္ထီလာ(မြောက်)ကန်တွင် ရေပိုမိုသိုလှောင်နိုင်ခြင်း၊ ဒေသခံပြည်သူများနှင့် ကျွဲနွားတိရစ္ဆာန်များ သောက်သုံးရေဖူလုံပြီး မိုးစပါး၊ နွေစပါး စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ခြင်း၊ မိတ္ထီလာ(မြောက်)ကန် ရေဝင်ချောင်းအနီးရှိ မြင်သာကျေးရွာ၊ သဲတောကျေးရွာ၊ ရွာမကျေးရွာ၊ လက်ပံတံခါးကော့ကျေးရွာများနှင့် ရှင်မြို့ကျေးရွာတို့မှာ ရေနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ခဲ့သည်။

မိတ္ထီလာကန်တော်ကြီးအား ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီဌာနမှ ပြန်လည်ပြုပြင်ပြီးနောက် ကန်အတွင်း ရေပိုမိုသိုလှောင်နိုင်ပြီး စိုက်ပျိုးဧကများလည်း တိုးတက်စိုက်ပျိုးလာနိုင်ခဲ့သည်။ ဤကဲ့သို့ စိုက်ပျိုးမြေများ ပိုမိုတိုးတက်စိုက်ပျိုးလာနိုင်သဖြင့် မိတ္ထီလာကန်နှင့်တကွ ရေကူဆည်များဖြစ်သော မုန်တိုင်ဆည်၊ ရှမ်းမငယ်ရေလှောင်တမံများရှိ ကျေးရွာအုပ်စု ၂၆ အုပ်စုအတွင်း ကျေးရွာများမှ တောင်သူလယ်သမားများသည် ယခု ၂၀၁၈ ခုနှစ်တွင် နွေစပါး ၃၂၄၇ ဧကအား စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။ ထို့ကြောင့် မိတ္ထီလာကန်နှင့် မိတ္ထီလာကန်ရေကူဆည်များရှိ တောင်သူလယ်သမားများ နွေစပါးစိုက်ပျိုးရသဖြင့် ဝင်ငွေတိုးပြီး လူနေမှုဘဝမြင့်မားကာ ဆင်းရဲနွမ်းပါးမှုမှ လျော့ကျသွားမည်ဖြစ်ပါသည်။ ။

## ဥတ္တရသီရိမြို့နယ်ရှိ ဆင်လူးငန်းစပ်ကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းပြီးစီး

**နေပြည်တော် ဧပြီ ၈**

နေပြည်တော် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအနီး၌ တည်ရှိသည့် ဆင်လူးငန်းစပ်ကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို မတ်လနောက်ဆုံးပတ်အတွင်းက ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သဖြင့် ဒေသခံတောင်သူများအား ယခင်ကထက် စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်တော့မည်ဖြစ်ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီဌာနမှ သိရသည်။

ဆင်လူးငန်းစပ်ကန်၏ ကန်ပေါင်ကို ၁၉၅၇-၁၉၅၈ ခုနှစ်က ကျေးရွာနေပြည်သူလူထုအင်အားဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နှစ်ကာလ ကြာမြင့်လာမှုကြောင့် ကန်၏မြေသားပေါင်များ နိမ့်ကျခြင်း၊ ကန်ပေါင်ထိပ်ပြင်ကျယ် ကျဉ်းမြောင်းလာခြင်းနှင့် သဲနုန်းများပို့ချခြင်းတို့ ဖြစ်လာကာ ကန်ရေလှောင်ပမာဏမှာ နည်းပါးလာခဲ့ကြောင်း သိရသည်။

ထိုသို့သော အခက်အခဲများနှင့် ပတ်သက်၍ ဒေသခံ ကန်ရေသောက်တောင်သူများက တင်ပြတောင်းဆိုသဖြင့် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်တို့၏ ကြီးကြပ် ညွှန်ကြားမှုဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့က ကွင်းဆင်းလေ့လာ စစ်ဆေးပြီးနောက် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်မှ စတင်ပြီး ကန်ပေါင်ဖြည့်ခြင်းနှင့် ကန်အတွင်း သဲနုန်းများတူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မတ် ၂၅ ရက်တွင် လုပ်ငန်းများအားလုံး ပြီးစီးခဲ့ခြင်းဖြစ်သည်။

"အဓိကတော့ ဒေသခံပြည်သူတွေ တင်ပြတောင်းဆိုမှုကြောင့် ကျွန်တော်တို့ ဌာနအနေနဲ့ အခုလို ဒီကန်ကို အချိန်မီ ပြုပြင်ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်၊ ဒီကန်က နှစ်ပေါင်းအားဖြင့် ကြာမြင့်လာတော့ သဲနုန်းတွေပို့တဲ့အတွက် ဒေသခံတွေအတွက် အဆင်မပြေဖြစ်လာတာပေါ့၊ အခုလို ပြုပြင်ပေးလိုက်တော့ သူတို့အတွက်လည်း စိုက်ပျိုးရေအတွက် တော်တော်လေးအဆင်ပြေသွားပါတယ်"ဟု ရေကန် ပြန်လည်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဆည်မြောင်းနှင့် ရေ အသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆင်လူးငန်းစပ်ကန်ကို သဲနုန်းများ တူးဖော်ခြင်းမပြုမီက ကန်ရေဝပ် ရေလှောင်ပမာဏမှာ ဧကပေ ၄၀၀ ခန့် ရှိသည့်အနက် ဧကပေ ၂၅၀ ခန့်သာ သိုလှောင်နိုင်ခဲ့ကြောင်း၊ ယခု ပြန်လည်တူးဖော်နိုင်ခဲ့သည့်အတွက် ဧကပေ ၅၀၀ အထိ တိုးချဲ့သိုလှောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကန်ရေသောက်ဧရိယာ စိစစ်ပြီး ဧက ၁၅၀ ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်မည့်အပြင် ကန်အနီး ဝန်းကျင်ရှိ ကျေးရွာနေပြည်သူများ၏ သောက်သုံးရေအတွက်လည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်မောင်လွင်၊ ဓာတ်ပုံ-မောင်မွှေး**



## ကော်ဖီစိုက်ခင်းများတွင် မိခင်ပင်ရွေးချယ်၍ မျိုးစေ့ထုတ်လုပ်ခြင်းကို မေလအထိ ပြုလုပ်သွားမည်

**ပြင်ဦးလွင် ဧပြီ ၈**

ပြင်ဦးလွင်ရှိ ကော်ဖီစိုက်ခင်းများတွင် မျိုးကောင်းမျိုးသန့်အဖြစ် မိခင်ပင်ကို ရွေးချယ်၍ မျိုးစေ့ထုတ်လုပ်ခြင်းကို ဧပြီမှ မေလအထိ နှစ်လကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြင်ဦးလွင်ရှိ ကော်ဖီစိုက်ပျိုးသည့် လုပ်ငန်းရှင်များထံမှ သိရသည်။

ယင်းကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် မြေမျက်နှာပြင် ညီညာပြီး မိုးသည်းထန်စွာရွာချိန်တွင် ရေမဝပ်သည့် နေရာများကို ရွေးချယ်၍ ပျိုးခင်းပြုလုပ်ခြင်း၊ အပင်ပေါက် ၉၅ ရာခိုင်နှုန်း ရရှိရန် မျိုးစေ့သက်တမ်း လေးလအတွင်း ပျိုးထောင်ခြင်း၊ ပျိုးခင်းသက်တမ်း တစ်နှစ်သားခန့် (အရွက်စုံ ခြောက်စုံ)ရှိနေချိန်တွင် စိုက်ခင်းထဲသို့ မြေချစိုက်ပျိုးခြင်းတို့ ဆောင်ရွက်မည်ဟု ယင်းကော်ဖီခြံပိုင်ရှင် ဦးမိုးဝေက ပြောသည်။

"ကော်ဖီစိုက်ခင်းတွေမှာ မြေရွေးချယ်တာနဲ့ မြေသားနဲ့ ရေစီးရေလာကောင်းမွန်တဲ့ မြေနေရာ ဖွဲ့စည်းပုံတွေကို စနစ်တကျ လုပ်ကြမှာဖြစ်သလို အရည်အသွေးတန်းဝင် ကော်ဖီမျိုးစေ့ပွားနိုင်အောင် မိခင်မျိုးကနေ တစ်ဆင့် ပွားသွားမှာ ဖြစ်တယ်၊ ဒါသာ အဆင်ပြေသွားရင် မျိုးစေ့အတွက် မပူရသလို မျိုးရောသွားမှာလည်း မပူရတော့ဘူး"ဟု ၎င်းက ပြောသည်။

စိုက်ခင်းတွင် အရိပ်ပင်(ခါတော်မီ)များကို နှစ်နှစ်ခန့်ကြိုတင်၍ စိုက်ပျိုးခြင်းနှင့် မြေအစောင်း ရာခိုင်နှုန်းများသော နေရာများတွင် မြေဆီလွှာရေတိုက်စားမှု နည်းစေရန် မြေဖုံးပင်များ စိုက်ပျိုးခြင်း၊ ရေခံရေတားကျင်းများတူးခြင်းတို့ကိုလည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။ ပြင်ဦးလွင်ရှိ ကော်ဖီစိုက်တောင်သူ ဦးကျော်နေဟန်က "ကော်ဖီပင် သက်တမ်း တစ်နှစ်၊ နှစ်နှစ်အတွင်းမှာ သွင်းအားစုကို အချိုးကျထည့်တာကရွက်နုချိန်ဖြစ်တဲ့ ဧပြီတစ်ကြိမ် ဇူလိုင်တစ်ကြိမ် အပင်မျိုးပွားလို့ရတယ်၊ ဒီအချိန်က အကောင်းဆုံးအချိန်ပဲ" ဟု ပြောသည်။

NPK အချိုး 1:2:1 အချိုးကို ကော်ဖီတစ်ပင်လျှင် တစ်အောင်စနှုန်းဖြင့် ရွက်နုထွက်ချိန် စက်တင်ဘာလတွင် တစ်ကြိမ်ထည့်သွင်းပြီး တစ်နှစ်လျှင် သုံးကြိမ်ခန့် ပြုလုပ်ရန်လိုအပ်ကာ အသီးအဆန်ဖြည့်ချိန် ဇူလိုင်လတွင် တစ်ကြိမ်နှင့် အသီးစရင့်သည့်ကာလ စက်တင်ဘာလများတွင် တစ်ကြိမ် ထည့်သွင်းပေးရကြောင်း၊ မြေချဉ်ငန်ဓာတ် စံ ၄-၅ ထက်နိမ့်သော မြေများတွင် ထုံးနို့ဆီဘူးတစ်ဘူးကို နှစ်နှစ်လျှင် တစ်ကြိမ်နှုန်းဖြင့် မြေဩဇာထည့်သွင်းပေးရမည်ဖြစ်ကြောင်း သိရသည်။ ဖေဖော်ဝါရီနှင့် မတ်လများတွင် ကိုင်းဖြတ်ပြုပြင်ခြင်းလုပ်ငန်း၊ ဧပြီ၊ မေနှင့် ဩဂုတ်၊ စက်တင်ဘာလများတွင် ခေါင်းနိမ့် အတက်ဖဲ့လုပ်ငန်းနှင့် နိုဝင်ဘာလအတွင်း ပင်ခြေဖုံးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ရကြောင်းလည်း သိရသည်။

ကော်ဖီသီးဆွတ်ခူးရာတွင် ကော်ဖီသီးကို နေ့ချင်းအခွံချွတ်ခြင်းနှင့် အလွှာပြောင်အောင် ဆေးကြောခြင်းတို့ကို ဆောင်ရွက်ပြီး အစေ့ခွံပါ ကော်ဖီ Parchment ကော်ဖီစေ့များကို သန့်ရှင်းထားသော တလင်း(သို့မဟုတ်) ကော်ဖီစေ့လှမ်းစင်များဖြင့် အခြောက်လှမ်းရမည်ဖြစ်သည်။ အစိုဓာတ်ပါဝင်မှု ၁၂ ရာခိုင်နှုန်း ရောက်ရှိချိန်တွင် သန့်ရှင်းသော Polythene အိတ်များဖြင့် ထုပ်ပိုးပြီး လေဝင်လေထွက်ကောင်း၍ အခန်းအပူချိန်ထက်မမြင့်သော နေရာတွင် စနစ်တကျ သိုလှောင်ကြကြောင်း ကော်ဖီစိုက်တောင်သူများက ပြောသည်။

**ဇာလင်းသူ**(AMIA)

## လားရှိုးမြို့နယ်ရှိ ကျေးရွာများတွင် ကြယ်ပဲမှ စားသောက်ကုန်များ ထုတ်လုပ်သွားမည်

**လားရှိုး ဧပြီ ၈**

ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ်ရှိ ကျေးရွာများတွင် ကြယ်ပဲမှ စားသောက်ကုန်များ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ကြယ်ပဲစိုက်တောင်သူများကွန်ရက်မှ သိရသည်။

လားရှိုးမြို့နယ်အတွင်း ကျေးရွာပေါင်း ၂၀ ကျော်တွင် ကြယ်ပဲကို စမ်းသပ်စိုက်ပျိုးရာ အောင်မြင်နေသည့်အတွက် ထွက်ရှိလာသည့် ကြယ်ပဲများကို ကြယ်ပဲလက်ဖက်ခြောက်၊ ကြယ်ပဲဆီ၊ ကြယ်ပဲအစေ့ဆန်အဖြစ် ထုတ်လုပ်ထုပ်ပိုး၍ ဈေးကွက်အတွင်း ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းကွန်ရက်ဝင် တောင်သူ ဦးစိုင်းကျော်ထက်က ပြောသည်။

"အော်ဂဲနစ်နဲ့ အစိုက်များတယ်၊ နာနတ်တို့၊ သစ်မွှေးတို့နဲ့ ရောစိုက်တာတွေ တိုးချဲ့လာတယ်၊ ကြယ်ပဲစိုက်ပျိုးရာမှာ စိုက်ပျိုးစနှစ်မှာ တစ်ဧကမျိုး တစ်ကီလို ၃၀၅၀၀၀ ကျပ်၊ ရေသွယ်ခြင်း၊ သစ်ဝါးနဲ့ သွပ်နန်းကြိုး စတာတွေနဲ့ ပေါင်းရှင်းလင်းခြင်းတို့ အပါအဝင် တစ်ဧကကုန်ကျစရိတ် ၁၀ သိန်းကနေ ၁၅ သိန်းကြား ရှိပါတယ်"ဟု ၎င်းက ပြောသည်။

လားရှိုးမြို့နှင့် ၁၆ မိုင်အကွာ နမ့်တွန်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူများသည် ကြယ်ပဲအော်ဂဲနစ်စိုက်ခင်းအဖြစ် တောင်သူတစ်ဦးလျှင် နှစ်ဧကမှ ခြောက်ဧကခန့် စိုက်ပျိုးထားပြီး နာနတ်၊ သစ်မွှေး၊ နံ့သာနီပင်စသည့် နှစ်ရှည်ပင်များကြားတွင် ကြယ်ပဲကို စီးပွားဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကြယ်ပဲ၏ မူလစိုက်ပျိုးရာဒေသမှာ တောင်အမေရိကတိုက် ပီရူးနိုင်ငံဖြစ်ပြီး အမေဇုန်တောတွင် အလေ့ကျပေါက်သည့် နှစ်ရှည် ဆီထွက်သီးနှံ နွယ်ပင်တစ်မျိုးဖြစ်၍ တစ်နှစ်ပတ်လုံး ခူးဆွတ်နိုင်ကာ ရေကြိုက်သောအပင်ဖြစ်သော်လည်း ရေဝပ်ခြင်း၊ မိုးများခြင်း၊ အအေးဓာတ်လွန်ကဲခြင်းကို မနှစ်သက်သောအပင်ဖြစ်ကြောင်း သိရသည်။

"ပီရူးနိုင်ငံမှာ အလေ့ကျပေါက်သော ကြယ်ပဲကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သောအဆင့်သို့ ရောက်ရှိနေပြီး ဖြစ်ပါတယ်၊ မြန်မာနိုင်ငံ ရှမ်းပြည်နယ် (မြောက်ပိုင်း) မှာ ကုမ္ပဏီများမှတစ်ဆင့် ထိုင်းနိုင်ငံ(အစ္စရေး)မျိုးကို တင်သွင်းကာ တောင်သူများသို့ ငါးနှစ် မှ ၁၅ နှစ် စာချုပ်ဖြင့် Organic သီးနှံအဖြစ် စိုက်ပျိုးစေပြီး ပြန်လည်ဝယ်ယူလျက်ရှိပါတယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးရွာများမှာတော့ ဧက ၁၀၀ ကျော်ခန့် စမ်းသပ်စိုက်ပျိုးလျက်ရှိနေပြီ ဖြစ်ပါတယ်"ဟု ကြယ်ပဲစိုက်တောင်သူများကွန်ရက်ဝင် တောင်သူ ဦးစိုင်းအောင်မြတ်တိုးက ပြောသည်။

ကြယ်ပဲကို မြန်မာနိုင်ငံတွင် နေရာဒေသမရွေး စိုက်ပျိုးနိုင်ခြင်းကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စိုက်ပျိုးပါက တောင်သူများ အကျိုးစီးပွား ဖြစ်ထွန်းလာနိုင်ကာ အမယ်သစ် ဈေးကွက်ဝင် ဆေးဝါးထုတ်ကုန်တစ်မျိုး ဖြစ်လာနိုင်ကြောင်း သိရသည်။ ကုမ္ပဏီအချို့က တောင်သူများထံ နှစ်ရှည်စာချုပ်ဖြင့် ကြယ်ပဲမျိုးဖြန့်ဖြူးကာ ကုန်ကြမ်းအဖြစ် ပြန်လည်ဝယ်ယူသည့်စနစ်ဖြင့်လည်း စိုက်ပျိုးလျက်ရှိရာ ကြယ်ပဲအစေ့ တစ်ကီလိုလျှင် ၂၀၀၀ ကျပ်ရှိပြီး တရုတ်ပြည်တွင် တစ်ကီလိုလျှင် ၅၀၀၀ ကျပ်အထိ ရှိကြောင်း သိရသည်။

ကြယ်ပဲ တစ်ကြိမ်ခူးဆွတ်ပါက တစ်ဧကလျှင် ဝင်ငွေ ကျပ် ၁၄ သိန်းမှ သိန်း ၃၀ အထိ ရရှိနိုင်၍ အမြတ်အနေဖြင့် တစ်ဧကမှ ကျပ် ၁၀ သိန်းကျော် ရရှိနိုင်ကြောင်း၊ ဈေးကွက်တွင်လည်း တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ပြန်လည်တင်ပို့လျက် ကုန်ချောအဖြစ် ထုတ်လုပ်လျက်ရှိခြင်းကြောင့် တောင်သူများအနေဖြင့် ကြယ်ပဲကို နည်းစနစ်ကျကျ တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)

# ကျွန်တော်နဲ့ ဆွေးနွေးပွဲများ



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော်ဟာ ဟောပြောပွဲတွေ မကြာခဏ လုပ်ဖြစ်ပါတယ်။ ရန်ကုန်မှာသာမက မန္တလေး-မုံရွာ-မော်လမြိုင်-ဘားအံ-မကွေး- တောင်ကြီး-ထားဝယ် အပါအဝင် ကျန်တဲ့မြို့တွေမှာ အခွင့်ရေးရတိုင်း လုပ်ဖြစ်ခဲ့တယ်။ ဟောပြောပွဲလုပ်ရတာက ကိုယ်တင်ပြချင်တဲ့ အကြောင်းအရာ၊ အချက်အလက်တွေကို စနစ်တကျပြင်ဆင်ပြီး ပရိသတ်တွေကို မျှဝေခွင့်ရပါတယ်။ ကျွန်တော့်အနေနဲ့ ပရိသတ်အတွက် အဆင်ပြေမယ့် သင့်တော်တဲ့ ခေါင်းစဉ်တွေ ရွေးချယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

### အချိန်စီမံမှု

ဆွေးနွေးပွဲကျတော့ ဟောပြောပွဲနဲ့ မတူဘူး။ ကိုယ်တစ်ဦးတည်း မဟုတ်ဘဲ ကျန်တဲ့ပုဂ္ဂိုလ်တွေနဲ့ တွဲဖက်ဆောင်ရွက်ရတာ၊ ကိုယ့်အမြင် သူ့အမြင်ကို ဖလှယ်ကြပြီး ငြင်းခုံဆွေးနွေးကြတာ။ တူတာရှိသလို မတူတာကိုလည်း တင်ပြကြတယ်။ ဆွေးနွေးပွဲမှာ အဓိကကျတာက သဘာပတိဖြစ်တယ်။ သဘာပတိလုပ်သူ ကျွမ်းကျင်ရင် ဆွေးနွေးပွဲကို အောင်အောင်မြင်မြင် ကျင်းပနိုင်ပြီး ကျွမ်းကျင်မှုမရှိရင် ဆွေးနွေးပွဲပျက်နိုင်မှာ ဖြစ်တယ်။ ဆွေးနွေးတဲ့သူတွေကို မျှမျှတတရှိအောင် ထိန်းကျောင်းပေးဖို့လိုအပ်ပါတယ်။ ဆွေးနွေးတဲ့သူတွေဟာ ပြောစရာတွေများကြတာမို့ တစ်ယောက်တည်း အချိန်ယူတာမျိုးမဖြစ်အောင် သတိထားရပါတယ်။ တစ်ဦးနဲ့တစ်ဦး အချိန်မျှဝေဖို့လိုအပ်ပါတယ်။ အထူးအရေးကြီးတာက အချိန်စီမံမှုပဲဖြစ်တယ်။ သတ်မှတ်တဲ့အချိန်အတွင်း ဆွေးနွေးပွဲပြီးအောင်လုပ်ဖို့ သဘာပတိမှာတာဝန်ရှိပါတယ်။ တက်ရောက်လာတဲ့ ပရိသတ်တွေက မေးခွန်းမေးတာ၊ ဆွေးနွေးတာတွေကိုလည်း ခွင့်ပေးပါမှ ဆွေးနွေးပွဲဟာ အသက်ရှင်မှာဖြစ်တယ်။ ကိုယ်ပြောချင်တာပြောပြီး ဆင်းသွားရင် ပရိသတ်တွေနဲ့ ပါဝင်မှု၊ စိတ်ဝင်စားမှု နည်းပါးမှာ ဖြစ်ပါတယ်။

### အားလုံးပါဝင်တဲ့ဖွံ့ဖြိုးတိုးတက်မှု

ပြီးခဲ့တဲ့ရက်သတ္တပတ် စနေ၊ တနင်္ဂနွေနှစ်ရက်မှာ ကျွန်တော်ဆွေးနွေးပွဲသုံးရပ်ကို ကျင်းပခဲ့ပါတယ်။ လုပ်ပေးဖို့ ပန်ကြားလာတာကို လက်ခံခဲ့တာမို့ အခုလိုဖြစ်ခဲ့တာပါ။ ပထမပွဲကတော့ (British Council) က ဒေါ်မိမိမျိုးဝင်းကြောင့် လုပ်ခဲ့တာ။ သူနဲ့ ကျွန်တော်က မကြာခဏပွဲလုပ်ဖြစ်တယ်။ မြန်မာနိုင်ငံမှာ အားလုံးပါဝင်တဲ့ဖွံ့ဖြိုးတိုးတက်မှု ရရှိအောင်ကျေးလက်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများအကြား မည်သို့မည်ပုံဆောင်ရွက်ဖို့လိုတယ်ဆိုတာကို ဆွေးနွေးကြဖို့ ဖြစ်တယ်။ သူပေးထားတဲ့ခေါင်းစဉ်က အလွန်စိတ်ဝင်စားစရာ ဖြစ်တယ်။ ကျွန်တော်စိတ်ဝင်စားတဲ့ နိုင်ငံရေးဘောဂဗေဒ ခေါင်းစဉ်တစ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်က စီးပွားရေးပညာသင်ကြားခွင့်ရတုန်းက စီးပွားရေးဖွံ့ဖြိုးမှုကို စဉ်းစားတဲ့အခါ အားလုံးပါဝင်ရမယ်ဆိုတဲ့ အတွေးအခေါ်ကို မစဉ်းစားခဲ့ပါဘူး။ စီးပွားရေးလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရင် အားလုံးအတွက် အဆင်ပြေမယ်လို့ အယူအဆရှိခဲ့ပါတယ်။ အမှန်တော့ ဒီလို မဟုတ်ပါဘူး။ ရှိတဲ့အခွင့်ရေးတွေကို ယူနိုင်တဲ့သူတွေ ရှိသလို၊ မယူနိုင်တဲ့သူတွေလည်း ရှိပါတယ်။ အရင်တုန်းကတော့ အရှေ့ကအကျိုးခံစားခဲ့တဲ့သူတွေရဲ့ အသီးအပွင့်တွေဟာ တဖြည်းဖြည်းအောက်ကို စီးဆင်းလာလိမ့်မယ်လို့ ယူဆကြတယ်။ ဒါကြောင့်ချမ်းသာတဲ့သူတွေ အရင်ချမ်းသာအောင်လုပ်တယ်။ သူတို့က တစ်ဆင့်ဆင်းရဲတဲ့သူတွေလည်း အကျိုးအမြတ်ရလာလိမ့်မယ်လို့ ယူဆကြတယ်။ အမှန်တော့ အခုလိုမဖြစ်ဘဲ ဆင်းရဲ ချမ်းသာမှုတွေဟာ တဖြည်းဖြည်းကွာဟလာတာတွေ့ရတယ်။ ဒါကြောင့် မျက်မှောက်ခေတ်မှာတော့ စီးပွားရေးဖွံ့ဖြိုးမှုကို စဉ်းစားရင်အားလုံးပါဝင်အောင် စဉ်းစားဖို့လိုကြောင်း အသိမှတ်ပြုလာကြတယ်။ ဆင်းရဲမှုနဲ့ပတ်သက်လာရင် ကျေးလက်ဒေသတွေမှာ ဆင်းရဲသူများတယ်။ တိုင်းရင်းသားလူမျိုးတွေဟာ ပိုပြီးဆင်းရဲကြတယ်လို့မြင်ကြတယ်။ ယေဘုယျအရ မှန်ပေမယ့် အမှန်တော့ဆင်ခြေဖုံး ရပ်ကွက်မှာနေထိုင်တဲ့ ဆင်းရဲသားတွေကိုလည်း မေ့လို့မဖြစ်ပါဘူး။ ဒါကြောင့် ယခုခေတ်မှာ စီးပွားရေးဖွံ့ဖြိုးမှုလို့ပြောရင် ပေတံသုံးခုကိုအသုံးချနေတာ တွေ့ရတယ်။ ပထမပေတံက အားလုံးပါဝင်ဖို့ဖြစ်တယ်။ ဒုတိယ ပေတံကတော့ မျှတမှုရှိဖို့ ဖြစ်တယ်။ ညီတာနဲ့မျှတာမတူပါဘူး။ ကြိုးစားတဲ့သူဟာ မကြိုးစားတဲ့သူတွေထက် အကျိုးခံစားခွင့် ပိုရဖို့လိုတယ်။ ကြိုးစားသည်ဖြစ်စေ၊ မကြိုးစားသည်ဖြစ်စေ အကျိုးအမြတ်တူရင် ကြိုးစားမှုဟာ အဓိပ္ပာယ်မရှိတော့ပါဘူး။ နောက်ဆုံးကတော့စဉ်ဆက်မပြတ်ဖြစ်ဖို့ လိုအပ်ပါတယ်။ ဖွံ့ဖြိုးမှုဟာ တက်လိုက်ကျလိုက်ဖြစ်နေရင် တည်ငြိမ်မှုရှိမှာမဟုတ်ပါဘူး။

### တက်တက်ကြွကြွပါဝင်ဆွေးနွေး

ကျွန်တော်နဲ့အတူ ဆွေးနွေးတဲ့သူက ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်မှုလုပ်ငန်းတွေကို ဆောင်ရွက်တဲ့ ဦးဝင်းမျိုးသူဖြစ်တယ်။ နောက်တစ်ဦးကတော့ ကျွန်တော့်ရဲ့တူ ဒေါက်တာထွန်းသူရသက်။ သူကတော့ နည်းပညာရှုထောင့်နဲ့ဆွေးနွေးဖို့ဖြစ်တယ်။ တတိယပုဂ္ဂိုလ်ကတော့ နော်သက်သက်ထွန်း။ သူက ကရင်အမျိုးသမီးအရပ်ဘက် လူ့အဖွဲ့အစည်းတစ်ခုကို တာဝန်ယူနေတဲ့သူ။ ဒီပုဂ္ဂိုလ်သုံးဦးဟာ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးမှုအတွက် အရေးကြီးလှတဲ့ ပတ်ဝန်းကျင်နည်းပညာနဲ့ တိုင်းရင်းသားရှုထောင့်တွေကို ဦးစားပေးဆွေးနွေးကြဖို့ ဖြစ်ပါတယ်။ ဆွေးနွေးသူ သုံးဦးဟာ ကိုယ့်နေရာနဲ့ကိုယ် ကျွမ်းကျင်လိမ္မာကြတာမို့

> “ ကျွန်တော်က လူငယ်တွေကို လူမှုစီးပွားရေးလုပ်ငန်းတွေကို လုပ်ဆောင်ဖို့ တိုက်တွန်းပါတယ်။ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းတွေမှာ လူမှုရေးပြဿနာတွေ အများကြီးနဲ့ ကြုံတွေ့ရင်ဆိုင်နေရတယ်။ ဒီပြဿနာတွေကို လူမှုရေးနည်းနဲ့သာ ဖြေရှင်းတာ မဟုတ်ဘဲ စီးပွားရေးနည်းနဲ့ ဖြေရှင်းနိုင်အောင် အားထုတ်စေချင် ”

သူတို့ရဲ့ဆွေးနွေးတင်ပြချက်တွေဟာ အလွန်တန်ဖိုးရှိလှပါတယ်။ သူတို့တင်ပြပြီးချိန်မှာ ကျွန်တော် ပရိသတ်တွေကို မေးခွန်းတွေ မေးဖို့၊ ပါဝင် ဆွေးနွေးဖို့ ခွင့်ပြုခဲ့ပါတယ်။ ပရိသတ်တွေကလည်း တက်တက်ကြွကြွပါဝင်ဆွေးနွေးကြတာမို့ ပွဲအတော်မြိုင်သွားပါတယ်။ ပွဲအပြီးမှာ ညစာစားပွဲကို ကျွန်တော်မနေနိုင်တော့ဘဲ ကုန်သည်ကြီးများအသင်းက ကျင်းပတဲ့ဒုတိယပွဲကို သွားခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးက ဖိတ်ကြားထားတာမို့ ကျွန်တော် သွားခဲ့တာဖြစ်တယ်။ ကျွန်တော် အခမ်းအနားကို ရောက်ပြီးအခမ်းနားမှူးက အမှာစကားပြောဖို့ ပန်ကြားလာပါတယ်။ အခုလိုပွဲတွေမှာ ကျွန်တော်သိပ်မပြောချင်ပါဘူး။ ပရိသတ်တွေက ဘာပြောပြော စိတ်ဝင်စားကြမှာ မဟုတ်ဘူးဆိုတာ သိပါတယ်။ ကိုယ့်မိတ်ဆွေ အသိုင်းအဝိုင်းနဲ့ စကားတွေပြောကြ၊ စားသောက်နေကြတာမို့ ဒီပွဲတွေမှာ မိန့်ခွန်းပြောတာကို အာရုံမရှိကြပါဘူး။ ကျွန်တော် ထင်သလိုပဲ။ အခု စင်မြင့်ပေါ်တက်ပြီး ပရိသတ်တွေကြည့်တော့ စိတ်ဝင်စားပြီး နားထောင်မယ့်သူတွေက ခပ်နည်းနည်း။ ကိုယ့်အာရုံနဲ့ကိုယ် အပြောမပျက်၊ အသောက်မပျက်၊ အစားမပျက်။ ကျွန်တော် စင်မြင့်ပေါ်မတက်မီ လူကြီးတစ်ယောက်က “ဆရာ ခပ်မြန်မြန် ပြောပါ” လို့ တောင်းဆိုလာတယ်။ ဒါကြောင့်လည်း ကျွန်တော်က တိုတိုပြောပြီး စင်ပေါ်ကဆင်းခဲ့ပါတယ်။ သင်ခန်းစာပါပဲ။ ဒါပေမယ့် ကျွန်တော်က အမှတ်မရှိတဲ့သူမို့ အခုလို ဖိတ်ကြားရင် ပြောဦးမှာပါ။

နောက်တစ်နေ့နံနက်ကျတော့ ဗိုလ်ချုပ်စျေးအရှေ့က Pan Pacific ဟိုတယ်မှာ ကျင်းပတဲ့ဆွေးနွေးပွဲကို တက်ရောက်ခဲ့တယ်။ စီစဉ်တဲ့သူတွေက မြန်မာနိုင်ငံလူမှုစီးပွားအသင်း။ လူငယ်တွေက ဦးစီးပြီးဖွဲ့ထားတာ။ အဖွဲ့ဝင်တွေက British Council ကကြီးမှူး ကျင်းပတဲ့ လူမှုစီးပွားသင်တန်းတွေ တက်ရောက်ခဲ့သူတွေက အသင်းတစ်သင်းထောင်ဖို့ ကျွန်တော်နဲ့ တိုင်ပင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အခုလို ဆောင်ရွက်တာကို အားပေးခဲ့တယ်။ အသင်းဖွဲ့ရုံမဟုတ်ဘဲ မြန်မာနိုင်ငံ စက်မှုလက်မှုနဲ့ကုန်သည်ကြီးများအသင်းချုပ်မှာ အသင်းဝင်အဖြစ် လျှောက်ထားဖို့ တိုက်တွန်းခဲ့ပါတယ်။ ပွဲလုပ်မယ့်ခန်းမထဲရောက်တော့ အဖွဲ့အစည်းအသင်းက ပြသထားတဲ့ အရောင်းပြခန်းတွေကို ဝေဝေ ဆာဆာတွေ့ရပါတယ်။ အဝတ်အထည်၊ အသုံးအဆောင်၊ ဆေးဝါး၊ ဒေသထွက်တွေ ပုံစံအမျိုးမျိုး။ ဒီအလုပ်တွေကို အားပေးရမှာသာဖြစ်တယ်။ အခမ်းအနားကို ၉နာရီစဖို့ စီစဉ်ထားပေမယ့် ဟိုစောင့်ဒီစောင့်နဲ့အချိန်က နည်းနည်းနောက်ကျခဲ့တယ်။ ကျွန်တော်က နောက်တစ်ပွဲရှိနေတာမို့ စိတ်တော့ပူတာ၊ ဥက္ကဋ္ဌလုပ်သူနဲ့ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင် မိန့်ခွန်းတွေပြောပြီး ကျွန်တော်က တစ်နေကုန်လုပ်မယ့်ပွဲအတွက် နောက်ခံအနေနဲ့ “ရှင်သန်လှုပ်ရှားနိုင်ငံသား” ခေါင်းစဉ်နဲ့တင်ပြဆွေးနွေးခဲ့ပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ဟာ ကြီးမားလှပါတယ်။ အရေးကြီးဆုံးကတော့ တက်တက်ကြွကြွရှိပြီး ပါဝင်လှုပ်ရှားဖို့ ဖြစ်တယ်။ ဘာသိဘာသာ မနေဖို့၊ အရာရာတိုင်းကို စိတ်ဝင်စားဖို့၊ အာရုံစိုက်ဖို့ ကိုယ်နဲ့မဆိုင်ရင် အနေသာကြီးလို့ မစဉ်းစားဘဲ နိုင်ငံကြီးသားပီသဖို့ တိုက်တွန်းခဲ့ပါတယ်။

### အားထုတ်စေချင်

အမှန်တော့ ကိုယ်မှမတတ်နိုင်တာလုပ်လည်း ဘာထူးမှာလည်းဆိုတဲ့ စိတ်ဓာတ်ကို လူတိုင်းလူတိုင်းပြင်ဖို့ လိုအပ်ပါတယ်။ နိုင်ငံရေးမဟုတ်ဘဲ နိုင်ငံ့အရေးသာဖြစ်တယ်။ တစ်ဆက်တည်းမှာပဲ လူမှုစီးပွားလုပ်ငန်းအကြောင်း ရှင်းပြခဲ့တယ်။ ရုတ်တရက်တော့ စဉ်းစားရခက်တာ။ လူမှုရေးအလုပ်နဲ့စီးပွားရေးအလုပ်ဟာ အမှန်တော့ တခြားစီလို့ ယူဆနိုင်တာ။ ဒါပေမယ့် အမှန်တော့ လူမှုရေးနဲ့ စီးပွားရေးဟာ ဆက်စပ်နေပါတယ်။ လူမှုစီးပွားရေးလုပ်ငန်းဟာ လူမှုရေးပြဿနာတွေကို လူမှုနည်းနဲ့ဖြေရှင်းတာ မဟုတ်ဘဲ စီးပွားရေးနည်းနဲ့ အဖြေရှာ ချဉ်းကပ်တာဖြစ်ပါတယ်။ ကျွန်တော်က လူငယ်တွေကို လူမှုစီးပွားရေး လုပ်ငန်းတွေကို လုပ်ဆောင်ဖို့ တိုက်တွန်းပါတယ်။ ကျွန်တော်တို့ရဲ့ လူ့အဖွဲ့အစည်းတွေမှာ လူမှုရေးပြဿနာတွေ အများကြီးနဲ့ ကြုံတွေ့ရင်ဆိုင်နေရတယ်။ ဒီပြဿနာတွေကို လူမှုရေးနည်းနဲ့သာ ဖြေရှင်းတာ မဟုတ်ဘဲ။ စီးပွားရေးနည်းနဲ့ ဖြေရှင်းနိုင်အောင် အားထုတ်စေချင်တယ်။ အုပ်ချုပ်ရေးပုံစံနဲ့ လုပ်နေလို့တော့ ခရီးရောက်မှာ မဟုတ်ပါဘူး။ စီးပွားရေးတစ်ရပ်အနေနဲ့ စဉ်းစားပြီး ဖြေရှင်းရင် သွက်လက်မြန်ဆန်ရုံမက ထိရောက်နိုင်မှာသာ ဖြစ်ပါတယ်။ ကလေးသူငယ် အာဟာရချို့တဲ့မှုဟာ ဆင်းရဲတဲ့နိုင်ငံတိုင်းမှာ ကြုံတွေ့နေရတဲ့ ကြီးကျယ်လှတဲ့ လူမှုရေးပြဿနာဖြစ်ပါတယ်။ ဒီပြဿနာကို ကျန်းမာရေးဝန်ကြီးဌာနတွေက ပညာပေးလုပ်ငန်းတွေ၊ ဖြည့်စွက်အာဟာရတိုက်ကျွေးမှုတွေ လုပ်ကြတယ်။ ကြိုးစားကြတယ်။ ဒါပေမယ့် မအောင်မြင်ကြဘူး။ ဒီပြဿနာကိုယ်စီအတွက် စီးပွားရေးအဖြေထုတ်ပေးပြီး အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းဖြစ်တာမို့ အမြတ်ယူတယ်။ ဒါပေမယ့် ယူတဲ့အမြတ်ကို မခွဲဝေဘဲ ပြန်လည်ရင်းနှီးမြှုပ်နှံတယ်။ ဒါကြောင့် လုပ်ငန်းအပေါ် အသုံးပြုတဲ့ အရင်းနှီးတွေဟာလျော့ပါးမသွားဘဲ စဉ်ဆက်မပြတ် ဝန်ဆောင်မှုပေးနိုင်မှာ ဖြစ်တယ်။ ပရိသတ်တွေထဲမှာ သန်လျင်မြို့မှာရှိတဲ့ သမဝါယမတက္ကသိုလ်က ပါမောက္ခချုပ်နဲ့ ဆရာ ဆရာမများ တက်ရောက်လာခဲ့တယ်။ အမှန်သမဝါယမ လုပ်ရှားမှုဟာ လူမှုစီးပွားရေးလုပ်ငန်းတွေသာဖြစ်တယ်။ စိတ်တူ သဘောတူ ဆန္ဒတူတဲ့သူတွေစုဖွဲ့ပြီး လူမှုရေးပြဿနာတွေကို စီးပွားရေးပုံစံဖြေရှင်းတာဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ သမဝါယမပုံစံက ပုံမှန်အနေအထားမရှိဘဲ ယနေ့ အချိန်အထိ အလွဲအမှားတွေဖြစ်နေတာတွေ့ရတယ်။ ဒါကြောင့်လည်း စစ်မှန်တဲ့သမဝါယမစနစ်တစ်ခု မပေါ်ပေါက်လာဘဲ အဆင်ပြေမှုကို ဦးစားပေးပြီးလုပ်နေကြတာတွေ့ရတယ်။ ကျွန်တော်ကတော့ သမဝါယမလုပ်ငန်းအပေါ် သံယောဇဉ်ရှိတယ်။ ဇဟိုသမဝါယမသင်တန်းကျောင်းကြီးကို ဖောင်ကြီးဖွင့်လှစ်တုန်းကလည်းပါခဲ့တာ။ ဒါကြောင့်လည်း သန်လျင်က သမဝါယမတက္ကသိုလ်ကို အောင်မြင်စေတယ်။ အားပေးချင်ပါတယ်။

### ဘယ်တော့များမှ ပြင်နိုင်မလဲ

ကျွန်တော်ဆွေးနွေးပွဲအတွက် အခုလိုအဖွင့်အမှာစကားပြောကြားပြီး ကုန်သည်ကြီးများအသင်းကို သွားခဲ့တယ်။ ၁၀ နာရီ မိနစ် ၃၀ မှာ စမှာဆိုတော့ အချိန်မီအောင် ကြိုးစားခဲ့တယ်။ ခရီးက သိမ်မဝေး လှတာမို့ အဆင်ပြေတာ၊ ဟိုရောက်တော့ စတဲ့အချိန်နောက်ကျခဲ့တာမို့ စောင့်လိုက်ရတယ်။ အချိန်မလေးစားတဲ့အကျင့်ကို ဘယ်တော့များမှ ပြင်နိုင်မလဲ မသိတော့ဘူး။ အချိန်ကိုက်မလုပ်နိုင်တဲ့ ဒုက္ခ၊ ဆုံးရှုံးမှုတွေဟာ ကြီးမားလာတာကို မသိကြဘူး။ သတ်မှတ်ထားတဲ့ အချိန်အတိုင်း စဖို့၊ ပြီးဖို့ အကျင့်လုပ်သင့်တယ်။ အားလုံးကို ခပ်လျော့လျော့စဉ်းစားနေတာကတော့ အသည်းယားစရာ၊ ကိုယ်တစ်ယောက်တည်း ခံစားနေရသလိုပါပဲ။ အားလုံး အေးအေးဆေးဆေးပဲ နာရီဝက်လောက် နောက်ကျတာကိုလည်း လက်ခံကြတာ။ တော်တော် သည်းခံတဲ့ တရားရှိကြတာ။ ချီးကျူးစရာပါပဲ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်ရတော့တာ။

ကျွန်တော်တို့အဖွဲ့ရောက်တော့ ပေးထားတဲ့ခေါင်းစဉ်ဖြစ်တဲ့ စီးပွားရေးလုပ်ငန်း စတင်ခြင်းအကြောင်းကို ပထမဦးစွာ တင်ပြပါတယ်။ စီးပွားရေးလုပ်ငန်းတစ်ခုစဖို့ဆိုရင် ဘာတွေကို စဉ်းစားသင့်သလဲ။ ဘာတွေကို ပြင်ဆင်သင့်သလဲ။ ဘာတွေကို ဂရုစိုက်ရမလဲဆိုတာတွေကို တင်ပြခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကိုယ်ပိုင်စီးပွားရေးလုပ်တာကို အမြဲအားပေးတယ်။ လုပ်တဲ့ပွဲဟာလည်း ထိုင်းနိုင်ငံကုန်သည်ကြီးများအသင်းဖွင့်လှစ်ထားတဲ့ MBA သင်တန်းသူ သင်တန်းသားတွေရဲ့ပွဲ။ တက်ရောက်လာတဲ့ ပရိသတ်ကလည်း ၂၀၀ ကျော်တာ။ MBA တက်ပြီးရင် သင်ထားတဲ့ပညာနဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်စေချင်တာ။ ကျွန်တော်တင်ပြပြီး ပါဝင်ဆွေးနွေးကြသူတွေက ဒေါက်တာမာလာမျိုးညွန့်၊ ဒေါ်ခိုင်ခိုင်နွယ်၊ ဦးနေအောင်နဲ့ ဦးရဲမင်းဦးတို့ဖြစ်ပါတယ်။ သူတို့ဟာ နယ်ပယ်အသီးသီးမှာ တာဝန်ယူ လှုပ်ရှားနေကြသူတွေဖြစ်တယ်။

အစိုးရဌာန၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ကိုယ်ပိုင်စီးပွားရေးနဲ့ ဘဏ်လုပ်ငန်းတွေမှာ အတွေ့အကြုံရှိခဲ့တဲ့သူတွေဖြစ်တာမို့ တင်ပြချက်တွေဟာ တန်ဖိုးရှိလှပါတယ်။ ပရိသတ်တွေအတွက် အကျိုးရှိပါတယ်။ အခုလိုဆွေးနွေးတင်ပြပြီး ပရိသတ်တွေကို မေးခွန်းတွေမေးဖို့ ခွင့်ပေးခဲ့ပါတယ်။ MBA ကျောင်းသားတွေဖြစ်တာမို့ မေးခွန်းတွေဟာလည်း ပညာသား ပါပါတယ်။ သိချင်လို့၊ တတ်ချင်လို့မေးကြတာ ဖြစ်တယ်။ အခုလို အမေးအဖြေကဏ္ဍပြီးတော့ ဆွေးနွေးပွဲကို ကျွန်တော် နိဂုံးချုပ်စကား ပြောပြီးပိတ်ခဲ့ပါတယ်။ တာဝန်ရှိသူတွေက ကျွန်တော်နဲ့ ပါဝင်ဆွေးနွေးကြသူတွေကို လက်ဆောင်တွေပေးပါတယ်။ ပြီးတော့ နေ့လယ်စာကို စားကြတယ်။ နေ့လယ်စာစားပြီး ဆက်လက်ကျင်းပတဲ့ပွဲကို ကျွန်တော်မတတ်နိုင်ဘဲ ချိန်းထားတဲ့ နိုင်ငံခြားတက္ကသိုလ်က ပါမောက္ခတွေနဲ့ သွားရောက် တွေ့ဆုံခဲ့ပါတယ်။ ကျွန်တော့်ရဲ့စနေ၊ တနင်္ဂနွေကတော့ အခုလိုပဲ ဆွေးနွေးပွဲတွေနဲ့ အချိန်ကုန်ခဲ့တာပါပဲ။ ။

## လက်ပံတန်း၌ သင်္ကြန်ကာလအတွင်း မှူခင်းမဖြစ်ပွားရေး ကြိုတင်ဆောင်ရွက်

**လက်ပံတန်း ဧပြီ ၈**

လက်ပံတန်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆွေဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးညွန့်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်သီတာထွန်း၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ မော်တော်ယာဉ်အသင်းမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် ဧပြီလပထမပတ်က လမ်းမတော်(၁) လမ်းအဝိုင်းကြီးအနီးတွင် သင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုများမဖြစ်ပွားရေးဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာ ဆိုင်ကယ်ဦးထုပ်ဆောင်း၍ စီးနင်းရန်၊ အရက်သေစာသောက်စားမူးယစ်၍ စီးနင်းခြင်းမပြုရေး၊ တုတ်၊ ဓား လက်နက်မကိုင်ဆောင်ရေး၊ ကာမနိုးကြွဆေးများရောင်းချခြင်း၊ သုံးစွဲခြင်းမပြုရေးနှင့် မိန်းကလေးများ မြန်မာ့ယဉ်ကျေးမှုဖြင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်းမပြုရေးတို့ကို ပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်ဝေငှခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

**အောင်ဆင့်**

# ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်တစ်စင်းရဲ့မိသားစု (မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု)

**ဝင်းဇေယျာထွန်း**

ကျွန်တော်တို့ရဲ့ ကမ္ဘာမြေပေါ်မှာ မိခင်သဘာဝကြီးရဲ့ လက်ဆောင်တွေဖြစ်တဲ့ မြစ်ပေါင်းများစွာ စီးဆင်းလျက်ရှိပြီး စီးဆင်းရာ မြစ်ကြောင်းတစ်လျှောက်မှာ မှီတင်းနေထိုင်သူများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမှု၊ သာယာဝပြောစေမှုစတာတွေကို ဆောင်ကြဉ်းပေးလျက်ရှိပါတယ်။ အချို့သော မြစ်ကြီးများကတော့ ဒီထက်ပိုပြီးနက်နဲတဲ့ အဓိပ္ပာယ်ကို ဆောင်နေခဲ့ပါတယ်။

ဒီလိုနက်နဲတဲ့ အဓိပ္ပာယ်ဆောင်တဲ့ မြစ်တွေအထဲမှာ မဲခေါင်မြစ်ဟာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ မိုင်ပေါင်း ၂၇၀၀ ကျော် ရှည်လျားသော ကမ္ဘာ ၁၂ ခုမြောက် အရှည်ဆုံးမြစ်ဖြစ်တဲ့ မဲခေါင်မြစ်ဟာ တရုတ်နိုင်ငံရဲ့တိဘက်ကုန်းမြေမြင့်ဒေသမှာ မြစ်ဖျားခံပြီး တရုတ်၊ မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတွေကို ဖြတ်သန်းစီးဆင်းပါတယ်။ ပထဝီအနေအထားအရကြည့်ရင် မဲခေါင်မြစ်ဟာ သူဖြတ်သန်းစီးဆင်းရာ တစ်လျှောက်မှာရှိတဲ့ နိုင်ငံတွေကို ရစ်ပတ်စုစည်းထားသလိုမျိုး တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ မဲခေါင်မြစ်ကို တရုတ်နိုင်ငံက “လန်ချန်းမြစ်” လို့ခေါ်ဆိုပြီး မြန်မာအပါအဝင် ကျန်နိုင်ငံတွေကတော့ “မဲခေါင်မြစ်” လို့ ခေါ်ပါတယ်။

**မဲခေါင်-လန်ချန်းမြစ်**

မဲခေါင်မြစ်ဟာ ဖြတ်သန်းစီးဆင်းရာတစ်လျှောက်မှာ ရှိတဲ့ နိုင်ငံများအကြားမှာ ယဉ်ကျေးမှုဓလေ့ထုံးစံတွေ၊ တွေးခေါ်မှုပုံစံတွေ၊ နေထိုင်စားသောက်မှု စရိုက်လက္ခဏာတွေကို ပျံ့နှံ့ဆက်နွယ်မှုရှိစေခဲ့ပါတယ်။ ဒီလို ရေမြေသဘာဝနီးကပ်မှု၊ သမိုင်းနဲ့ ယဉ်ကျေးမှု ဆက်နွယ်မှုတွေကြောင့် မဲခေါင်မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ နိုင်ငံတွေကို မဲခေါင်မိသားစုနိုင်ငံများလို့ တင်စားခေါ်ဆိုနိုင်ပါတယ်။

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စတင်ပေါ်ပေါက်လာခြင်း**

မဲခေါင်မိသားစုအယူအဆ (Mekong family concept)ကို လက်တွေ့စတင်အကောင်အထည်ဖော်ခဲ့တဲ့ ဘူမိနက်သန်နေရာကတော့ မြန်မာနိုင်ငံ နေပြည်တော်ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံ နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးမှာ မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းကို လျှော့ချရန်နဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်ကြောင်း ထိုင်းနိုင်ငံက ဆွေးနွေးခဲ့ပါတယ်။ ထိုင်းနိုင်ငံရဲ့ဆွေးနွေးမှုအပေါ် အခြေခံပြီး တရုတ်နိုင်ငံက မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်တဲ့ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်တစ်ရပ် ထူထောင်ရန် အဆိုပြုခဲ့ပါတယ်။ ဒေသတွင်းနိုင်ငံများအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ဖြတ်သန်းစီးဆင်းနေတဲ့ မဲခေါင်မြစ်ရဲ့ရစ်ပတ်စုစည်းထားမှုပုံစံဖြင့် တင်စားဂုဏ်ပြုပြီး “မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးလို့” ခေါ်ဆိုခဲ့ကြပါတယ်။ အဲဒီအချိန်ကစပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် စတင်ခဲ့တာဖြစ်ပါတယ်။

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် အစပျိုးခြင်း**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ ပထမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ တရုတ်နိုင်ငံ ကျင်းဟုံမြို့မှာ ကျင်းပခဲ့ပါတယ်။ အစည်း အဝေးကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနဲ့ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမွန်ဒိုင်းတို့က ပူးတွဲသဘာပတိများအဖြစ် ဦးဆောင်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် မဲခေါင်နိုင်ငံများအားလုံးမှ နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်ခဲ့ပါတယ်။ ဒီအစည်းအဝေးကနေပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို အောက်ပါမဏ္ဍိုင်သုံးခုနဲ့ ဖွဲ့စည်းသွားဖို့ သဘောတူခဲ့ပါတယ်-

(က) နိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်
(ခ) စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်
(ဂ) လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံရေးမဏ္ဍိုင်

နိုင်ငံရေးနှင့်လုံခြုံရေး မဏ္ဍိုင်အောက်မှာ မဲခေါင်နိုင်ငံများရဲ့ အစိုးရ၊ လွှတ်တော်၊ ကာကွယ်ရေးနဲ့ တရားဥပဒေစိုးမိုးမှုဆိုင်ရာ အဖွဲ့အစည်းများအကြား ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ အကြမ်းဖက်မှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ သဘာဝဘေးအန္တရာယ် အစရှိတဲ့ သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ထိရောက်စွာတုံ့ပြန်နိုင်ရန် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးစတဲ့ လုပ်ငန်းတွေကို အိမ်နီးချင်းကောင်းပီသစွာနဲ့ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ညှိနှိုင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး မဏ္ဍိုင်အောက်မှာတော့ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှု၊ ပေါင်းစည်းဆက်နွယ်မှု၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်မှု၊ ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်ရေး၊ ရေအရင်းအမြစ်ဆိုင်ရာ၊ စွမ်းအင်ဆိုင်ရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရေးတို့ ဖြစ်ပါတယ်။

လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံရေး မဏ္ဍိုင်မှာတော့ သိပ္ပံနည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးကဏ္ဍ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေ




မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဒုတိယအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး(ဖနွမ်ပင်မြို့)

အနှစ် ထိန်းသိမ်းရေးကဏ္ဍ၊ မီဒီယာကဏ္ဍ စသည်တို့မှာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားဖို့ သတ်မှတ်ခဲ့ပါတယ်။

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တရားဝင်စတင်ခြင်း**

၂၀၁၆ ခုနှစ် မတ်လမှာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ပထမအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို တရုတ်နိုင်ငံ ဆန်းယမြို့မှာ ကျင်းပခဲ့ပါတယ်။ အစည်းအဝေးမှာ နိုင်ငံခေါင်းဆောင်တွေဟာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်မှာ ကိုယ်စီထားရှိသွားရမယ့် မဲခေါင်-လန်ချန်း စိတ်ဓာတ်(MLC Spirit)၊ အခြေခံမှု၊ လုပ်ငန်းဆောင်ရွက်မှုမူဘောင်၊ ပူးပေါင်းဆောင်ရွက်ရေးဦးစားပေးနယ်ပယ် ငါးခုနဲ့ ပထမအကြိမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးက တင်ပြလာတဲ့ ပူးပေါင်းဆောင်ရွက်ရေး မဏ္ဍိုင် သုံးခုတို့ကို အတည်ပြုသတ်မှတ်ပေးတဲ့ ဆန်းယကြေညာစာတမ်း (Sanya Declaration)ကို ကြေညာနိုင်ခဲ့ပါတယ်။

ဒီကြေညာချက်အရ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို တရားဝင်စတင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ကြောင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပထမအကြိမ် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေး ကျင်းပခဲ့တဲ့ မတ် ၂၃ ရက်ကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နှစ်ပတ်လည်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး အဆိုပါရက်သတ္တပတ်မှာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လှုပ်ရှားမှုများ ပြုလုပ်ကြဖို့ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်ပင်မြို့မှာ ပြုလုပ်ခဲ့တဲ့ ဒုတိယအကြိမ် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးက သဘောတူခဲ့ကြပါတယ်။

ဆန်းယမြို့မှာလုပ်တဲ့ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပထမအကြိမ် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးရဲ့ ဆန်းယကြေညာစာတမ်းအရ မဲခေါင်နိုင်ငံများဟာ ပွင့်လင်းပြီး အားလုံးပါဝင်နိုင်စေရေးကို အရင်းတည်တဲ့ မဲခေါင်-လန်ချန်း စိတ်ဓာတ်ထားရှိကာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာ အောက်ပါ အခြေခံမှု (၇)ချက်အတိုင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

(က) တူညီဆန္ဒ
(ခ) ညီတူညီမျှရှိမှု
(ဂ) အပြန်အလှန်အကြံပြုဆွေးနွေးမှုနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်မှု
(ဃ) မိမိဆန္ဒအလျောက်ပါဝင်မှု
(င) အားလုံးမှ ပါဝင်ပူးပေါင်းထည့်ဝင်ဆောင်ရွက်မှု
(စ) အကျိုးအမြတ်မျှဝေခံစားမှု
(ဆ) ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေများကိုလေးစားမှု

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ရည်ရွယ်ချက်**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရဲ့ အဓိကရည်ရွယ်ချက်ကတော့ မဲခေါင်ဒေသတွင်း နိုင်ငံများရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကွာဟနေခြင်းကို လျှော့ချသွားရန်၊ အာဆီယံအသိုက်အဝန်း တည်ထောင်မှုကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်၏ ၂၀၃၀ ရည်မှန်းချက်များကို တိုးမြှင့်အကောင်အထည်ဖော်သွားရန်နဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး(South-South Cooperation)ကို တိုးမြှင့်သွားရန်တို့ ဖြစ်ပါတယ်။

**လုပ်ငန်းဆောင်ရွက်မှုမူဘောင်များ**

နိုင်ငံ့ခေါင်းဆောင်များ အတည်ပြုခဲ့တဲ့ ဆန်းယကြေညာစာတမ်းပါ မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုရဲ့လုပ်ငန်းဆောင်ရွက်မှု မူဘောင်များ(Framework) ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(က) မဲခေါင်နိုင်ငံများ၏ ခေါင်းဆောင်များအားလုံးက တူညီဆန္ဒဖြင့် ချမှတ်ထားသော လမ်းညွှန်ချက်များအား၊ မဲခေါင်နိုင်ငံများ၏ အစိုးရများက ကြီးကြပ်အကောင်အထည်ဖော်သွားရန်။
(ခ) ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အဖွဲ့အစည်း၊ အသိုက်အဝန်းပေါင်းစုံမှ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်နိုင်ရေး ဆောင်ရွက်သွားရန်။
(ဂ) အဖွဲ့ဝင်နိုင်ငံများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် စီမံကိန်းများအား အကောင်အထည်ဖော်ခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းကို ဆောင်ရွက်သွားရန်။

**ဦးစားပေးနယ်ပယ် ငါးခု**

ဆန်းယကြေညာစာတမ်းအရ မဲခေါင်နိုင်ငံများဟာ အောက်ပါနယ်ပယ် ငါးခုမှာ ပူးပေါင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

(က) ပေါင်းစည်းဆက်နွယ်မှု
(ခ) ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု
(ဂ) နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု
(ဃ) ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု
(င) စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု

**ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အဆင့်ဆင့်**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးရဲ့ လုပ်ငန်းဆောင်ရွက်မှုပုံစံမှာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အလိုက် ပူးတွဲလုပ်ငန်းအဖွဲ့၊ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနဲ့ နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးဆိုပြီး အဆင့်ဆင့် ဖွဲ့စည်းထားပါတယ်။ နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို နှစ်နှစ် တစ်ကြိမ်ကျင်းပပြီး နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို နှစ်စဉ်ကျင်းပပါတယ်။ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနဲ့ လုပ်ငန်းအဖွဲ့အစည်းအဝေးများကို လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး ကျင်းပလေ့ရှိပါတယ်။

ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ငါးခုရှိပေမယ့် ပူးတွဲလုပ်ငန်းအဖွဲ့ကိုတော့ ခုနစ်ခု ဖွဲ့စည်းထားပါတယ်။ နယ်ပယ်ငါးခုမှာ ပူးတွဲလုပ်ငန်းအဖွဲ့ ခုနစ်ဖွဲ့ ရှိရခြင်းက စိုက်ပျိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုနယ်ပယ်မှာ စိုက်ပျိုးရေးအတွက် ပူးတွဲလုပ်ငန်းအဖွဲ့တစ်ခု၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ပူးတွဲလုပ်ငန်းအဖွဲ့တစ်ခု သီးခြားစီ ခွဲထုတ်ဆောင်ရွက်ကြလို့ဖြစ်ပြီး သံတမန်ရေးရာ ပူးတွဲလုပ်ငန်းအဖွဲ့ဟာလည်း ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ငါးခုမှာ မပါဝင်ဘဲ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ် တစ်ခုလုံးရဲ့မူဝါဒဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်နဲ့ နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတို့ကို အထောက်အကူပြုဖို့အတွက် သီးခြားဖွဲ့စည်းခဲ့လို့ ဖြစ်ပါတယ်။

ပူးတွဲလုပ်ငန်းအဖွဲ့တွေမှာ ကဏ္ဍအလိုက် မဲခေါင်နိုင်ငံများရဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ ပါဝင်ကြပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပေါင်းစည်းဆက်နွယ်မှု နယ်ပယ်နဲ့ ရေအရင်းအမြစ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်ရေး ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အတွက် စက်မှုဝန်ကြီးဌာန၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ပူးတွဲလုပ်ငန်းအဖွဲ့အသီးသီးမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ သံတမန်ရေးရာ ပူးတွဲလုပ်ငန်းအဖွဲ့မှာတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ ပါဝင်ပါတယ်။

လက်ရှိအခြေအနေမှာ သံတမန်ရေးရာ ပူးတွဲလုပ်ငန်းအဖွဲ့ကလွဲလို့ ကျန်ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ငါးခုမှာ အဆင့်မြင့်အရာရှိကြီးအဆင့် အစည်းအဝေးနဲ့ ဝန်ကြီးအဆင့်အစည်းအဝေးများ ပြုလုပ်နိုင်ခြင်း မရှိသေးပါဘူး။ အနာဂတ်ကာလမှာ အဆင့်မြှင့်တင်ကျင်းပသွားဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ငန်းဆောင်ရွက်မှုပုံစံအနေနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေကို ပူးတွဲလုပ်ငန်းအဖွဲ့တွေမှာ ဆွေးနွေးညှိနှိုင်းပြီး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့မှတစ်ဆင့် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးသို့ တင်ပြ အတည်ပြုချက်ရယူတဲ့ပုံစံနဲ့ လုပ်ငန်းများ ဆောင်ရွက်ပါတယ်။ လက်ရှိမှာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် ငါးခုမှာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကျင်းပနိုင်ခြင်း မရှိသေးတဲ့အတွက် ပူးတွဲလုပ်ငန်းအဖွဲ့တွေရဲ့ အစီအရင်ခံစာတွေကို သံတမန်ရေးရာလုပ်ငန်းအဖွဲ့ရဲ့ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှတစ်ဆင့် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ ခေါင်းဆောင်များအစည်းအဝေးတို့သို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်လျက်ရှိပါတယ်။

**ပူးပေါင်းဆောင်ရွက်မှုနယ်ပယ် တိုးချဲ့ရေး**

လက်ရှိပူးပေါင်းဆောင်ရွက်မှုပုံစံကို ၃+၅ မူဘောင် (မဏ္ဍိုင် ၃ ခု၊ ပူးပေါင်းဆောင်ရွက်ရေးနယ်ပယ် ၅ ခု)လို့ ခေါ်ကြပါတယ်။ လက်ရှိပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တွေဟာ ၃+၅ မူဘောင် အတွင်းမှာ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါပေမယ့် ယခုနှစ် ဇန်နဝါရီလအတွင်း ဖနွမ်ပင်မြို့မှာ ကျင်းပခဲ့တဲ့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး ဒုတိယအကြိမ် နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးမှာထုတ်ပြန်ခဲ့တဲ့ ဖနွမ်ပင်ကြေညာစာတမ်း (Phnom Penh Declaration)နဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ် ၂၀၁၈-၂၀၂၂ တို့အရ ၃+၅ မူဘောင်ကို နောက်ထပ် ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်များ ထပ်မံထည့်သွင်းပြီး တိုးချဲ့သွားဖို့ရှိပါတယ်။ ဒါကြောင့် အဖွဲ့ဝင်နိုင်ငံများ အဆင်သင့်ဖြစ်မယ့် မကြာမီကာလအတွင်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များ ယခုထက် ပိုမိုကျယ်ပြန့်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

**ထူးခြားချက် ( ၃)ခု**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမှာ အခြားသော ဒေသတွင်းနဲ့ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ မတူဘဲ ကွဲပြားခြားနားတဲ့ ထူးခြားချက် (၃) ခုရှိပါတယ်။

**မဲခေါင်-လန်ချန်းလား၊ လန်ချန်း-မဲခေါင်လား**

ပထမအချက်က ဒီပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို တရုတ်နိုင်ငံဘက်က ထုတ်ပြန်တဲ့ တရားဝင် စာရွက်စာတမ်းများမှာ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုလို့ သုံးနှုန်းပြီး ကျန်မဲခေါင်နိုင်ငံများက မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှုလို့ တရားဝင်သုံးနှုန်းပါတယ်။ ဒီလို ကွဲပြားစွာ သုံးနှုန်းမှုအပေါ် မဲခေါင်နိုင်ငံများနဲ့ တရုတ်နိုင်ငံအကြားမှာ ပြဿနာ တစ်စုံတစ်ရာမရှိပါဘူး။ ဒါဟာ ဘာကိုညွှန်းဆိုတာလဲဆိုရင် မဲခေါင်နိုင်ငံများအကြားမှာ ရှိနေတဲ့ နက်နဲလှတဲ့ တစ်ဦးအပေါ်တစ်ဦး နားလည်ပေးနိုင်မှု၊ သဘောထားကြီးမှု၊ အပြန်အလှန် ယုံကြည်မှုနဲ့ လေးစားမှုတွေကို ဖော်ညွှန်းနေခြင်း ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# တောင်ဇလပ်မြေမှာ အမှောင်ခွင်းမယ့် နေစွမ်းအင်ရဲ့ လင်းရောင်ခြည်

**တောင်ကုန်း၊ တောင်တန်းတွေနဲ့ တောင်ဇလပ်ပင်တွေ၊ ချယ်ရီပင်တွေ၊ စွယ်တော်ပင်တွေ၊ ဝေ့ဝဲတိုက်လာတဲ့ တောင်ပေါ်လေအေးအေးတွေကို စိတ်ကူးယဉ်မိတဲ့ အခါတိုင်း ကျွန်မတောင်ကုန်းလေးတစ်ခုပေါ်မှာ အိမ်သေးသေးလေးတစ်လုံးဆောက်ပြီး နေချင်တဲ့ဆန္ဒတွေ အမြဲရှိခဲ့ပါတယ်။ တောင်တန်းဒေသတွေမှာရှိတဲ့ တိမ်ပင်လယ်နဲ့ သိပ်လှတဲ့ ရာသီပန်းတွေ၊ အေးမြတဲ့လေနုအေးတွေကိုခံစားချင်တဲ့ စိတ်ကြောင့် သွားလာရခက်ခဲတဲ့ တောင်တန်းဒေသမှာ ကြုံနေကြရတဲ့ အခြေခံအဆောက်အအုံအားနည်းချက်တွေကို မေ့လျော့နေမိတာပါလားလို့ တွေးမိပြန်တော့လည်း ကျွန်မစိတ်ကူးလေးတွေဟာ ပန်းတွေရဲ့ရနံ့လို လေထဲ ပြန့်ပြန့်ပါသွားရပြန်တာပါပဲ။**

ကျော်ဆုမွန်

ဝေးသီခေါင်ပြီး မြင့်မားလှတဲ့ တောင်တန်းဒေသတွေမှာ နေထိုင်ရတာဟာ သဘာဝအလှတွေကို မက်မက်မောမော ခံစားလို့ရနိုင်သလောက် ရေရှည်နေထိုင်ဖို့ဆိုရင် မြေပြန့်သူတစ်ယောက်အတွက် အင်မတန်မှ ခက်ခဲတယ်ဆိုတာ ချင်းပြည်နယ်ရောက်မှ လက်တွေ့သိမြင်ခဲ့ရတာပေါ့။

လျှပ်စစ်မီးမရှိတာကြောင့် ညနေမှောင်ရီပျိုးတာနဲ့ မှောင်ကျသွားတဲ့ တောင်ပေါ်ရွာကလေးတွေ၊ သွားလာရေးကအစ ခက်ခဲသွားလို့ လုံခြုံရေး စိတ်မချရတာတွေ၊ လျှပ်စစ်မရှိတဲ့အတွက် မြို့ပြမှာဘယ်လိုသတင်းတွေ ဖြစ်ပေါ်နေတယ်ဆိုတာတောင် ရုပ်မြင်သံကြား မကြည့်ရ၊ မသိရတဲ့အနေအထားတွေ၊ စိုက်ပျိုးရေးအတွက် မိရိုးဖလာနည်းနဲ့ပဲ ရေသွင်း ရေထုတ်ရတာကအစ နေ့စဉ်လျှပ်စစ်မီးမရှိဘဲ နေထိုင်ရတာဟာ ကျွန်မတို့အတွက်တော့ အတော်လေးကို ကသီလင်တနိုင်မယ့် အနေအထားလို့ တွေးမိရပါတယ်။

ခလုတ်ဖွင့်လိုက်တာနဲ့ မီးလင်းပြီး နေ့စဉ်ဘဝမှာ အစစအရာရာ အဆင်ပြေနေတဲ့ မြို့ပြကလူတွေထက် အလင်းရောင်အတွက်တောင် ခက်ခဲနေရတဲ့ ကျေးလက်အမှောင်ထဲကလူတွေကိုကြည့်ပြီး ဖွံ့ဖြိုးမှုလုပ်ငန်းတွေ သိပ်လိုအပ်နေတာကို တွေ့မြင်ခွင့်ရခဲ့ပါတယ်။

### ရွာကလေးနှစ်ရွာ

ဒီလို လိုအပ်ချက်တွေအပြည့်နဲ့ တောင်ပေါ်ဒေသတွေထဲကမှ ပင်လယ်ရေမျက်နှာပြင်ကနေ အမြင့်ပေ ၅၀၀၀ ကျော်မြင့်တဲ့ ချင်းပြည်နယ် မြောက်ပိုင်းက တီးတိန်မြို့လေးအောက်မှာရှိတဲ့ တွီးထန်နဲ့ တောင်ရှာလ်ဆိုတဲ့ ချင်းရွာကလေး နှစ်ရွာကို မတ်လအတွင်းက ရောက်တဲ့အချိန်မှာ မီးရောင်လေးတွေ လက်လက်နဲ့မြင်လိုက်ရတာဟာ အတော်လေးကို ဝမ်းသာစရာဖြစ်ရတဲ့အကြောင်းကို ပြောပြချင်ပါတယ်။

တောင်တက်တောင်ဆင်းလမ်းတွေနဲ့ ကွေ့ကွေ့ကောက်ကောက်စီးဆင်းနေတဲ့ မဏိပူရမြစ်ကို ဖြတ်သန်းထားတဲ့ ကြိုးတံတားတွေကို ကျော်လွှားအပြီးမှာ ဒီချင်းရွာလေးတွေကို ရောက်ပါတယ်။ နွေရာသီမို့ တောင်ပေါ်လမ်းတွေဟာ ဖုန်တထောင်းထောင်းနဲ့ ဖြစ်နေသလို လမ်းတွေဟာလည်း မြေသားကြမ်းကြမ်းကြီးတွေဖြစ်လို့ တီးတိန်မြို့ကနေ ၁၈ မိုင်လောက်သာဝေးတဲ့ ဒီရွာလေးတွေကိုရောက်ဖို့ရာအချိန် နှစ်နာရီနီးပါးကားစီးရပါတယ်။

တောင်ပေါ်လမ်းကြမ်းတွေကျော်လို့ ရွာတွင်းကို ဝင်လိုက်တာနဲ့ ချင်းကလေးငယ်တစ်သိုက် ဝိုင်းဖွဲ့ပြီး ကစားနေတာကို တွေ့ရပါတယ်။ တွီးထန်ရွာကလေးဟာ တီးတိန်မြို့နယ်ထဲမှာတော့ ရွာကြီးတစ်ရွာဖြစ်ပြီး အိမ်ခြေ ၅၀၀ ကျော်၊ လူဦးရေ ၃၁၃၈ ဦး နေထိုင်ပါတယ်။ တောင်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်တဲ့ရွာဖြစ်ပေမယ့် တခြားရွာတွေနဲ့ ယှဉ်ရင် စီးပွားရေးကောင်းပုံရတယ်လို့ ရွာထဲကအိမ်တွေနဲ့ ခရစ်ယာန်ဘုရားကျောင်းကြီးတွေကို တွေ့လိုက်တာနဲ့ မှန်းလို့ရပါတယ်။

### ကိုယ်ပိုင်ဆိုလာပြားလေးတွေ

ရွာတွင်းလမ်းကျယ်ကြီးတွေရှိသလို တောင်စောင်းပေါ်က အိမ်ကလေးတွေဟာ တော်တော်လေးကို သပ်သပ်ရပ်ရပ်ရှိတာတွေ့ရပါတယ်။ ဒါပေမယ့် ဒီရွာကလေးမှာ လျှပ်စစ်မီးရယ်လို့ ပီပီပြင်ပြင်မရှိဘဲ ငွေကြေးအဆင်ပြေတဲ့သူတွေက ကိုယ်ပိုင်ဆိုလာပြားလေးတွေ တပ်ထားလို့ မှိတ်တုတ်တုတ်လင်းနေတဲ့ အယ်လ်အီးဒီမီးလုံးလေး အနည်းအကျဉ်းကိုသာ တွေ့ရပါတယ်။

တကယ်တော့ ဒီတွီးထန်ရွာကလေးဟာ လျှပ်စစ်မီးလိုအပ်နေတာ တော်တော်ကြာလှပါပြီ။ မဟာဓာတ်အားလိုင်းနဲ့ ဝေးကွာလှပြီးတော့ တောင်ပေါ် အတော်ခေါင်တဲ့နေရာဖြစ်နေတဲ့အတွက် လျှပ်စစ်မီးရဖို့ဆိုတာ အတော်လေးကို မလွယ်တဲ့နေရာပါလို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇမ်းရှင်းလျန်းက ပြောပြပါတယ်။

ရွာမှာတော့ ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်တဲ့ ဦးဇမ်းရှင်းလျန်းက ရွာမှာပညာတတ်ကလေးငယ်တွေ ထွက်ဖို့ဟာ လျှပ်စစ်မီးအရေးပါပုံကိုသိတာကြောင့် သူ့ရွာမှာဘယ်လို နည်းလမ်းနဲ့ လျှပ်စစ်မီးရအောင်လုပ်နိုင်မလဲလို့ အမြဲတွေးတောနေသူပါ။

"ကျွန်တော်တို့ ဒီရွာမှာ လျှပ်စစ်မီး ကောင်းကောင်းမရတဲ့အခါကျတော့ ကလေးတွေက စာကျက်ဖို့ အလွန်အခက်အခဲဖြစ်တယ်၊ ညဘက်မှာ လျှပ်စစ်မီးရှိလာပြီဆိုရင် သူတို့ကျောင်းစာကောင်းကောင်းလုပ်လို့ရပြီ၊ ဒါကြောင့် လျှပ်စစ်မီးရအောင် ကြိုးစားခဲ့ရတာ" လို့ သူကပြောပါတယ်။

ဦးဇမ်းရှင်းလျန်းအုပ်ချုပ်နေတဲ့ တွီးထန်ရွာဟာ ဒီနှစ်မှာတော့ ကမ္ဘာ့ဘဏ်ချေးငွေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကောင်အထည်ဖော်နေတဲ့ မဟာဓာတ်အားလိုင်း ပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းမှာ တစ်အိမ်သုံးဆိုလာစနစ်တွေ တပ်ဆင်မယ့်စာရင်းထဲ ပါလာပါပြီ။



မဟာဓာတ်အားလိုင်း ပြင်ပစီမံကိန်းဆိုတာဟာ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်ထားတဲ့ မဟာဓာတ်အားလိုင်းနဲ့ အနည်းဆုံး ၁၀ မိုင်ကျော်ဝေးကွာပြီး နောင် ၁၀ နှစ်အတွင်းမှာလည်း လျှပ်စစ်ရနိုင်ခြေနည်းတဲ့ ဒေသတွေမှာတစ်အိမ်သုံးဆိုလာစနစ်နဲ့ ဒါမှမဟုတ် အသေးစားလျှပ်စစ်ဓာတ်အားစနစ်နဲ့ လျှပ်စစ်အလင်းရောင်ရအောင် ဆောင်ရွက်ပေးတဲ့ စီမံကိန်းဖြစ်ပါတယ်။

### တစ်အိမ်သုံးဆိုလာစနစ်

တစ်အိမ်သုံးဆိုလာစနစ်ဆိုတာကတော့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဝင်ကျေးရွာတွေမှာ ၆၀ ဝပ် သို့မဟုတ် ၁၀၀ ဝပ်အားရှိတဲ့ ဆိုလာစနစ်တွေ တပ်ဆင်လိုတဲ့ ရွာသားတွေအတွက် အချိုးကျထည့်ဝင်ငွေထည့်စေပြီး လျှပ်စစ်မီးရအောင် လုပ်ဆောင်ပေးနေတဲ့ လုပ်ငန်းပဲဖြစ်ပါတယ်။ အချိုးကျစနစ်ဆိုရာမှာတော့ မိမိတို့ ရွေးချယ်ရယူတဲ့ ဆိုလာစနစ် (၆၀ သို့ ၁၀၀ ဝပ်) ပေါ်မူတည်ပြီး ပထမအရစ်ကို ရှေ့ပြေးစီမံကိန်းလုပ်ငန်းတွေ စတင်တဲ့ အချိန်မှာလည်းကောင်း၊ ဒုတိယအရစ်ကို ဆိုလာစနစ်တွေ သက်ဆိုင်ရာမြို့နယ်တွေကို ရောက်ရှိချိန်မှာလည်းကောင်း ပေးသွင်းရတာမျိုး ဖြစ်ပါတယ်။

ကျေးရွာတွေမှာ မရှိမဖြစ်လိုအပ်တဲ့ အများပြည်သူသုံးဆိုလာစနစ်တွေ (လမ်းမီး၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံ၊ ဆေးပေးခန်း) ရဲ့ ကုန်ကျငွေတွေကိုတော့ ပြည်သူ့ထည့်ဝင်ငွေမပါဝင်ဘဲ စီမံကိန်းငွေနဲ့ ၁၀၀ ရာခိုင်နှုန်းပြည့် စိုက်ထုတ်တပ်ဆင်ပေးတာ ဖြစ်ပါတယ်။

ဒီလိုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့အတွက် ကျေးရွာတွေမှာ ကျေးရွာမီးလင်းရေးကော်မတီတွေ ဖွဲ့စည်းပေးထားပါတယ်။ ကော်မတီတစ်ခုမှာ အမျိုးသမီးအနည်းဆုံးသုံးဦးနဲ့ အမျိုးသားခြောက်ဦး စုစုပေါင်း ကိုးဦးပါဝင်ပါတယ်။ ကော်မတီဝင်တွေဟာ ဆိုလာစနစ်တွေ တပ်ဆင်ဖို့အတွက် ရပ်ရွာမှာ လှုံ့ဆော်ဆောင်ရွက်ပေးပြီး အရစ်ကျငွေကောက်ခံတာကအစ ဆောင်ရွက်ပေးကြပါတယ်။

### စီမံကိန်းဝင်ကျေးရွာ

ဒါကြောင့် ခုဆိုရင် တွီးထန်ရွာလေးဟာ ဒီနှစ်မှာ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းဝင် ကျေးရွာအဖြစ် ပါဝင်လာပြီး တစ်အိမ်သုံးဆိုလာစနစ်တွေ ရရှိသုံးစွဲနိုင်ဖို့ ရှေ့ပြေးဆိုလာစနစ်တွေကို လုပ်ငန်းဆောင်ရွက်ခွင့်ရတဲ့ Poly Solar ကုမ္ပဏီက တပ်ဆင်ပေးပြီးပါပြီ။



"ကျွန်မတို့အရင်က လျှပ်စစ်မီးမရတဲ့ အခါကျတော့ ဖယောင်းတိုင်တို့၊ ရေနံဆီမီးတိုင်တို့ကို သုံးရတယ်၊ ကျွန်မတို့ တောင်ယာလုပ်ငန်းလုပ်တဲ့အခါ ညဘက်တွေမှာလုပ်ဖို့ လိုအပ်တဲ့ ကိစ္စတွေဆို သိပ်အခက်အခဲဖြစ်တယ်၊ ဥပမာ၊ ပြောင်းဖူးတွေကို နေလှန်းပြီးတော့ ပြန်သိမ်းဆည်းရတာမျိုးတွေက အစပေါ့၊ ခုဆို ဆိုလာမီးရတော့မယ်ဆိုတော့ ညဘက်လည်း အလုပ်လုပ်လို့ အဆင်ပြေပြီ" လို့ တွီးထန်ရွာလေးက အလယ်တန်းပြဆရာမတစ်ဦးလည်းဖြစ်၊ တောင်ယာလုပ်ငန်း လုပ်ကိုင်သူတစ်ဦးလည်းဖြစ်တဲ့ ဒေါ်ညောင်းဒိတ်လွန်းက ပြောပါတယ်။

တစ်အိမ်သုံးဆိုလာစနစ်တွေကို တပ်ဆင်ပေးတဲ့အခါမှာ ၆၀ ဝပ်ဆိုလာစနစ်ဆိုရင် သုံးဝပ်ရှိတဲ့ အယ်လ်အီးဒီမီးလုံးကို လေးနာရီထွန်းနိုင်ခြင်း၊ ၁၅ ဝပ်ရှိတဲ့ DC TV သုံးနာရီကြည့်နိုင်ခြင်း၊ ဖုန်း လေးနာရီအားသွင်းနိုင်ခြင်းစတာတွေကို လုပ်နိုင်ပါတယ်။ ဆိုလာဝပ် ၁၀၀ ဆိုရင်တော့ ၃ ဝပ်ရှိတဲ့ အယ်လ်အီးဒီမီး ငါးနာရီ ထွန်းနိုင်ခြင်း၊ ၁၅ ဝပ်ရှိတဲ့ DC TV သုံးနာရီ ကြည့်နိုင်ခြင်း၊ ဖုန်း လေးနာရီ သွင်းနိုင်တဲ့အပြင် ၉ ဝပ်ရှိတဲ့ DC ပန်ကာ သုံးနာရီ သုံးနိုင်တာမျိုး လုပ်နိုင်ပါတယ်။

အများပြည်သူသုံးဆိုလာစနစ်တွေကတော့ AC စနစ်ဖြစ်ပြီးဝပ် ၁၀၀ နဲ့ အထက်တွေဖြစ်တာကြောင့် မီးလုံး၊ မီးချောင်းတွေ ပိုပြီးတော့ အသုံးပြုနိုင်မှာဖြစ်တဲ့အတွက် ဆေးပေးခန်းတွေ၊ စာသင်ကျောင်းတွေအတွက် အလွန်အဆင်ပြေစေတာ တွေ့ရပါတယ်။ လမ်းမီးတွေကလည်း ညမှောင်ရီပျိုးတာနဲ့ အလိုအလျောက်ပွင့်လာတာဖြစ်လို့ ကျေးရွာတွေမှာ ညရေးညတာအတွက်လည်း အဆင်ပြေစေတယ်လို့ တွီးထန်အုပ်ချုပ်ရေးမှူးက ပြောပါတယ်။

လျှပ်စစ်မီးအခက်အခဲရှိခဲ့တဲ့အတွက် ဆရာဝန်တွေ ဘယ်တော့မှ မမြဲဘဲလစ်လပ်နေတဲ့ တွီးထန်တိုက်နယ်ဆေးရုံမှာ တာဝန်ထမ်းဆောင်နေတဲ့ အထက်တန်းသူနာပြု ဒေါ်ကျင်းငိုက်ဇမ်းကလည်း ဆေးရုံမှာ လျှပ်စစ်မီးရပြီဖြစ်တာကြောင့် မကြာခင်မှာ တိုက်နယ်ဆရာဝန်တွေ ရောက်လာတော့မယ်လို့ မျှော်လင့်ရကြောင်း ပြောပါတယ်။

### အကုန်အဆင်ပြေပြီ

"ကျွန်မဒီကိုရောက်တာ ရှစ်နှစ်ရှိပါပြီ။ ဆေးရုံဟာ ဆေးရုံနဲ့မတူဘဲ အမှောင်ကြီးဖြစ်နေတာ အတော်ဆိုးပါတယ်၊ ဝန်ထမ်းတွေဟာ ခွဲစိတ်မှုတွေလုပ်ရပြီဆိုရင် ဖယောင်းတိုင်တို့၊ ဓာတ်မီးလေးတွေတို့နဲ့ပဲ ကြိုးစားကုပေးခဲ့ရတာပါ၊ ခွဲခန်းတွေမှာဆိုလည်း တစ်ခါတလေဖုန်းကမီးလေးတွေနဲ့ လုပ်ရတာတောင် ရှိပါတယ်၊ ခုဆိုရင်လျှပ်စစ်မီးရပြီဆိုတော့ အကုန်အဆင်ပြေပြီပေါ့" လို့ သူက ပြောပါတယ်။

လျှပ်စစ်မီးမရှိတဲ့အခါ လူနေမှုဘဝတွေဟာ ညဘက်ဆိုရင် မီးရောင်ပျောက်တဲ့အချိန် အိပ်စက်ရန်မှတစ်ပါး မရှိတဲ့အတွက် အဘက်ဘက်မှာ တိုးတက်ဖွံ့ဖြိုးသင့်သလောက် မတိုးတက်လာဘူးဆိုတာကိုလည်း တွီးထန်ရွာသူ ရွာသားတွေက သဘောပေါက်ကြပါတယ်။ ဒါကြောင့် ခုလိုတစ်အိမ်သုံးဆိုလာစနစ်တွေ စတင်တပ်ဆင်တော့မယ်ဆိုတော့ ရွာသားတွေဟာ တက်ကြွစွာနဲ့ စီမံကိန်းဝန်ထမ်းတွေကို ကူညီအားပေးကြပါတယ်။ မကြာခင်မှာ တွီးထန်ရွာကလေးဟာ ဆိုလာမီးတွေကြောင့် ညဘက်တောင် မီးရောင်တလက်လက်နဲ့ ကြည်နူးစရာကောင်းလာတော့မှာပါ။

တွီးထန်ရွာကလေးလိုပဲ လျှပ်စစ်မီးလိုအပ်နေတဲ့ နိုင်ငံအနှံ့က သတ်မှတ်စံနှုန်းနဲ့ ကိုက်ညီမယ့် ကျေးရွာတွေမှာ ဆိုလာစနစ်တွေတပ်ဆင်ဖို့အတွက် စီမံကိန်းကလျာထားဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီနှစ်အတွင်းမှာ ချင်း၊ ရခိုင်၊ ရှမ်း (အရှေ့မြောက်)၊ ကရင်၊မွန်ပြည်နယ်၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ ဧရာဝတီ၊ စစ်ကိုင်း၊ မန္တလေးတိုင်းဒေသကြီးနဲ့ နေပြည်တော်တို့မှာရှိတဲ့ မြို့နယ် ၁၂၅ ခုက ကျေးရွာပေါင်း ၁၃၆၆ ရွာမှာရှိတဲ့ အိမ်ခြေပေါင်း ၈၇၉၉၂ မှာ ဆိုလာစနစ်တွေ တပ်ဆင်ဖို့ လျာထားပါတယ်။

ရှေ့ပြေး တစ်အိမ်သုံးဆိုလာစနစ် တပ်ဆင်ခြင်းလုပ်ငန်းတွေ မတ်လကုန်မှာ ပြီးစီးပြီဖြစ်တဲ့အတွက် ဧပြီလ ၁ရက်နေ့ကစတင် ပြီး ICB 2 (International Competitive Bidding) အတွက် သတ်မှတ်ထားတဲ့ ကျေးရွာတွေမှာ ဆိုလာတွေ စတင်တပ်ဆင်နေပြီဖြစ်တယ်လို့ စီမံကိန်းတာဝန်ရှိသူတွေဆီကနေ သိရပါတယ်။

ဧပြီလ ၁ရက်နေ့ကစတင်ပြီး အများပြည်သူသုံးနဲ့ တစ်အိမ်သုံးဆိုလာစနစ်တွေကို ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်အတွင်းက ကျေးရွာတွေမှာ လည်းကောင်း၊ ဧပြီလနောက်ဆုံးပတ်မှာ ဧရာဝတီတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးတို့မှာ လည်းကောင်း၊ မေလဒုတိယပတ်မှာ မန္တလေးတိုင်းဒေသကြီးနဲ့ နေပြည်တော်တို့မှာ လည်းကောင်း တပ်ဆင်ရေးလုပ်ငန်းတွေ ကို Poly Solar ကုမ္ပဏီက ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

"ရှေ့ပြေးစီမံကိန်းတွေကို မတ်လကုန်မှာ အပြီးတပ်ဆင်ပြီးပြီးဖြစ်တာမို့လို့ ခုဧပြီကစပြီးတော့ ဒီနှစ် ICB 2 မှာပါတဲ့ စီမံကိန်းဝင်ရွာတွေမှာ ဆိုလာတွေ စတပ်မှာပါ၊ အားလုံးပြီးစီးမယ့် အချိန်ကာလကိုတော့ အကြမ်းဖျင်းအနေနဲ့ ဇူလိုင်လကုန်မှာ ပြီးမယ်လို့မှန်းထားပါတယ်" လို့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းမန်နေဂျာ ဒေါက်တာ စိုးစိုးအုန်းက ပြောပါတယ်။

အဲဒီရွာတွေအတွက် စီမံကိန်းက ရာခိုင်နှုန်းပြည့်တပ်ဆင်ပေးမယ့် အများပြည်သူသုံးဆိုလာစနစ် (ဘာသာရေးအဆောက်အအုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်း လမ်းမီး) တွေကတော့ စုစုပေါင်း ၁၃၃၆၅ ခု ဖြစ်ပါတယ်။ ဆိုလာလျှပ်စစ်မီးလေးသာရမယ်ဆိုရင် ကျွန်မရဲ့တောင်ပေါ်ဒေသမှာ နေထိုင်ကြည့်ချင်တဲ့ အတွေးလေးက ပိုပြီးခိုင်မာလာမယ်လို့ တွေးမိပါတယ်။ ဝေးလံခေါင်သီပြီး တောင်ဇလပ်တွေပွင့်တဲ့ နေရာမှာ ဆိုလာလင်းရောင်ခြည်လေးတွေသာ တဖျပ်ဖျပ် လင်းလာမယ်ဆိုရင် ကျွန်မရဲ့အိပ်မက်လေးလည်း အကောင်အထည်ပေါ်လာနိုင်ကောင်းရဲ့လို့ စဉ်းစားမိပါရဲ့။ ။

> **"မဟာဓာတ်အားလိုင်း ပြင်ပစီမံကိန်းဆိုတာဟာ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနက ဆောင်ရွက်ထားတဲ့ မဟာဓာတ်အားလိုင်းနဲ့ အနည်းဆုံး ၁၀ မိုင်ကျော်ဝေးကွာပြီး နောင် ၁၀ နှစ်အတွင်းမှာလည်း လျှပ်စစ်ရနိုင်ခြေနည်းတဲ့ ဒေသတွေမှာ တစ်အိမ်သုံးဆိုလာစနစ်နဲ့ ဒါမှမဟုတ် အသေးစားလျှပ်စစ်ဓာတ်အားစနစ်နဲ့ လျှပ်စစ်အလင်းရောင်ရအောင် ဆောင်ရွက်ပေးတဲ့ စီမံကိန်းဖြစ်ပါတယ်"**

## အကြီးမြန်သစ်ပင်စိုက်ပျိုးမှု တိုင်းပြည်လည်းလှ ၊ ကြီးပွားချမ်းသာရ




### အကြီးမြန်ယူကလစ်ပင် ရင်းနှီးမြှုပ်နှံမှု အကျိုးကျေးဇူး

❋ တောင်သူမိသားစုတစ်စုသည် မိမိပိုင်မြေ အိမ်ရှေ့၊ အိမ်နောက်၊ ဝဲယာ၊ ခြံစည်းရိုးမြေလွတ်တွင် တစ်ဧက(အပင် ၅၀၀)စိုက်ပျိုးပါက ★(၅)နှစ်အတွက် တစ်ပင်စိုက်ပျိုးကုန်ကျစရိတ် (၂၂၀ိ/-)(မိမိကိုယ်တိုင်စိုက်ပါက မျိုးပင်နှင့် မြေဩဇာဖိုး (၁၂၅ိ/-)သာကုန်ကျမည်)။★(၅)နှစ်ပြည့်ပါက ပင်ကြပ်(၃)ပုံ(၂)ပုံ (အပင် ၃၀၀)(ရင်စို့လုံးပတ် ၂၀"- ၃၀") အမြင့်ပေ(၈၀)ရှိပြီးနေရာတွင် ခုတ်လဲပါက တစ်ပင်(၁၅၀၀ိ-၃၀၀၀ိ/)ဝင်ငွေရရှိနိုင်ပါသည်။ ★ကျန်လက်ရွေးစင်အပင်(၁၅၀)ခန့်အား (၁၀)နှစ်သက်တမ်းတွင် လုံးပတ်(၄၀"- ၆၀")ခန့်ရှိပြီး အဆောက်အဦးသုံး သစ်မာသစ်ခွဲသားအဖြစ် အသုံးပြုနိုင်သဖြင့် တစ်ပင်လျှင်(၂၀၀၀၀ိ-၃၀၀၀၀ိ/)ဝင်ငွေရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ▶ GreatWall Co.,Ltd ရုံးချုပ်၊ ၃၁လမ်း၊ ၇၇× ၇၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ ✆ 09-402611152, 02-33996, 02-39428,02-31350

### ကျေးရွာများတွင် တောင်သူများဝင်ငွေမြင့်မားစေရန် အကြီးမြန်ယူကလစ် စိုက်ပျိုးခြင်းနှင့် စက်ရုံအလုပ်ရုံများ တည်ထောင်၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း

ကျေးရွာစိုက်ခင်း → ကျေးရွာအုပ်စု၊ သစ်ပါးလွှာနှင့် ဘလော့ဘုတ်ခွဲသားဖုံ → မြို့နယ် သစ်အချောထည်စက်ရုံ → ပြည်နယ်နှင့် တိုင်းမြို့တော် ပရိဘောဂစက်ရုံ










- ▶ (၅)နှစ်ပြည့် တစ်ပင်ရင်းနှီးငွေ - ၂၂၀၀ ကျပ်
- ▶ (၅)နှစ်ပြည့် တစ်ပင်ရရှိငွေ - ၂၅၀၀၀ ကျပ်(တန်ဖိုးတိုးမြှင့်မှု ၁၁ဆ)
- ▶ တစ်ပင်သစ်ပါးလွှာနှင့် ဘလော့ဘုတ်ခွဲသား ထုတ်လုပ်ထွက်ရှိတန်ဖိုး - ၄၀၀၀၀ ကျပ်(တန်ဖိုးတိုးမြှင့်မှု ၁၈ဆ)
- ▶ (၅) နှစ်ပြည့် သစ်ပါးလွှာမှ အထပ်သား၊ ဘလော့ဘုတ် ထုတ်လုပ်ထွက်ရှိမှုတန်ဖိုး - ၇၀၀၀၀ကျပ် (တန်ဖိုးတိုးမြှင့်မှု ၃၂ဆ)
- ▶ (၅)နှစ်ပြည့်အထပ်သား၊ ဘလော့ဘုတ်မှ ပရိဘောဂ ထုတ်လုပ်ထွက်ရှိမှု တန်ဖိုး - ၁၄၀၀၀၀ ကျပ် (တန်ဖိုးတိုးမြှင့်မှု ၆၄ဆ)

- ▶ (၁၀)နှစ်ပြည့် တစ်ပင်ရင်းနှီးငွေ - ၃၅၀၀ ကျပ်
- ▶ (၁၀) နှစ်ပြည့် တစ်ပင်ရရှိငွေ - ၂၄၀၀၀၀ ကျပ်(တန်ဖိုးတိုးမြှင့်မှု ၆၈ဆ)
- ▶ (၁၀)နှစ်ပြည့် သစ်လုံးကြီးမှ ခွဲသားထုတ်လုပ်ထွက်ရှိမှုတန်ဖိုး - ၃၆၀၀၀၀ကျပ် (တန်ဖိုးတိုးမြှင့်မှု ၁၀၂ဆ)
- ▶ (၁၀)နှစ်ပြည့် သစ်ခွဲသားမှ ပရိဘောဂထုတ်လုပ်ထွက်ရှိတန်ဖိုး - ၇၂၀၀၀၀ ကျပ် (တန်ဖိုးတိုးမြှင့်မှု ၂၀၅ဆ)


### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၄၇၆၆ ၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/၃ကွံ)၊ ဦးပိုင်အမှတ် (၁၆-င)၊ မြေဧရိယာ ဝဒသမဝ၁၁ဧကရှိ ဦးစိုး-ဒေါ်အုန်းကြည် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးစိုး (ဘ) ဦးဖိုးငွေ ၉/ပမန(နိုင်)၀၅၄၈၄၁ မှ မှတ်ပုံတင်အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် ဒေါ်အုန်းကြည် သေဆုံးကြောင်း ရွာကောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ဇမ္ဗူသီရိမြို့နယ်တရားရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်မှုရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ နယ်မြေ(၁၁)၊ အမှတ်(၁၂၃၉)နေ မောင်ဘီရူး ၁/မကန(နိုင်)၁၂၄၅၅၃ မှ ဦးသဲယာနယမ် (ခ) ဒယာနွမ်းသီးမီး၏သမီး မသီတာဆိုနီး ၇/ဖမန(နိုင်)၁၉၁၀၈၄သည် ၂၉-၅-၂၀၁၆ရက်မှစ၍ နေအိမ်မှမိမိသဘောအတိုင်း ဆင်းသွားပါ၍ မိသားစုစိတ်ဆင်းရဲစေသည့်ကိစ္စများ အကြိမ်ကြိမ်ပြုလုပ်ထွက်သွားပါသဖြင့် ဇနီးအဖြစ်မှ အပြီးတိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၅၇၇၈)**
**အမှတ် ၈၊ မြို့သစ်ကြီးရပ်၊ မြစ်ကြီးနားမြို့**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ တမာကုန်းကျေးရွာနေ ဦးအောင်ဆန်းမြင့်၊ ဒေါ်ခင်စန်းမြင့်တို့၏သား မောင်ဝေယံကျော် ၉/သစန(နိုင်)၁၃၄၂၀၃ သည် မိဘဆွေမျိုးတို့၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ မိမိ၏ဆန္ဒအလျောက်နေအိမ်မှ ထွက်သွားပါသဖြင့် သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအားလုံးကို လုံးဝတာဝန်မယူပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **စုံစမ်းခြင်းသည်းခံပါ။**

**ဦးအောင်ဆန်းမြင့်-ဒေါ်ခင်စန်းမြင့်**
**မိသားစု**



## မေမြို့စက်မှုလက်မှုအထက်တန်းကျောင်းတော်ကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုကုသိုလ်တော်

ကျေးဇူးရှင် ကျောင်းအုပ်ကြီးများနှင့်ဆရာ/ဆရာမအပေါင်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုနိုင်ရန်အတွက် အာစရိယပူဇော်ပွဲပိုငွေများမှ ငွေကျပ်သိန်းလေးရာတိတိကို ကျန်းမာရေးစောင့်ရှောက်မှုငွေပဒေသာပင် အဖြစ် (၂. ၄. ၂၀၁၈) ရက်နေ့တွင် မြဝတီဘဏ်၌ စာရင်းသေဖွင့်လှစ်အပ်နှံလိုက်ပြီဖြစ်ကြောင်း ကျောင်းသားဟောင်းများအား လုံးအားမုဒိတာပွားနိုင်ရန် ကြေညာအပ်ပါသည်။

**အဌမအကြိမ်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးဗဟိုကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းများအတွက် ဝတ်စုံပစ္စည်းများ၊ အကျဉ်းသား/သူများ သုံးစွဲရန်အတွက် အသုံးအဆောင်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ရုံးအသုံးအဆောင်ပစ္စည်းများအား ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဗဟိုပစ္စည်းသိုလှောင်ရေးရုံး၊ အင်းစိန်မြို့သို့ အရောက်ဝယ်ယူလိုပါသည်။

၂။ တင်ဒါအား ၆-၄-၂၀၁၈ ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၃၀-၄-၂၀၁၈ ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ဗဟိုပစ္စည်းသိုလှောင်ရေးရုံး၊ အကျဉ်းဦးစီးဌာန၊ အင်းစိန်မြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ ဝယ်ယူနိုင်ပါသည်။ **(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၄၂၄၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ (၆)လ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သည့် အောက်ပါစက်၊ ယန္တရားများကို မြန်မာကျပ်ငွေဖြင့် ဌာနဂိုဒေါင်အရောက် အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဝယ်ယူလိုပါသည်-

| Sr.No | Nomenclature | Quantity |
|---|---|---|
| 1 | Statics Road Roller (3 Wheels)(10/12)Tons | 2 Nos |
| 2 | Agitator (Self Loading)<6m$^3$ | 5 Nos |
| 3 | Skid Steer Loader (at Least with 2 Attachment) | 2 Sets |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၉-၄-၂၀၁၈ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၉-၅-၂၀၁၈ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန**
**စက်မှုဌာနခွဲ၊ ပျဉ်းမနားမြို့၊ နေပြည်တော်**
**ဖုန်း-၀၉-၂၀၂၃၂၀၊ ၀၉-၇၉၂၀၂၃၂၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်တိုင်းဒေသကြီးအစိုးရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ယာဉ်/ယန္တရားများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Car Crane | (၁)စီး |
| (ခ) | 2Whell Roller | (၁၅)စီး |
| (ဂ) | Transporter (Lowbed) | (၁)စီး |
| (ဃ) | AG Truck (7 m$^3$) | (၁၀)စီး |
| (င) | AG Truck (10 m$^3$) | (၅)စီး |
| (စ) | TATA Hopper (1.8m$^3$) | (၄)စီး |
| (ဆ) | ဘာဂီယာဉ် (Yamaha Japan) | (၅)စီး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၉-၄-၂၀၁၈ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၈-၅-၂၀၁၈ ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၅၁၉၄၁၆၃၊ ၀၉-၂၅၄၈၂၉၇၀၆ နှင့် ၀၉-၉၅၂၆၁၂၃၆၇ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၆၅၈၆၃ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးအေးဝင်းဦး ၇/သနပ(နိုင်)၀၀၂၄၇၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းမှ စက်ဆီ/ချောဆီ(၁၃)မျိုးအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

**တင်ဒါပုံစံတင်သွင်းရမည့် နောက်ဆုံးရက်** - ၁၁-၅-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်အချိန်နှင့်နေရာ** - ၁၅း၀၀ နာရီ
ပစ္စည်းဖြည့်တင်းရေးဌာန၊
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊
နေပြည်တော်

တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန www.moee.gov.mm တွင် Download ဆွဲယူနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉**

## ဖိတ်ကြားအပ်ပါသည်

မင်းကွန်းတောရကျောင်းတိုက်ကြီး အမှတ်(၃၉) အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောက်လုပ်ပြီးစီးသွားပြီဖြစ်သော ၅-ထပ် အမျိုးသမီးယောဂီဆောင်သစ်ကြီးနှင့် လက်ရှိ ပဋ္ဌမမင်းကွန်းတောရဆရာတော်ကြီး ဦးဣန္ဒက သီတင်းသုံးတော်မူမည့် ဇေတဝန်ကျောင်းဆောင်ကြီးအား မွမ်းမံပြုပြင်ပြီးစီးခြင်းတို့အား ၁၀-၄-၂၀၁၈ တန်ခူးလပြည့်ကျော် ၁၀ ရက် (အင်္ဂါနေ့)တွင် ရေစက်သွန်းချ အနုမောဒနာခံယူပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ရာ ရပ်ဝေးရပ်နီး ဒါယကာ/ဒါယိကာမအပေါင်းတို့အား အကြောင်းကြား ဖိတ်ကြားအပ်ပါသည်။

**ဂေါပကအဖွဲ့**
**မင်းကွန်းပဋ္ဌိပတ္တိသာသနာနုဂ္ဂဟအသင်းချုပ်ကြီး**
**ဖုန်း-၀၁-၅၁၅၁၄၁၊ ၀၉-၂၅၀၃၇၁၅၈၅**

## ထားဝယ်အသင်း ထားဝယ်ရိုးရာသင်္ကြန် (ရေးဇီမှန်း)ပွဲ ဖိတ်ကြားလွှာ

ထားဝယ်အသင်း၏ ထားဝယ်ရိုးရာသင်္ကြန်(ရေးဇီမှန်း)ပွဲကို ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) နံနက် ၇ နာရီမှ နံနက် ၁၀ နာရီအထိ အမှတ် (၈၂၈)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်ရှိ ထားဝယ်အသင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ၊ ထားဝယ်သူ ထားဝယ်သားများ၊ မိတ်ဆွေသင်္ဂဟများ ကြွရောက်အားပေးချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်ကော်မတီ**
**ထားဝယ်အသင်း**

## အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

စိန့်ဂျိုးဇက်ကွန်ဗင့်နှင့် အထက (၃)၊ ပြင်ဦးလွင်၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၂-၄-၂၀၁၈ ရက် (တနင်္ဂနွေ) နံနက် ၉ နာရီတွင် အထက(၃)၌ ကျင်းပပါမည်။ ဤကျောင်းတွင် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ သက်ပြည့်အငြိမ်းစားယူ ဆရာကြီး ဆရာမကြီးများ ပင့်ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကန်တော့ခံကြွရောက်ပါရန်နှင့် လှူဒါန်းလိုသူများ အောက်ပါဖုန်းများသို့ ဆက်သွယ်နိုင်ပါကြောင်း ဖိတ်ကြားအသိပေးအပ်ပါသည်။

| | |
|---|---|
| ဒေါ်မာဂရက်ဘသောင်း | ဖုန်း-၀၉-၂၅၆၂၇၈၄၆၆ |
| ဒေါ်ဝင်းကြည် | ဖုန်း-၀၉-၂၅၆၂၇၈၄၅၂ |
| ဒေါ်အုန်းလှိုင် | ဖုန်း-၀၉-၂၀၃၈၉၅၂ |
| ဗိုလ်ကြီးကိုကိုလတ်(ငြိမ်း) | ဖုန်း-၀၉-၂၀၄၅၅၂၅ |
| ဦးအေးသီခိုင် | ဖုန်း-၀၉-၄၀၂၆၅၀၁၆၁ |
| ဒေါ်စူစီလာ | ဖုန်း-၀၉-၇၉၄၈၀၆၇၈၅ |
| ဦးရည်အောင် (တောင်ပေါ်သားဝိုင်) | ဖုန်း-၀၉-၂၀၄၄၆၇၀ |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/7250 Swan Htet L/T (1)Ton Pick up ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၂/ဒဂတ(နိုင်)၀၂၂၀၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၁၅၄)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးခင်အောင်အမည်ပေါက်မြေကွက်အား ဒေါ်အိသဇင် (ဘ)ဦးစိုးလွင် ၁၂/လသယ(နိုင်)၀၈၁၀၀၅ မှ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နှစ်ဦးနှစ်ဖက်သဘောတူ ကတိဝန်ခံချက်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကိုယ်တိုင်ကတိပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ တရားမကျင့်ထုံးကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ သထုံခရိုင်တရားရုံးတော်၌ ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် ၁၄

ဒေါ်ဝါဝါခိုင် **နှင့်** မဂျူးလျှံမိုးမြင့်
**တရားလို** **တရားပြိုင်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ မြို့မရပ်ကွက်နေ မဂျူးလျှံမိုးမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝါဝါခိုင်က ကုန်ဖိုးငွေကျပ် ၁၅၆၈၈၇၇၅ ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဧပြီ ၂၅ ရက် (၁၃၈၀ ခုနှစ် ကဆုန်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဧပြီ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လဲ့လဲ့ဝင်း)**
**ခရိုင်တရားသူကြီး**
**သထုံခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ငွေးငွေးဝင်း ၉/မထလ(နိုင်)၂၅၁၆၆၆ သည် ပျဉ်းမနားမြို့၊ ကံဦးရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၁/၁၂၅-ခ)၊ အရှေ့လားသော်-စံပယ်လမ်း၊ အနောက်လားသော် ဦးချစ်ကို- ဒေါ်မြင့်မြင့်အေး နေအိမ်ဝိုင်း၊ တောင်လားသော်-ဒေါ်ခင်မာရီနေအိမ်ဝိုင်း၊ မြောက်လားသော် ဒေါ်မာရီ နေအိမ်ဝိုင်း၊ အလားလေးရပ်အတွင်းရှိ အလျား ၄၂ပေ၊ အနံ ၃၀ပေ ကျယ်ဝန်းသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အိမ်တစ်လုံး၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်၊ ဦးပိုင်/မြေကွက်အမှတ် (ပ-၂၂၇၇၃) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်တစ်လုံး၊ မော်တော်ယာဉ်အမှတ် 5M-6300 (Honda Fit) အနက်ရောင်ကားတစ်စီးတို့သည် ကျွန်မပိုင်ဆိုင်သည့်ပစ္စည်းများဖြစ်၍ အဆိုပါပစ္စည်းများကို ကျွန်မ၏သဘောတူညီချက်မပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ဝင်ရောက်ကျူးကျော်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့မပြုလုပ်ရန် ကန့်ကွက်ပါကြောင်းနှင့် အဆိုပါပစ္စည်းများကို တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်းတို့ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငွေးငွေးဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၅၇၆၀၅ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးစံထိုက် ၁၄/ပသန(နိုင်)၂၂၂၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၄)၊ မြေကွက်အမှတ် (၂၁၉)၊ မြေကွက်တည်နေရာအမှတ်(၂၁၉)၊ (၈၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဦးချစ်ဆွေ U/RGN-၀၀၄၁၇၆ အမည်ပေါက်ပါမစ်မြေအား ဦးချစ်ဆွေထံမှ အရပ်ကတိစာချုပ်ဖြင့် ၁-၅-၁၉၉၆ ရက်တွင် ဒေါ်သန်းသန်း ၁၂/လမတ(နိုင်) ၀၀၈၉၇၆ မှ ဝယ်ယူ၍လည်းကောင်း ဒေါ်သန်းသန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ၂-၅-၂၀၀၀ ရက်တွင် ဦးသီဟနိုင် ၁၃/မဆတ(နိုင်)၀၀၁၁၀၆ မှ ဝယ်ယူခဲ့ပြီး ပါမစ်မူရင်း ရေစိုပျက်စီး (ဖတ်၍ရပါသည်) အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်အစပ်တို့တင်ပြ၍ နှစ်၆၀မြေငှားဂရန် လျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် အကျယ်အဝန်း ပေ(၄၀×၆၀)ရှိပြီး ကျောက်တိုင်ဆူးကြိုးကာရံထားပါသည်။ ကိုယ်တိုင်မနေပါ။ သို့ပါ၍ ပါမစ်မြေအမည်ပါ ဦးချစ်ဆွေထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ ဦးသီဟနိုင်မှ ပါမစ်ရေစိုပျက်စီး မူရင်း (ဖတ်၍ရ)တင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၂၇-၃-၂၀၁၈ ရက်နေ့ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၇ ကြော်ငြာစာပါ ဒေါ်နန်းတင်တင်မြင့်၊ ဒေါ်နန်းအေးအေးမြင့် မောင်နှမမှ ကြော်ငြာစာပါ ဦးမောင်ပု၊ တရားလွှတ်တော်ရှေ့နေအပါအဝင် ရှေ့နေများနှင့်တကွ အများသိစေရန် ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် ၂/၁၇ နေ (ဘ)ဦးလှအောင် (မိ)ဒေါ်အေးပွင့်၏ သမီးများဖြစ်သည့် ကျွန်မ နန်းတင်တင်မြင့်၃/ဘအန(နိုင်)၂၀၂၁၄၂နှင့် နန်းအေးအေးမြင့် ၃/ဘအန(နိုင်)၂၀၉၂၃၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းသတိပေးကြေညာလိုက်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ မောင်နှမ(၂)ဦးကို မိခင်ဖခင်တို့မှ သနား၍ နေအိမ်၌ ခေါ်ယူကျွေးမွေး စောင့်ရှောက်ခဲ့ကြောင်း၊ မွေးစားခြင်းမှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆို၍ တရားဝင်မွေးစားခဲ့ခြင်း မရှိကြောင်း၊ အမွေစားအမွေခံ သားသမီးများ မဟုတ်ကြောင်း၊ နန်းအေးအေးမြင့်မှာ မိခင်၏ ရွှေထည်လက်ဝတ်လက်စားများ ခိုးယူရောင်းချပေါင်နှံခဲ့ပြီး ရွှေထည်ပစ္စည်းအတုများကို အစားထိုးထည့်သွင်းထားခြင်း၊ ငွေကျပ်သိန်း၃၀ကို ဘဏ်တွင် မိခင်အမည်ဖြင့် ထည့်သွင်းခိုင်းခဲ့ခြင်းကို အလွဲသုံးစားပြုလုပ်ခဲ့ခြင်း၊ မိခင်ဗီရိုအတွင်းမှ ငွေများကိုလည်း ခိုးယူ၍ ငွေစက္ကူအရွယ် စာရွက်များဖြင့်အစားထိုးထားခြင်း၊ နေအိမ်ပရိဘောဂပစ္စည်းများကို ရိုက်ချိုးဖျက်ဆီးလေ့ရှိခြင်း၊ မိခင်၏အသက်အန္တရာယ်ကိုပါ ထိပါးပြောဆိုပြုလုပ်ခဲ့သည့်အပြင် အစ်မဖြစ်သူ ဒေါ်နန်းတင်တင်မြင့်နှင့် ပူးပေါင်း၍ မိခင်စိတ်အနှောင့်အယှက်ဖြစ်အောင် အမျိုးမျိုးပြုလုပ်ပြောဆိုခြင်း၊ မိခင်မကွယ်လွန်မီ လှူဒါန်းစားသုံးရန်အတွက်လွတ်နေသည့် မြေအစိတ်အပိုင်းအားစရန်ငွေပေးစာချုပ်ချုပ်ဆိုခဲ့ခြင်းအပေါ် သွေးသားတော်စပ်သူ အမွေစားအမွေခံများမဟုတ်သဖြင့် မိခင်ပြုလုပ်ဆောင်ရွက်ခဲ့သည့်ကိစ္စအဝဝအား ကန့်ကွက်ပြောဆိုပိုင်ခွင့်မရှိကြောင်း ထည့်သွင်းကြေညာခဲ့ခြင်းသည် ကျွန်မတို့မောင်နှမနှစ်ဦးအပါအဝင် မိသားစုဆွေမျိုးသားချင်းများ၏ ဂုဏ်သိက္ခာ၊ အကျင့်စာရိတ္တ၊ မိသားစုချစ်ခင်ရင်းနှီးမှု၊ လူတစ်ဦးတစ်ယောက်ဘဝအတွက် သေရာပါထိခိုက်နစ်နာဆုံးရှုံးစေခဲ့ပါသည်။

ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် ၂/၁၇ရှိ နေအိမ်နှင့် အကွက်အမှတ်၃၊ ကုန်းကလေးကွင်း၊ ဦးပိုင်အမှတ် ၂၃/၃၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၀၁ မြေထဲမှ (၃၂×၁၂၀)ပေရှိ မြေကို သမီးကြီး နန်းတင်တင်မြင့်နှင့် ခင်ပွန်းတို့အား မေတ္တာဖြင့် ပေးကမ်းခြင်းကတိစာချုပ်ဖြင့် မိသားစုအစီအမံအရ အပြီးအပိုင်လက်ရှိနေထိုင်ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ မိခင်ဒေါ်အေးပွင့်မှာ အသက်(၈၉)နှစ်ကျော်ရှိပြီး မျက်စိမမြင် ထသွားထလာပင်မနိုင်တော့ဘဲ ကျန်းမာရေးချို့တဲ့နေသူဖြစ်ပြီး နန်းတင်တင်မြင့်မှာလည်း လွန်ခဲ့သည့် (၃)နှစ်ခန့်ကတည်းမှ လေရောဂါဝေဒနာကြောင့် နေအိမ်အိပ်ခန်းခုတင်တွင် လဲနေသူဖြစ်သည့်အပြင် အထက်တန်းပညာအဆင့် သားသမီး(၂)ဦးလည်းရှိပြီး ကျွန်မတို့မှာ လူမှန်းသိတတ်ခဲ့သည့်အချိန်မှ ယနေ့အချိန်ထိ မိခင်၊ ဖခင်များနှင့် အတူတကွနေထိုင်ခဲ့ကာ ယနေ့အချိန်ထိလည်း ချစ်ချစ်ခင်ခင်နေထိုင်လာခဲ့ရာမှ လွန်ခဲ့သည့် (၃)လခန့်တွင် အိမ်ထောင်ဦးစီး ဦးစောရဲမြင့်မရှိခိုက် ထိုင်းနိုင်ငံ ဗန်ကောက်မှ ရောက်ရှိလာပြီး ဘွားအေတော်စပ်သူ မိခင်နှင့်တွေ့လိုကြောင်းပြော၍ နေအိမ်အပေါ်ထပ်ရှိ မိခင်နှင့်တွေ့ခွင့်ပေးခဲ့ရာမှ ယနေ့အထိ နေအိမ်ပေါ်မှ မပြန်တော့ဘဲ အသက်အရွယ်ကြီးရင့်သူ မိခင်ကိုအကြောင်းပြကာ မိသားစုအရေး၊ အိမ်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြယ်လှယ်ခဲ့ပြီး နေအိမ်အဆောက်အအုံဘေးကပ်လျက် မြေကွက်လွတ်ကို မိခင်အိုကျန်းမာရေးချို့တဲ့နေသူအား လိမ်လည်လှည့်ဖြားပြောဆိုစည်းရုံးပြီး ရှေ့နေဦးမောင်ပုနှင့် ပူးပေါင်းကာ သားသမီးများအား တစ်စုံတစ်ရာအသိမပေးဘဲ သိန်း ၃၅၀ စရန်ငွေပေးစာချုပ်ချုပ်ဆိုပြီး ငွေပေးခဲ့ကြောင်း၊ မိခင်မှ ငွေယူနေသည့်ပုံကို တယ်လီဖုန်းဖြင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ ပြန်သွားကြောင်း၊ ယင်းစရန်ပေးငွေကိုလည်း မိခင်မှမရရှိဘဲ မိခင်အား အယုံသွင်းပြောဆိုလုပ်ကိုင်ခိုင်းသူ ဗန်ကောက်ပြန် မိသားစုဝင်မဟုတ်သူ ခွန်သိန်းလှိုင်(မိန်းမလိုဆင်ယင်ဝတ်စားပြောဆိုနေထိုင်သူ)မှ စီစဉ်ဆောင်ရွက်ခဲ့ခြင်းအပေါ် ကျေနပ်မှုမရှိသဖြင့် ဝယ်ယူသူ၊ စာချုပ် ချုပ်ဆိုပေးခဲ့သူ ရှေ့နေထံ တရားဝင်ကန့်ကွက်စာ ပေးပို့ခဲ့သည်ကို အကြောင်းပြုပြီး ယခုကဲ့သို့ မိသားစုဝင်များ သေရာပါအရှက်တကွဲဖြစ်ရန်၊ စိတ်ဝမ်းကွဲပြီး လူပုံလယ်မျက်နှာမပြရဲအောင် ရည်ရွယ်ရေးသားဖော်ပြခဲ့ခြင်း၊ အထောက်အထားမဲ့စော်ကားခဲ့ခြင်းအပေါ် လူကြီးမင်းများမှ ပြန်လည်ဝန်ချတောင်းပန်ရန် သတိပေးချက်နှင့်အတူ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**နန်းတင်တင်မြင့်၊ နန်းအေးအေးမြင့် လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဖုန်းချစ် LL.B** | **ဦးစိုးထက် LL.B** | **ဒေါ်အေးမြလင်း LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၁၃၀)** | **(စဉ်-၃၄၉၅၃)** | **(စဉ်-၄၀၂၇၁)** |

**အိမ်အမှတ် ၉/၅၅၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၉)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်**

# မနအင်အားကြီးမားသူများမှ သတင်းမီဒီယာများ၏ လက်ဝါးကြီးအုပ်ခြယ်လှယ်ခြင်း၊ မျှတမှုမရှိသည့် ဖြန့်ဝေခြင်းတို့သည် မူဝါဒပိုင်းဆိုင်ရာဆုံးဖြတ်ချက်များ၌ ဆိုးရွားစွာသက်ရောက်စေပြီး ဖွံ့ဖြိုးမှုနည်းအဖွဲ့ဝင်နိုင်ငံများကို အန္တရာယ်ဖြစ်စေနိုင်

## ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့် နှစ်လယ်ညီလာခံ၌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်မိန့်ခွန်းပြောကြား



အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၈)ကြိမ်မြောက် ဝန်ကြီးအဆင့် နှစ်လယ်ညီလာခံသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်စဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူးမြို့၌ ၂၀၁၈ ခုနှစ် မေ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၈)ကြိမ်မြောက် ဝန်ကြီးအဆင့် နှစ်လယ်ညီလာခံသို့ ပါဝင်တက်ရောက်ခဲ့ပြီး "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံမှုမြှင့်တင်ရေး"ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြန်အလှန်ဆွေးနွေးမှုအစီအစဉ်တွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။

အဆိုပါ ဝန်ကြီးအဆင့် အစည်းအဝေးတွင် အဇာဘိုင်ဂျန်နိုင်ငံခြားရေးဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင် နိုင်ငံပေါင်း ၁၂၀၊ လေ့လာသူ ၁၇ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မိန့်ခွန်းပြောကြားရာတွင် ဘက်မလိုက်လှုပ်ရှားမှုအနေဖြင့် အဖွဲ့ကြီး၏ အခြေခံမူကြီးများနှင့် ရည်မှန်းချက်များ၊ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးကို လေးစားလိုက်နာရေး၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး၊ *စာမျက်နှာ ၈ ကော်လံ ၁* ❀

---

**ဆေးလာကုသူနှင့် အပေါင်းပါများက ဝိုင်းဝန်းထိုးကြိတ်၍ ဆေးရုံဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိ** စာ » ၁၂

**အမေရိကန်စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်နှင့် ဂျက်လေယာဉ်များ ပျက်ကျခဲ့ရာ လက်ရှိအချိန်အထိ သေဆုံးသူ စုစုပေါင်း ခုနစ်ဦးရှိပြီဖြစ်** စာ » ၁၄

---

# ခန္တီး - ဆင်သေ - လဟယ်လမ်းပေါ်ရှိ ချင်းတွင်းတံတား (ခန္တီး)ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီး - ဆင်သေ- လဟယ်လမ်းပေါ်ရှိ ချင်းတွင်းတံတား(ခန္တီး) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက အဆိုပါတံတားရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ယခင် ဒီတံတားကြီး မတည်ဆောက်ခင်က မော်တော်ယာဉ်များ *စာမျက်နှာ ၄ ကော်လံ ၁* ✻

---

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များ လှူဒါန်းသော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်




မောင်တောမြို့ ကိုင်းကြီး(မြို့) ကျေးရွာရှိ စာသင်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်သည့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တာဝန်ရှိသူများအား မြို့တိုင်းရင်းသားများက ကြိုဆိုကြစဉ်။ သတင်းစဉ်

**မောင်တော မေ ၆**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များ လှူဒါန်းသော ရခိုင်ပြည်နယ် မောင်တောမြို့ ကိုင်းကြီး(မြို့) ကျေးရွာရှိ စာသင်ကျောင်းဆောင်သစ်၊ ဆရာ ဆရာမများ နေအိမ်နှင့် ကွန်ကရစ်လမ်းခင်းလုပ်ငန်းများအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရခိုင်ပြည်နယ် မောင်တောမြို့ ကိုင်းကြီး (မြို့)ကျေးရွာ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက အဖွင့်စကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ❒



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္လာ၊ မေ ၇၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ထိရောက်ရေးနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း

ဆောင်းပါး - သူရဇော်
ဓာတ်ပုံ - အေးသန်း(သတင်းစဉ်)

**ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ပြုန်းတီးမှု၊ ပျက်စီးဆုံးရှုံးမှုနှင့် မသမာမှုများကို စစ်ဆေးဖော်ထုတ်ပြီး ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကို ပိုမိုထိရောက်မှုရှိရန် ပြင်ဆင်ခဲ့သည်ကတော့ ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေပင်ဖြစ်သည်။**

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေသည် အဓိကဖြစ်သည်။**

## ပြည်သူ့ဘဏ္ဍာ

"ပြည်ထောင်စုစာရင်းစစ်ချုပ်ကို ခန့်အပ်ရတဲ့ ရည်ရွယ်ချက်အနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၅ မှာ ယခင်က နိုင်ငံတော်၏ အရအသုံး စာရင်းများစစ်ဆေးရန်လို့သာ ပြဋ္ဌာန်းထားသော်လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ နိုင်ငံတော်၏ အရအသုံး စာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ စစ်ဆေးရန်လို့ ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါတယ်၊ မူလက ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ တာဝန် ၁၂ ရပ်သာ ရှိခဲ့ရာမှ ယခုအခါ တာဝန် ၂၇ ရပ် ရှိလာပြီဖြစ်ပါတယ်၊ အဓိကကတော့ ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ပြုန်းတီးမှု၊ ပျက်စီးဆုံးရှုံးမှုနဲ့ မသမာမှုတွေကို စစ်ဆေးဖော်ထုတ်ပြီး ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု ပိုမိုထိရောက်မှုရှိရန် ပြင်ဆင်ရခြင်းဖြစ်ပါတယ်"ဟု ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြောသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ကောင်းမွန်လာစေရေး၊ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ၂ ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို နိုင်ငံတကာစာရင်းစံများနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် စာရင်းပညာ ခေတ်မီတိုးတက်ရေး စသည့် မူဝါဒ ၃ ရပ်ကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

## ဥပဒေများပြင်ဆင်

ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေအပြင် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်ခဲ့ပြီး စတာတွေအတွက် မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ ၂၀၁၅ ကိုလည်း ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်"ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်က ဆိုသည်။

ထို့နောက် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေပါ ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများကို နိုင်ငံတကာစာရင်းအဖွဲ့အစည်းများ၏ အသုံးအနှုန်းများနှင့် ကိုက်ညီရေး၊ စာရင်းလုပ်ငန်းအမျိုးအစား ပိုမိုပြည့်စုံရေး၊ စာရင်းပညာဆိုင်ရာ အသက်မွေးဝမ်း ဥပဒေသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ၊ ယုံကြည်အပ်နှံမှုဥပဒေများမရှိသေးခင် ပြည်သူ့ကိုယ်စား ဆောင်ရွက်သည့် စာရင်းကိုင်များထံမှ အာမခံချက်ရအောင် ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ရှေးကျသည့်အတွက် ၂၀၁၇ ခုနှစ်က ပြန်လည်ရုပ်သိမ်းခဲ့သည်။

## ထပ်တိုးတာဝန်များ

တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်များ၏ တာဝန်ကိုလည်း မူလက ၅ ချက်မှ ယခု





ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့မှုဖြင့် အာဆီယံဆိုင်ရာ စာရင်းစစ်ချုပ်များ၏ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်ထိ ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ကောင်းမွန်လာစေရေး၊ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ ၂ ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကို နိုင်ငံတကာစာရင်းစံများနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် စာရင်းပညာ ခေတ်မီတိုးတက်ရေး စသည့်မူဝါဒ ၃ ရပ်ကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု ဥပဒေကို ရုပ်သိမ်းခဲ့ပါသည်။

"မြန်မာနိုင်ငံမှာ အရည်အချင်း ပြည့်ဝတဲ့ စာရင်းစစ်၊ စာရင်းကိုင်တွေ နည်းတဲ့အတွက် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (CPA) သင်တန်း တက်ရောက်ခွင့်ဝင်ပေါက်ကို တိုးချဲ့ဖို့အတွက် မြန်မာနိုင်ငံ စာရင်းကောင်စီကဖွင့်တဲ့ သင်တန်းတွေနဲ့ မလုံလောက်တော့ဘဲ ပုဂ္ဂလိကကျောင်းတွေ ဖွင့်ပေးဖို့၊ ပုဂ္ဂလိက ဆရာ ဆရာမတွေ မှတ်ပုံတင်ဖို့ စာရင်းစစ်တွေရဲ့ လုပ်ငန်းတွေ ပိုမိုကျယ်ပြန့်လာဖို့ ကျောင်း ပညာရပ်များ ပိုမိုတိုးတက်စေရေး၊ မြန်မာနိုင်ငံစာရင်းကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆိုင်ရာ ကော်မတီများသို့ လွှဲအပ်ဆောင်ရွက်နိုင်ရေး၊ ကိုယ်ပိုင်သင်တန်းကျောင်းနှင့် ဆရာများ မှတ်ပုံတင်ခွင့်ပြုရေး၊ အခြားသော တည်ဆဲဥပဒေများနှင့် လိုက်လျောညီထွေ ဖြစ်စေရေးစသည့် အချက်အလက်များပြည့်စုံရေးအတွက် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ထပ်မံပြင်ဆင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်က စစ်ဆေးစေလိုသည့် ကိစ္စရပ်များကို စစ်ဆေးရန်၊ ငွေရေးကြေးရေးကိစ္စ၊ စာချုပ်ကိစ္စ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်နေသော ကြွေးမြီ၊ အပ်ငွေ၊ ယာယီ စသည့် စာရင်းဆိုင်ရာ ရငွေ၊ ပေးငွေစာရင်းများ ကိစ္စ၊ ရရန် ပေးရန် ကြွေးများနှင့် ကုန်ပစ္စည်းများ စစ်ဆေးရန် စသဖြင့် အချက် ၁၁ ချက်အထိ ထပ်တိုးထားသည်ဟု ဆိုသည်။

*စာမျက်နှာ (ခ)သို့*




(၄) ကြိမ်မြောက် အာဆီယံ စာရင်းစစ်ချုပ်များ၏ ထိပ်သီးဆွေးနွေးပွဲကို လာအိုနိုင်ငံ ဗီယန်ကျင်း၌ ၆-၁၁-၂၀၁၇ ရက်က ကျင်းပစဉ်။

*အချပ်ပို (က)မှ*

ထို့ပြင် စာရင်းစစ်အရာရှိများ၏ တာဝန်များကိုလည်း ယခင်က ၄ ချက်မှ ယခု တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်နေသော ကြွေးမြီ၊ အပ်ငွေ၊ ယာယီစသည့် စာရင်းဆိုင်ရာ ရငွေ၊ ပေးငွေ စာရင်းများကို တာဝန်ရှိသူများမှ စနစ်တကျ ကြီးကြပ်ထိန်းသိမ်းကွပ်ကဲမှု ရှိ၊ မရှိ စစ်ဆေးရန်ဆိုသည့် အချက်တစ်ချက် ထပ်တိုးထားကြောင်း သိရသည်။

**ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည်** ယခင်က ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်းနှင့် လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ရာမှ **အစိုးရသစ်သက်တမ်းနှစ်နှစ်တာ ကာလအတွင်း** လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းကိုပါ တိုးချဲ့ဆောင်ရွက်လာခဲ့သည်။

နိုင်ငံတော်သမ္မတရုံး၏ တာဝန်ပေးချက်အရ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေစာရင်းများကိုလည်း ၂၀၁၇ ခုနှစ် ဇွန်လမှစတင်ပြီး စစ်ဆေးခဲ့သည်။ ထို့ပြင် ချေးငွေဖြင့် ဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးဌာန (၈)ခု ၏ ၂၀၁၅ -၂၀၁၆ နှင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်များအတွင်း ပြည်ပအဖွဲ့အစည်းများထံမှ ချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများကိုလည်း စစ်ဆေးပေးခဲ့သည်။

ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက် ညှိနှိုင်းတောင်းခံမှုများကိုလည်း ဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပေးခဲ့ပြီး ဝန်ကြီးဌာန ၁၈ ခုအတွက် ၂၀၁၆ - ၂၀၁၇ ခုနှစ်မှာ ၂၀၃ စောင်နှင့် ၂၀၁၇ - ၂၀၁၈ ခုနှစ်မှာ ၁၁၉ စောင် ပြန်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။

**မဟာဗျူဟာစီမံချက်**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် ပြည်သူ့အကျိုးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး၊ စာရင်းစစ်အစီရင်ခံစာများကို လွှတ်တော်သို့ အချိန်မီတင်ပြနိုင်ရေးတို့အတွက် ၂၀၁၈ -၂၀၂၂ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မဟာဗျူဟာ စီမံချက်ကို ရေးဆွဲလျက်ရှိသည်။

**"စာရင်းစစ်ဆေးခြင်း အရည်အသွေးအာမခံချက်ရှိဖို့၊ e-Government နဲ့ ပတ်သက်လို့ စီမံချက်အတိုင်း ဆောင်ရွက်ဖို့၊ နိုင်ငံတကာစာရင်းစစ် အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့၊ အခြားသက်ဆိုင်သူ(Stakeholder)များဖြစ်တဲ့ မြန်မာနိုင်ငံမှ အခြားစာရင်းကိုင်များ၊ အသင်းအဖွဲ့များနဲ့လည်း ဆက်သွယ်ဆောင်ရွက်ဖို့စတာတွေကို မဟာဗျူဟာစီမံချက်မှာ ထည့်သွင်းရေးဆွဲထား"**

"စာရင်းစစ်ဆေးခြင်း အရည်အသွေး အာမခံချက်ရှိဖို့၊ e-Government နဲ့ ပတ်သက်လို့ စီမံချက်အတိုင်း ဆောင်ရွက်ဖို့၊ နိုင်ငံတကာစာရင်းစစ်အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်ဖို့၊ အခြားသက်ဆိုင်သူ(Stakeholder)များဖြစ်တဲ့ မြန်မာနိုင်ငံမှ အခြားစာရင်းကိုင်များ၊ အသင်းအဖွဲ့များနဲ့လည်း ဆက်သွယ်ဆောင်ရွက်ဖို့ စတာတွေကို မဟာဗျူဟာစီမံချက်မှာ ထည့်သွင်းရေးဆွဲထားပါတယ်"ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်က ဆိုသည်။

နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုအတွက် ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး စီမံချက်အဖြစ် ကမ္ဘာ့ဘဏ်ချေးငွေ၊ အလှူရှင်များ၏ ထောက်ပံ့ငွေများဖြင့် ဌာနအဖွဲ့အစည်း ၇ ခုက ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် တစ်ခုအပါအဝင် ဖြစ်သည်။

**တုံ့ပြန်ဖြည့်ဆည်း**

"ချေးငွေ ၆၀ ရာခိုင်နှုန်း၊ ထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်းနဲ့ ရရှိတဲ့ရန်ပုံငွေကျပ် ၂ ဒသမ ၇၅ သန်းမှာရုံးအတွက် အထောက်အပံ့ပစ္စည်းတွေ၊ ကိရိယာတွေ၊ ဝယ်ယူပါတယ်၊ ဝန်ထမ်းတွေရဲ့အရည်အချင်းတိုးတက်ဖို့ကိုလည်း ဆောင်ရွက်ပါတယ်၊ ရုံးချုပ်အတွင်းနဲ့ ရုံးချုပ်က တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးတွေ ချိတ်ဆက်တဲ့အခါမှာ အချက်အလက်တွေ မျှဝေနိုင်ဖို့ Mini Data Centre ဒေတာစင်တာတစ်ခုကို ဝယ်ယူတည်ထောင်ခဲ့ပါတယ်၊ သတင်းအချက်အလက် ပို့ဆောင်မှုကောင်းမွန်မှ ပြည်သူရဲ့ အကျိုးစီးပွားဟာ ပိုပြီးတော့ တိုးတက်လာမှာ ဖြစ်ပါတယ်၊ သက်ဆိုင်ရာဌာနတွေကလည်း ပြည်သူရဲ့လိုအပ်ချက်ကို တုံ့ပြန်ဖြည့်ဆည်းတဲ့အခါမှာ ကောင်းမွန်မှာဖြစ်ပါတယ်"ဟု ဦးမော်သန်းက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံက ကျင့်သုံးနေသည့်စနစ်ကို နိုင်ငံတကာ စာရင်းစစ်စံများနှင့်အညီ ဆီလျော် ညီညွတ်အောင် ပြုပြင်ရေးများ ဆောင်ရွက်ခြင်း၊ စာရင်းစစ်ဆေးမှုအရည်အသွေး စွမ်းရည်ပြည့်ဝမှုနှင့် ထိရောက်မှုများကို ကျယ်ပြန့်စွာမြှင့်တင်ခြင်းတို့အပြင် ကွန်ပျူတာအကူအညီဖြင့် စစ်ဆေးသည့်နည်းပညာ (Computer Assisted Audit Technique) များ အသုံးပြု၍ စာရင်းစစ်ဆေးမှုအဆင့်အတန်းတိုးမြှင့် ဆောင်ရွက်ခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

*အချပ်ပို(ဂ)သို့*




၁၇-၁-၂၀၁၈ ရက်က နေပြည်တော်၌ ဖွင့်လှစ်သည့် ရသုံးငွေစာရင်းဆိုင်ရာသင်တန်းတွင် တက်ရောက်ကြသည့် စာရင်းစစ်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*အချပ်ပို(ခ)မှ*

“နိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ ASEAN Federation of Accountants (AFA)၊ ADB လို့ခေါ်တဲ့ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ နော်ဝေစာရင်းစစ်ချုပ်ရုံး စတာတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်၊ ADB နဲ့ ပူးပေါင်းပြီး နိုင်ငံတကာစာရင်းစစ်စံ (ISSAI)ကို အခြေပြုရေးဆွဲထားတဲ့ Financial Audit Manual မှာ ပါဝင်တဲ့ အချက်များနှင့်အညီ စစ်ဆေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်၊ လူမွဲခံယူခြင်းဥပဒေ (Insolvency Act) ပြင်ဆင်ရေးအတွက် ADB၊ မြန်မာနိုင်ငံစာရင်းကောင်စီတို့နဲ့လည်း ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

**အစီရင်ခံစာ**

ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ အကူအညီဖြင့် မြန်မာနိုင်ငံရှိ အများပြည်သူ အကျိုးစီးပွားပါဝင်သော အဖွဲ့အစည်းများ၏ စာရင်းနှင့် စာရင်းစစ်စံများ၊ ကျင့်ထုံးများနှင့် ကော်ပိုရိတ်ဘဏ္ဍာရေး အစီရင်ခံမှုစနစ်ကို ပံ့ပိုးပေးနိုင်သည့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များအား အလေးထားဖော်ပြထားသော Report on Observance of Standards and Codes (ROSC) စံချိန်စံညွှန်းများနှင့် ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများ လိုက်နာခြင်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ (စာရင်းနှင့် စာရင်းစစ်ကဏ္ဍ A&A) ကို ၂၀၁၇ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းတို့ ပူးပေါင်းပြီး ထုတ်ပြန်ထားသည့် အကြံပြုချက်များ ဆောင်ရွက်ရန် ဖြစ်ပါသည်။


ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းကို တွေ့ရစဉ်။


စာရင်းစစ်ဝန်ထမ်းများ ဌာနဆိုင်ရာစာရင်းစစ် ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

“နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍ လိုအပ်ချက်တွေအပေါ် သူတို့ရဲ့ အကြံပြုချက်တွေဟာ ငွေကုန် ကြေးကျခံပြီး ဆောင်ရွက်ထားတာကြောင့် ကျွန်တော်တို့အနေနဲ့ မေ့လျော့ထားလို့ မဖြစ်ပါဘူး၊ အဲဒီအကြံပြုချက်တွေကို လိုက်နာဆောင်ရွက်ဖို့ လုပ်ငန်းစီမံချက်ရေးဆွဲပြီး ကြီးကြပ်ကော်မတီဖွဲ့စည်းဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်” ဟု ဦးမော်သန်းက ဆိုသည်။

ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ ကိုယ်စားလှယ်များ ပူးပေါင်းပြီး ငွေရေးကြေးရေးကဏ္ဍရှိ ဘဏ္ဍာရေးအစီရင်ခံမှုဖွံ့ဖြိုးစေရေးအတွက် ဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာစာရင်းစံများနှင့်အညီ ပြုစုရေးဆွဲရန် ရှေ့ပြေး ပုဂ္ဂလိကဘဏ် သုံးခုကို ရွေးချယ်ပြီး ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

“နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းစံများ(IFRS)ကို ဘယ်အတိုင်းအတာထိ လိုက်နာနေတယ် ဆိုတာကို စမ်းသပ်နေတာဖြစ်ပါတယ်၊ Pilot Banks သုံးခုအပြင် ကျန်တဲ့ငွေရေးကြေးရေးကဏ္ဍ၊ ငွေရေးကြေးရေး အဖွဲ့အစည်းတွေအားလုံးက လိုက်နာဆောင်ရွက်ရန် ဖြစ်ပါတယ်” ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်က ဆိုသည်။

မြန်မာနိုင်ငံရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ သတ္တုကဏ္ဍ စစ်ဆေးခြင်းများကို ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ စစ်ဆေးခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ပြုလုပ်ပေးရန် ရည်ရွယ်လျက် နော်ဝေစာရင်းစစ်ချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် ၂၀၁၆ ခုနှစ်တွင် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးထားကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ သိရသည်။

“လိုက်နာဆောင်ရွက်မှု စစ်ဆေးခြင်း (Compliance Audit) နဲ့ပတ်သက်လို့ နိုင်ငံတကာစာရင်းစစ်စံ(ISSAI)နဲ့အညီ ဆောင်ရွက်ဖို့ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး စမ်းသပ်လုပ်ဆောင်နေပါတယ်၊ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း (Performance Audit) အတွက် နော်ဝေနိုင်ငံရဲ့ အတွေ့အကြုံတွေကို သိရှိနိုင်အောင် အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပပေးနေပါတယ်၊ Audit Management System (AMS) စနစ် တစ်ခု အကောင်အထည်ဖော်နိုင်ရေးအတွက် နော်ဝေနဲ့ ပူးပေါင်းပြီး Audit Management System Workshop ကို ကျင်းပခဲ့ရာမှာ Audit Process Mapping ရေးဆွဲခြင်းနဲ့ Audit Flow ရေးဆွဲခြင်းတို့ကို အပြန်အလှန်ဆွေးနွေး ဆောင်ရွက်ခဲ့ကြပါတယ်”ဟု ဦးမော်သန်းက ပြောသည်။

မြန်မာနိုင်ငံ စာရင်းကောင်စီ (MAC)တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ပုဂ္ဂလိကကဏ္ဍရှိ စာရင်းလုပ်ငန်းလုပ်ကိုင်သူများကို ကြီးကြပ်လမ်းညွှန် အကြံပေးလျက်ရှိသည်။ စာရင်းစစ်နှင့် စာရင်းကိုင်များ ဖွံ့ဖြိုးတိုးတက်လာရန် ဒီပလိုမာစာရင်းကိုင်(DA) သင်တန်းနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (CPA) သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အရည်အချင်းပြည့်ဝသည့် စာရင်းပညာရှင်များ ၁၂၀၉ ဦးသာရှိပြီး သင်တန်းဝင်ပေါက်ကို တိုးချဲ့ပေးသည့်အတွက် တိုးလာမည့် သင်တန်းသားများအတွက် ပုဂ္ဂလိကကျောင်းများကို ဖွင့်လှစ်ခွင့်ပေးလျက်ရှိသည်။ အဆိုပါကျောင်းများရှိ သင်ကြားပေးမည့် ကထိကဆရာများကိုလည်း အရည်အချင်းစိစစ်ပြီး ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

*အချပ်ပို(ဃ)သို့*

**“နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍ လိုအပ်ချက်တွေအပေါ် သူတို့ရဲ့ အကြံပြုချက်တွေဟာ ငွေကုန်ကြေးကျခံပြီး ဆောင်ရွက်ထားတာကြောင့် ကျွန်တော်တို့အနေနဲ့ မေ့လျော့ထားလို့ မဖြစ်ပါဘူး၊ အဲဒီအကြံပြုချက်တွေကို လိုက်နာဆောင်ရွက်ဖို့ လုပ်ငန်းစီမံချက် ရေးဆွဲပြီး ကြီးကြပ်ကော်မတီ ဖွဲ့စည်းဆောင်ရွက်သွားဖို့ စီစဉ်နေ”**


နော်ဝေနိုင်ငံမှ ပညာရှင်များ၏ အကူအညီဖြင့် စာရင်းစစ်ဝန်ထမ်းများ အရည်အချင်းတိုးတက်ရန် စာရင်းစစ်စီမံခန့်ခွဲမှုစနစ် သင်တန်းကို နေပြည်တော်၌ ၂၀၁၈ မတ်လက ဖွင့်လှစ်ခဲ့စဉ်။



စာရင်းစစ်ဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုတိုးတက်လာစေရန် ပြည်ပပညာရှင်များ ဖိတ်ခေါ်၍ ဟောပြောပို့ချမှုပြုလုပ်ပေးစဉ်။

**“ဝန်ထမ်းများ၏ အရည်အချင်း တိုးတက်ရန် လုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းများကို ဖွင့်လှစ်ပေးနေသည့် အပြင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေ၏ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးရန် အဓိက လိုအပ် ချက်ဖြစ်သည့် စီမံကိန်းများ၊ လူ့စွမ်းအားအရင်းအမြစ် စီမံ ခန့်ခွဲမှုနှင့် နိုင်ငံပိုင်ပစ္စည်းများ လစ်ဟင်းမှုမရှိအောင် စစ်ဆေး နိုင်ရန်အတွက် လူ့စွမ်းအားအရင်း အမြစ် စီမံခန့်ခွဲမှု၊ စီမံကိန်း စီမံခန့်ခွဲမှုနှင့် ရရန်ပိုင်ခွင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ ကိုလည်း ဖွင့်လှစ်သွားရန် စီစဉ် လျက်ရှိ”**

*အချပ်ပို(ဂ)မှ*

“စာရင်းနဲ့ စာရင်းစစ် စံတွေမှာ ပုဂ္ဂလိကကဏ္ဍနဲ့ နိုင်ငံပိုင်ကဏ္ဍ စံများဆိုပြီး ရှိပါတယ်၊ ပုဂ္ဂလိကကဏ္ဍမှာ နိုင်ငံတကာစံဖြစ်တဲ့ နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်းစံများ(IFRS)ကို ၂၀၁၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံခြင်းစံများ (MFRS)ဆိုပြီး ထုတ်ပြန်ခဲ့ပါတယ်၊ ဒီစံတွေကလည်း အစဉ်အမြဲ ပြောင်းလဲနေပါတယ်၊ အပြောင်းအလဲနဲ့ တစ်ပြေးညီရှိလာအောင် မြန်မာနိုင်ငံစာရင်းကောင်စီနဲ့ IFRS Foundation Corporation တို့ သဘောတူစာချုပ်ချုပ်ဆိုပြီး Open License Agreement ပြုလုပ်ထားပါတယ်၊ သူတို့ လုပ်ထားတာကို ဘာမှပြောင်းလဲမှု မရှိဘဲနဲ့ ကျွန်တော်တို့က အမြဲတမ်းလိုက်ပါဆောင်ရွက်နိုင်တဲ့ ပုံစံမျိုး ဖြစ်ပါတယ်၊ ဒါအတွက်လည်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်” ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်က ဆိုသည်။

နိုင်ငံတော်အစိုးရမှ အစုရှယ်ယာများ ထည့်ဝင်ထားသော ကုမ္ပဏီတစ်ခု၏ အထွေထွေအစည်းအဝေးက စာရင်းစစ်ခန့်အပ်ရန် ဆုံးဖြတ်ချက်အပေါ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုစာရင်းစစ်ချုပ်ထံ သဘောထားမှတ်ချက်တောင်းခံခြင်းအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက သဘောထားပြန်ကြားပေးလျက်ရှိသည်။

**ပြန်လည်စစ်ပိုင်ခွင့်**

ထိုသို့ ဆောင်ရွက်ရာတွင် “အစိုးရကနေ အစုရှယ်ယာပါတဲ့ ကုမ္ပဏီတွေဆိုရင် ပြင်ပစာရင်းစစ်တွေကို လုပ်ပိုင်ခွင့်ပေးထားပါတယ်၊ ကျွန်တော်တို့က ဘယ်လိုစစ်သင့်တယ်ဆိုတဲ့ အကြံပြုချက်တွေလည်း ပေးနိုင်ပါတယ်၊ အထူးသဖြင့် အခွန်ဘဏ္ဍာကောက်ခံရာမှာ လုံလောက်မှု မရှိဟုယူဆပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနဲ့အညီ ပြန်လည်စစ်ပိုင်ခွင့်ရှိပါတယ်” ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်ထံမှ သိရသည်။

ထို့ပြင် နိုင်ငံခြားသား စာရင်းပညာရှင်များသည် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေနှင့်အညီ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက မြန်မာနိုင်ငံမှာ စာရင်းလုပ်ငန်းလုပ်ကိုင်ရန် လျှောက်ထားနိုင်သည့်အပြင် အာဆီယံနိုင်ငံများအတွင်း ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်များ(MRA)အရ အခြားအာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံမှ စာရင်းပညာရှင်များသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဥပဒေနှင့်အညီ စာရင်းစစ်ခြင်း (Statutory Audit) မဟုတ်သော ဝန်ဆောင်မှုလုပ်ငန်းများကိုသာ ခွင့်ပြုထားသည်။

တိုးတက်များပြားလာသည့် စာရင်းစစ်ကဏ္ဍ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ကမ္ဘာ့ဘဏ်၏ ကူညီထောက်ပံ့ငွေဖြင့် နိုင်ငံတကာ နိုင်ငံပိုင်ကဏ္ဍ စာရင်းစံသင်တန်း ဖွင့်လှစ်ခဲ့ပြီး ဌာနတွင်းသာမက အခြားဝန်ကြီးဌာနများမှ စာရင်းပိုင်းဆိုင်ရာ ဝန်ထမ်းများကိုပါ တက်ရောက်စေခဲ့သည်။



စာရင်းစစ်ဝန်ထမ်းများ လုပ်ငန်းခွင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အလားတူ ဝန်ထမ်းများ၏ အရည်အချင်း တိုးတက်ရန် လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများကို ဖွင့်လှစ်ပေးနေသည့်အပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၏ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးရန် အဓိကလိုအပ်ချက်ဖြစ်သည့် စီမံကိန်းများ၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုနှင့် နိုင်ငံပိုင်ပစ္စည်းများ လစ်ဟင်းမှုမရှိအောင် စစ်ဆေးနိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု၊ စီမံကိန်းစီမံခန့်ခွဲမှုနှင့် ရရန်ပိုင်ခွင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများကိုလည်း ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော် စတင်တာဝန်ထမ်းဆောင်ကတည်းက နိုင်ငံပိုင်ကဏ္ဍမှာ Cash Basis ကနေ Accrual Basis သို့ ပြောင်းလဲတဲ့ IPSAS ကို ကျင့်သုံးဖို့ လုပ်ငန်းစဉ်ချထားပါတယ်၊ အဖွဲ့အစည်းတွေဆီက ဘဏ္ဍာရေးရှင်းတမ်းတွေတောင်းထားပြီး စိစစ်နေဆဲလုပ်ကိုင်ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်၊ Accrual Basis မှာပင်လျှင် အင်မတန်အဆင့်မြင့်တဲ့ Accrual Basis ဖြစ်ပါတယ်၊ တစ်နည်းအားဖြင့် Infrastructure Asset လို့ခေါ်တဲ့ လမ်းတွေ၊ တံတားတွေ၊ ဆိပ်ကမ်းတွေ၊ ရှေးဟောင်းအမွေအနှစ်ပစ္စည်းတွေထိအောင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာမှာ ဖြစ်ပါတယ်၊ နိုင်ငံတကာ အတွေ့အကြုံ အရဆိုရင်တော့ IPSAS သို့ ပြောင်းလဲရာမှာ ၁၀ နှစ်လောက် ကြာတယ်လို့ သိခဲ့ရပါတယ်။

“စာရင်းနှင့်စာရင်းစစ်ပြပွဲ (A & A Fair) လုပ်ခဲ့သလိုပဲ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ MAC ၊ MICPA နဲ့ ဝါဏိဇ္ဇတွဲ့ရှုများအသင်းတို့ ပူးပေါင်းပါဝင်ပြီး ဒီနှစ် အောက်တိုဘာလလောက်မှာ Commerce Fair ဆိုပြီး ပွဲတော်တစ်ခုလုပ်ဖို့ အစီအစဉ်ရှိပါတယ်၊ နိုင်ငံတကာသို့လည်း စာရင်းနှင့် စာရင်းစစ်ဆိုင်ရာ အစည်းအဝေး၊ ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများသို့ အရာထမ်း၊ အမှုထမ်းတွေကို စဉ်ဆက်မပြတ် စေလွှတ်နေပါတယ်၊ အငြိမ်းစားယူမယ့် ဝန်ထမ်းတွေရဲ့နေရာမှာ အရည်အချင်းပြည့်ဝတဲ့ ဝန်ထမ်းတွေနဲ့ အစားထိုးနိုင်ဖို့ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်” ဟု ပြည်ထောင်စုစာရင်းစစ်ချုပ်က ဆိုသည်။



ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်ရုံးများ ချိတ်ဆက်၍အချက်အလက်များ မျှဝေနိုင်သည့် Mini Data Centre ကို တွေ့ရစဉ်။